www.burmeseclassic.com

BURMESE CLASSIC .com

# ဒယဝယ

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ဗိုမိဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ညနေ

ခ ယ ဝ ယ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၉၊ စကားဝါလမ်း၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၂၀၀၀ ကျပ် |

လူနေ
ခယဝယ / လူနေ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၆၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ခယဝယ


BURMESE CLASSIC .com

လွန်ခဲ့တဲ့ တစ်နှစ်ခန့်က
ရေးသားခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။
အကြောင်းအမျိုးမျိုးကြောင့်
စာအုပ်အဖြစ် မထွက်ရှိနိုင်ဘဲ
ယခုမှသာ အနည်းငယ်ပြန်ပြင်ရေးသားပြီး
ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။
မည်သူတစ်ဦးတစ်ယောက်ကိုမှ
ထိခိုက်စေလိုသော ရည်ရွယ်ချက်မရှိပါ. . .။

www.burmeseclassic.com

www.burmeseclassic.com

(၁)

အိမ်ကလေးအတွင်း၌ တိတ်ဆိတ်နေသည်။ အဘိုးကြီး တစ်ယောက်၏ ချောင်းဆိုးသံမှတစ်ပါး တစ်အိမ်လုံး ငြိမ်သက်နေသည်။

ချောင်းတဟွတ်ဟွတ်ဆိုးကာ အိပ်ရာထဲ လဲနေသော အဘိုးကြီး၏ ဘေးတွင် အဘွားကြီးတစ်ယောက်လည်း ထိုင်နေ၏။

အဘွားကြီးက အဘိုးကြီးကို ကြည့်ကာ သက်ပြင်း ခဏခဏ ချနေရသည်။ တစ်အိမ်လုံးတွင် အဘိုးကြီးနဲ့ အဘွားကြီး နှစ်ယောက် ထဲသာရှိ၏။

"အဟွတ်. . . အဟွတ်"

အဘွားကြီးက အနီးအနားရှိ ရေကိုယူကာ အဘိုးကြီးကို တိုက်လိုက်သောကြောင့် အဘိုးကြီးမှာ ပြန်ငြိမ်သွားပြီး ခဏအကြာတွင် အိပ်ပျော် သွားလေ၏။ သက်ပြင်းချလိုက်သည်။



မရည်ရွယ်ပဲနဲ့ ပါးပြင်က မျက်ရည်များကျလာ၏။ အဘိုးကြီး နိုးလာရင် မြင်သွားမှာစိုးသောကြောင့် မျက်ရည်များကို ကမန်းကတန်း သုတ်လိုက်၏။

ဘေးအိမ်က ရေဒီယိုဖွင့်သံကို ကြားလိုက်ရသည်။ မိမိဘဝကို တွေးရင်း ငိုချင်စိတ်ကို ဖျောက်ဖျက်ကာ တစ်ဖက်အိမ်က ရေဒီယိုမှ လာတဲ့အသံများကိုသာ နားစွင့်နေမိသည်။

"နိုင်ငံတော်သမ္မတအား ရွေးချယ်တင်မြှောက်ခြင်း"

"အဟွတ်. . . အဟွတ်"

အဘိုးကြီး၏ ချောင်းဆိုးသံကြောင့် စိုးရိမ်သွားပြီး ရင်ဘတ်ကို ဖိပေးထားလိုက်သည်။

ခဏအကြာတွင် ပြန်ငြိမ်သွား၏။

"လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတအား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ထိုသို့ ရွေးချယ်တင်မြှောက်ခဲ့ရာတွင်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ရေဒီယိုက တဂျစ်ဂျစ်နဲ့ အသံမြည်နေသော်လည်း ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းကြားရသည်။ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်သည့် သတင်းကို ကြေညာနေခြင်း ဖြစ်သည်။ မနေ့ကလည်း တစ်ခေါက်လွှင့်သွားတာကို ကြားရပြီးဖြစ်သည်။ ရေဒီယိုအသံက တိုးသွားသည်။

ဘာကြောင့်မှန်းမသိ သဲသဲကွဲကွဲ မကြားရတော့ချေ။

"........................................................................................................................"

အိပ်ချင်လာသည်။ နေ့ခင်းက ပင်ပန်းထားသောကြောင့် တစ်ကိုယ်လုံးလည်း ကိုက်ခဲနေသည်။

မှေးခနဲ ဖြစ်သွားသည်။ အဘိုးကြီးရဲ့ ဟောက်သံတိုးတိုးလေးကို ကြားနေရသည်။ အဘိုးကြီးမျက်နှာကိုကြည့်ပြီး သူ့ရင်ထဲမှာ ပိုပြီး ဝမ်းနည်းသွားရသည်။

ပိန်ချုံးနေသောမျက်နှာနှင့် အသားအရေတို့က အရင်တုန်းကလောက် မလန်းဆန်းတော့။

ဒါပေမယ့် သူ့ရင်ထဲမှာ အဘိုးကြီးကို ချစ်နေဆဲဖြစ်သည်။ စိုးရိမ်ဆဲ၊ ကြင်နာယုယချင်ဆဲပဲ ဖြစ်သည်။

ဘေးနားက အိမ်မှ ရေဒီယိုပိတ်သံ ကြားလိုက်ရသည်။ သမ္မတကြီးမိန့်ခွန်းပြီးသွားပြီ ထင်သည်။

ထိုင်နေရာမှ ကုန်းရုန်းထလိုက်သည်။ အဘိုးကြီး နိုးမှာ



စိုးသောကြောင့် ဖွဖွကလေး ထလိုက်ရသောကြောင့် ခြေထောက်က နည်းနည်းနာသွားသည်။

ငယ်ငယ်တုန်းကလို မဟုတ်သောကြောင့် အရာရာက မသွက်လက်ချင်တော့။ မနက်ဖြန်ရောင်းရန်အတွက် ပြုတ်ထားသော ပဲပြုတ်အိုးကို ချပြီး မီးကြွင်းမီးကျန်များကို ငြိမ်းလိုက်သည်။

မနက်စောစောကြီးထပြီး နည်းနည်းထပ်နွေးရဦးမည်။ အဘိုးကြီး အိပ်နေသော နေရာသို့ ခပ်ဖွဖွလေး လျှောက်ရင်း ထိုင်ချလိုက်သည်။

ခုနက အိပ်ချင်နေသော စိတ်များပျောက်သွားပြီး မျက်လုံးများ ကြောင်နေသည်။ မီးခွက်က မီးစာကို အနည်းငယ် မြှင့်လိုက်၏။

ခုနကထက် အိမ်က ပိုလင်းသွားသည်။ ခပ်လှမ်းလှမ်းက သတင်းစာများကိုကြည့်ရင်း မနက်ဖြန် ပဲပြုတ်ထည့်ပေးဖို့ စာရွက်များ မဖြုရသေးတာကို သတိရသွားသည်။

ထို့ကြောင့် ခပ်လှမ်းလှမ်းရှိ သဝင်းစာများကို လှမ်းယူလိုက်ရင်း ဖြဲနေကျ (ပဲပြုတ်ထည့်နေကျ)စာရွက်အချိုးအတိုင်းရရန် ခေါက်လိုက်သည်။

သတင်းစာများထဲတွင် (သမ္မတခန့်အပ်သည့်) သတင်းများသာ ပါနေ၏။ ဈေးထဲက ကုန်စိမ်းသည် မိလှဆီက ဈေးရောင်းပါးချိန် စာလေးနည်းနည်း သင်ထားသောကြောင့် အနည်းငယ်နေတတ်၊ ဖတ်တတ်နေတာကိုပဲ ကျေးဇူးတင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာထဲက ကြော်ငြာအချို့ကိုလည်း စာလုံးပေါင်း ဖတ်ကြည့်မိသည်။ မနေ့က ဖတ်ခဲ့သည့် ကြော်ငြာနှင့် ဆင်တူသည်။

ခဏကြာသောအခါ ပဲပြုတ်ထည့်ရန် တော်တော်များများ ရလာသောကြောင့် ကျန်သည့်သတင်းစာများကို ဖယ်ထားလိုက်သည်။

ထိုသတင်းစာများထဲက စာရွက်အလွတ် သုံးလေးရွက် ထွက်ကျလာသောကြောင့် သပ်သပ်ဖယ်ထားလိုက်သည်။

အဘိုးကြီးကိုလည်း တစ်ချက်ကြည့်ရသေးသည်။ သူ ရေများဆာနေမလား။ အိပ်ပါစေ နိုးလာတော့မှ တိုက်တာပေါ့။

ပြုတ်ပြီးသားစဏ္ဍုများကို တောင်းပေါ်တင်လိုက်သည်။ ပိုနေသော သတင်းစာများကိုတော့ နောက်တစ်နေ့အတွက် ဖယ်ထားလိုက်သည်။

ထို့နောက် အဘိုးကြီးဘေးနားတွင် အိပ်ရန်အတွက် ဝင်လှဲလိုက်သည်။ သို့သော် အိပ်လို့မရသေးပဲ ဟိုလှိမ့်ဒီလှိမ့် ဖြစ်နေသည်။

အဘိုးကြီးနိုးလာမှာ စိုးသောကြောင့် ဖြည်းဖြည်းသာသာလေး လူးလှိမ့်နေရသည်။ ပြန်ထထိုင်လိုက်၏။

အချိန်က ဆယ်နာရီလောက် ရှိရောပေါ့။ သူ့အိမ်မှာ နာရီမရှိသောကြောင့် အချိန်ကိုတော့ အတိအကျ မသိချေ။

မီးခွက်မီးကတော့ တောက်လောင်နေဆဲဖြစ်သည်။

မီးခွက်ကို ကြည့်ရင်း စိတ်ထဲမှာလည်း အတွေးများဖြင့်



ရှုပ်ထွေးနေသည်။ လက်က အိပ်ရာဘေးရှိ တစ်ခုခုကို သွားဖိမိသည်။ ညနေက ဈေးနားမှာ ကောက်ရသော ခဲတံလေးတစ်ချောင်း ဖြစ်သည်။

လက်ထဲတွင် ကိုင်ထားရင်း ရှေ့ရှိ မသိမ်းရသေးသော စာရွက်အလွတ်များကို ကြည့်နေမိသည်။

တွေဝေနေမိသည်။

စကားပြောဖော်မရှိပဲ ညနေတိုင်း ဖြတ်သန်းရသော မိမိဘဝကို ဝမ်းနည်းလာသည်။ အဘိုးကြီးကတော့ ဒါတွေ သိနိုင်မှာ မဟုတ်ပါဘူး။

အေးလေ. . . သူလည်း ငါ့လို စိတ်ဆင်းရဲနေမှာပေါ့။ တွေးရင်းနဲ့ပဲ ခန္ဓာကိုယ်ကို ကြမ်းပြင်သို့ ငုံ့လိုက်ကာ ရှေ့ရှိ စာရွက်ကို လှမ်းယူလိုက်သည်။

လေတစ်ချက်တိုက်သောကြောင့် သူ့ရှေ့သို့ သတင်းစာတချို့ လွင့်လာသည်။ သမ္မတကြီးပုံပါသော သတင်းစာရှေ့မျက်နှာဖုံးက သူ့ရှေ့တွင် အထင်းသားကြီး ဖြစ်နေ၏။

ဘာရယ်မဟုတ် သူတို့လင်မယားနှစ်ယောက်အဖြစ်ကို တွေးရင်း မျက်ရည်ကျမိ၏။ သတင်းစာရှိ ပုံတစ်ပုံပေါ်သို့ မျက်ရည်များ ကျသွား၏။

လက်ဖြင့် ကမန်းကတန်း သုတ်လိုက်သည်။

အခုအချိန်မှာ သူတို့ရဲ့ အဖြစ်အပျက်လေးတစ်ခုကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူက နားထောင်ချင်ပါ့မလဲ။

နားထောင်ပါကလည်း ဘယ်သူက ယုံမှာလဲ။

သတင်းစာများကို နေရာတကျ ပြန်ထားလိုက်ပြီး ရှေ့ရှိ စာရွက်လွတ်ကိုယူကာ လက်ထဲရှိ ခဲတံလေးဖြင့် စာအချို့ကို ဖြည်းဖြည်းချင်း တစ်လုံးချင်း ချရေးနေမိသည်။

သို့

သမ္မတကြီး. . .

အဘိုးကြီးရဲ့ ချောင်းဆိုးသံကြောင့် တစ်ချက်လှည့်ကြည့်လိုက်ပြီး ငြိမ်သွားသောအခါတွင် သူ့စာကို ဆက်ရေးနေမိသည်။

■

BURMESE CLASSIC .com

(၂)

"အဘွားရေ. . . အဘွားရေ"

လူတစ်ဦးသည် ချည့်နဲ့နဲ့ အိမ်ကလေးအပြင်ကနေ အတွင်းသို့ လှမ်းအော်နေ၏။ ထိုသူသည် အထဲက ထူးသံမကြားသောကြောင့် နောက်တစ်ခေါက် ထပ်အော်ပြန်သည်။

"အဘွားရေ. . . အဘွား၊ ပဲပြုတ် လိုချင်လို့"

မည်သို့မျှ ပြန်ထူးသံမကြားရသည့်အဆုံး ဟစိဟစိ ဖြစ်နေသည့် တံခါးလေးကို တွန်းလိုက်လေသည်။

တံခါးမှာ တဂျစ်ဂျစ်ဖြင့် ပွင့်သွားပြီး ကြမ်းပြင်တွင် တစ်ခုခုဖြင့် သွားညှိနေသောကြောင့် အပြည့်မပွင့်ပဲ ရှိနေသည်။

"အဘွားရေ. . . အဘွား"

ပြန်ထူးသံ မကြားရသောကြောင့် ဈေးများသွားပြီလားဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အတွေးဝင်သွားသည်။

နေ့စဉ်နေ့တိုင်း ဒီအချိန် ပဲပြုတ်လာဝယ်နေကျ ဖြစ်သောကြောင့် မသွားလောက်သေးပါဘူးဟု စိတ်ထဲ တွက်နေမိသည်။

အိမ်အဝင်အဝတွင် ဖိနပ်အစုပ်ကလေးနှစ်ရံ တွေ့ခြင်းကလည်း အဘွားကြီးနှင့် အဘိုးကြီးတို့ အိမ်ထဲတွင် ရှိရမည်ဟု တွေးလိုက်ကာ အိမ်ပေါ်ကို တက်လိုက်၏။

"အဘွား. . . အဘွား"

ပါးစပ်ကလည်း အော်ခေါ်ရင်း အိမ်အပေါ်သို့ တက်လိုက်သည်။

■

(၃)

"ဟင်"

တွေ့လိုက်ရသော မြင်ကွင်းကြောင့် တုန်လှုပ်သွားလေသည်။

အဘိုးကြီးသည် ဖျာပေါ်တွင် လှဲလျောင်းအိပ်ပျော်နေပုံ ဖြစ်နေပြီး အဘွားကြီးကတော့ စာရွက်တစ်ရွက်နှင့် ခဲတံကို လက်ထဲတွင် ကိုင်ကာ ခွေခွေလေး ဖြစ်နေသည်။

အနားသို့ တိုးသွားလိုက်သည်။

အိပ်ပျော်နေတာလား မသိ. . .။

"အဘွား. . . အဘွား"

အဘွားကြီးရဲ့ ကိုယ်ကိုကိုင်ပြီး လှုပ်နှိုးလိုက်သည်။

"အမယ်လေး"

လန့်ပြီး အနောက်သို့ ဆုတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုသော် အဘွားကြီးရဲ့ ခန္ဓာကိုယ်မှာ အေးစက်နေသောကြောင့် ဖြစ်နေသည်။

အဘိုးကြီး. . . အဘိုးကြီးရော. . .။ ထိုလူမှာ အားတင်းကာ ပြန်ထပြီးနောက် အဘွားကြီးကိုကျော်ကာ အဘိုးကြီးလက်ကို လှမ်းကိုင်လိုက်၏။

"သေ. . . သေနေပြီပဲ"

အဘိုးကြီးရော အဘွားကြီးပါ သေဆုံးနေကြပြီ ဖြစ်သည်။ ထိုသူသည် ချက်ချင်းဆိုသလိုပင် အိမ်အပြင်ထွက်ကာ အိမ်နီးချင်းများကို လှမ်းအော်ခေါ်လေ၏။

မကြာမီအချိန်တွင် အိမ်နီးချင်းများရောက်လာကာ ကြည့်ရှုပြီးနောက် သက်ဆိုင်ရာသို့ အကြောင်းကြားလေသည်။

အဘိုးကြီးနဲ့ အဘွားကြီးမှာ ညတုန်းက သေဆုံးပုံရသည်ဟု အားလုံးက ခန့်မှန်းပြောကြားကြလေသည်။

ညနေ နေမဝင်ခင် ဘေးအိမ်က ဒေါ်သန်းလှက သူနှင့် စကားပြောခဲ့သေးကြောင်း ပြောဆိုနေလေသည်။

အဘိုးကြီးနှင့် အဘွားကြီးမှာ သားထောက်သမီးခံ မရှိဟု အားလုံးက သိထားကြသည်။

ရပ်ကွက်ထဲကို ပြောင်းလာတာလည်း သိပ်မကြာသေးပေ။ အဘွားကြီးကတော့ ဈေးထဲတွင် ပဲပြုတ်ရောင်းပြီး အဘိုးကြီးကတော့ ကျန်းမာရေး မကောင်းသောကြောင့် အိမ်ထဲမှာပင် လှဲနေရတာ



အတော်ကြာပြီဟု သိရသည်။

ခဏအကြာတွင် သက်ဆိုင်ရာမှ ရောက်လာကြပြီး အဘိုးကြီးအလောင်းနှင့် အဘွားကြီးအလောင်းကို သယ်ယူသွားကြလေသည်။

အဘွားကြီးလက်ရှိထဲ ဆုပ်ကိုင်ထားသော စာရွက်ကိုတော့ အလောင်းသယ်သူက အဘွားကြီးလက်ထဲမှ ယူလိုက်ပြီး ဖတ်ကြည့်မလို့ ပြင်စဉ်မှာပင် အခြားလူတစ်ဦးက လှမ်းခေါ်လိုက်သောကြောင့် မဖတ်ဖြစ်တော့ပဲ တစ်ဖက်သို့ ချထားလိုက်လေသည်။

ထို့နောက် ထိုသူလည်း အလောင်းသယ်၊ ဘာသယ်နှင့် ထိုစာကို မေ့သွားလေသည်။

ပြီးနောက် အလောင်းတွေ့သူ အသက် (၄၈)၊ ကလေး နှစ်ယောက်အဖေဖြစ်သူ အိမ်နီးနားချင်း ဦးဘဆွေကို အနည်းငယ် မေးမြန်းပြီး မှတ်တမ်းတင်ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



ထို့စဉ် အိမ်ထဲသို့ လေတစ်ချက် ဝှေ့သွားသောကြောင့် အိမ်ထောင့်နားရှိ စာရွက်လေးတစ်ရွက် လေပေါ် မြောက်တက်သွားတာကို ဦးဘဆွေ လှမ်းမြင်လိုက်ရသည်။

ချက်ချင်းဆိုသလိုပင် အဘွားကြီးလက်ထဲက စာရွက်ကို သတိရလိုက်ကာ ထိုစာရွက်မှာ အဘွားကြီးလက်ထဲမှ ကျကျန်ခဲ့သော စာရွက်ဖြစ်ရမည်ဟု တွေးလိုက်သည်။

သူနှင့်ခပ်လှမ်းလှမ်းတွင် လေတိုက်ပြီး လာကျသောကြောင့် ကောက်ယူဖတ်ကြည့်မိသည်။ စာရွက်မှာ ညစ်နွမ်းနွမ်းစာရွက်လေး တစ်ရွက်ဖြစ်ပြီး လက်ရေးဆိုးဆိုးဖြင့် 'သို့. . . သမ္မတကြီး'ဟု ရေးထားသောကြောင့် မျက်လုံးပြူးသွားကာ အောက်ကို ဆက်ဖတ်ကြည့်ရာ ရယ်ချင်သလိုလို ဖြစ်သွားတာနဲ့ ဘာရယ်မဟုတ် စာကို အိတ်ထဲထည့်သိမ်းထားလိုက်သည်။

"တော်တော်စိတ်ကူးယဉ်တဲ့ အဘွားကြီး"

ဟု ရေရွတ်ပြီးနောက် အိမ်ပေါ်မှ ဆင်းသွားလေသည်။

■

(၄)

အလောင်းများ သယ်ယူသွားပြီးနောက် ရပ်မိရပ်ဖများသာ အိမ်ထဲတွင် ကျန်ရစ်ခဲ့ကြလေသည်။

သားထောက်သမီးခံမရှိသောကြောင့် ရပ်ကွက်ကပင် တာဝန်ယူ၍ ရက်လည်ကိစ္စ စီစဉ်ကြရန် ဆုံးဖြတ်ပြီးနောက် အသီးသီး တာဝန်ခွဲယူကြလေသည်။

ခဏကြာသောအခါတွင် ရပ်ကွက်ထဲက အိမ်စောင့်မည့်သူ ကောင်လေး လေးယောက်နှင့် အလောင်းတွေ့သူ ဦးဘဆွေသာ ကျန်ရစ်ခဲ့လေသည်။

"ကဲ. . . ငါလည်း အလုပ်လေး အချိန်မီ သွားလိုက်ဦးမယ်"

ဦးဘဆွေက ကောင်လေး လေးယောက်ကို ပြောပြီးနောက် ကြမ်းပြင်ပေါ်မှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

"ငါ ဟိုဘက် နာရေးအိမ် သွားလိုက်ဦးမယ်"

ရုံးက ပြန်ရောက်ကာ ထမင်းစားပြီးနောက် ဦးဘဆွေက သူ့မိန်းမကို လှမ်းပြောလိုက်သည်။

"အင်္ကျီလေး ဘာလေး လဲသွားပါဦးလား၊ ရုံးကပြန်လာတဲ့ အင်္ကျီကြီးနဲ့"

ဦးဘဆွေက အင်္ကျီကို တစ်ချက်နမ်းကြည့်ပြီးနောက် အင်္ကျီကို ချွတ်ကာ တန်းပေါ်က အင်္ကျီတစ်ထည်နဲ့ လဲလိုက်လေသည်။

ဝတ်ပြီးသား ခန္ဓာကိုယ်ပေါ်က အင်္ကျီကို သူ့မိန်းမလက်ထဲသို့ ထိုးထည့်လိုက်လေသည်။

"ဟိုဟာ ဒီဟာတွေ လျှောက်မလုပ်နဲ့ဦးနော်"

"အေးပါ"





ဦးဘဆွေက ထိုသို့ ပြောပြီး အိမ်ပေါ်မှ ဆင်းသွားသည်။

ဦးဘဆွေမိန်းမ ဒေါ်ထားရီမှာ သူ့ယောကျ်ားအင်္ကျီကို ကိုင်ရင်း သားနှစ်ယောက် ရန်ဖြစ်နေသည့်အသံကြောင့် အခန်းထဲသို့ ပြေးဝင်လိုက်သည်။

"ဟဲ့. . . ဘာဖြစ်နေတာလဲ"

"သား လေယာဉ်ပျံလုပ်နေတဲ့ စာရွက်ယူသွားလို့"

"မဟုတ်ဘူးအမေ၊ အဲ့ဒါ သားစာရွက်"

တစ်ယောက်တစ်ပေါက် ပြောနေကြသောကြောင့် လေယာဉ်ပျံ မရသည့် သားငယ် မင်းမင်းကို-

"ကဲ. . . ကဲ၊ အမေ လေယာဉ်ပျံလုပ်လို့ရတဲ့ စာရွက်တစ်ရွက် ရှာပေးမယ်၊ မငိုနဲ့တော့ ဟုတ်ပြီလား"

သားငယ် မင်းမင်း အငိုတိတ်သွားတော့ သူ့အတွက် စာရွက်တစ်ရွက်ကို ရှာပေးရပြန်သည်။

အရေးထဲ စာရွက်အလွတ်က မရှိဘူးဖြစ်နေသည်။

သူ့ယောကျ်ားစားပွဲပေါ်မှာလည်း ဖြုတ်ထားသည့် စာရွက်မရှိချေ။ အသစ်ဖြုတ်ဖို့ဆိုတာလည်း နှမြောနေသည်။

"အမေ. . အဖေ့အင်္ကျီအိတ်ထဲက စာရွက်အပြုတ် တစ်ခု တွေ့တယ်"

သူချထားသော အင်္ကျီကိုကိုင်ရင်း သားငယ် မင်းမင်းက ဆွဲအော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဘာရေးထားသေးလဲ"

"မသိဘူး. . . လက်ရေးတွေက ဟိုခြစ်ဒီခြစ်နဲ့"

"ဒါဆို အကြမ်းရေးထားတာဖြစ်မယ်၊ ယူသုံးလိုက်လေ"

ဟင်းချက်စ တန်းလန်းကြီးဖြစ်နေသောကြောင့် ပြီးပြီးရော ပြောပြီး မီးဖိုချောင်ထဲသို့ ပြေးဝင်ခဲ့ရသည်။

ထိုသို့ဖြင့် မင်းမင်းက သူ့အဖေအိတ်ထဲမှ စာရွက်ကိုယူကာ လေယာဉ်ပျံကြီးလုပ်ပြီး လေထဲတွင် ဝဲပျံနေလိုက်သည်။

ခဏအကြာတွင် အောက်က သူငယ်ချင်းများက လာခေါ်ကြသောကြောင့် ညီအစ်ကိုနှစ်ယောက်မှာ လုပ်ပြီးသား လေယာဉ်များကို ပစ်ချပြီး အိမ်အောက်ဆင်းသွားကြလေသည်။

■

(၆)

ရက်လည်ပြီးနောက် အဘိုးကြီးနဲ့ အဘွားကြီးအိမ်မှာ တိတ်ဆိတ်သွားလေသည်။ ငှားထားသည့် အိမ်ဖြစ်သောကြောင့် အိမ်ပိုင်ရှင်က အိမ်ကို သော့ခတ်ပိတ်လိုက်လေသည်။

နောင်ငှားတဲ့လူ ရှိမှသာ ဒီအိမ်က လူပြန်နေကြမည်ဖြစ်ပြီး အခုတော့ ဒီအတိုင်းသာ ပိတ်ထားရပေဦးမည်။

ဦးဘဆွေသည် အဘိုးကြီး အဘွားကြီးအိမ်ကနေ သူ့အိမ်ဘက်သို့ ကူးလိုက်သည်။ ညဘက် အသုဘအိမ်မှာပဲ အိပ်ရေးပျက်နေသောကြောင့် ဒီနေ့တော့ အိမ်မှာ ကောင်းကောင်းနားရဦးမည်။

သူ့အိမ်ရှေ့ရောက်တော့ သူ့မိန်းမ ဈေးကပြန်လာတာနဲ့ သွားတိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မလဲ. . . အလုပ်ပျက်၊ အကိုင်ပျက်နဲ့"

မိန်းမက သူ့ထုံးစံအတိုင်း ဗျစ်တောက် ဗျစ်တောက်နဲ့ ပြောရင်း အိမ်ထဲဝင်သွားသည်။

"လူမှုရေးပဲ မိန်းမရယ်"

"ဈေးထဲမှာ အဘိုးကြီးတို့လင်မယားနှစ်ယောက် အကြောင်းကို ပြောနေကြတယ်ရှင့်"

စိတ်မဝင်စားသော်လည်း သူ့မိန်းမက အားတက်သရော ပြောနေသောကြောင့် စိတ်ကျေနပ်စေရန်အတွက်-

"ဘာတွေပြောနေကြလို့လဲ"

ဟု လှမ်းမေးလိုက်ရသည်။

"နှစ်ယောက်စလုံး တစ်ပြိုင်နက်ထဲ သေသွားတာ ထူးဆန်းတယ်တဲ့"

"ဟုတ်လား"

"စိတ်ဆင်းရဲပြီး သူတို့ဘာသာ သူတို့ သတ်သေတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် တစ်ခုခု အမှားလုပ်မိလို့များ ဖြစ်ကြတာလားတဲ့. . . အမယ်လေး ပြောရင်းနဲ့ ကြောက်လာပြီ"

မီးဖိုချောင်ထဲတွင် ပစ္စည်းများ ဟိုဒီချနေသော သူ့မိန်းမကို ကြည့်ရင်း ခေါင်းတစ်ချက် ခါလိုက်သည်။

ဈေးထဲက မဟုတ်က၊ ဟုတ်က ပြောခဲ့တာတွေကို နားယောင်ခဲ့ပုံရသည်။ တကယ်တော့ တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ



အဘိုးကြီးမှာ နှလုံးရောဂါနှင့် သေဆုံးခြင်းဖြစ်ပြီး အဘွားကြီးမှာ ဦးနှောက်သွေးကြောပြတ်ကာ ရုတ်တရက် သေဆုံးခြင်းဖြစ်သည်။

နှစ်ဦးစလုံး တစ်ညတည်း သေဆုံးခြင်းကတော့ ထူးဆန်းသလို ဖြစ်နေသည်။

"ငါခဏ လှဲလိုက်ဦးမယ်"

ဒီနေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် အိမ်မှာ အေးအေးဆေးဆေး အနားယူမယ်ဟု ဆုံးဖြတ်ထားပြီး သားနှစ်ယောက်ကို မတွေ့သောကြောင့်-

"သားနှစ်ယောက်ရော"

"လမ်းထိပ်သွားဆော့တယ်လေ"

ဆက်မမေးတော့ဘဲ အခန်းထဲရှိ ဖျာပေါ်သို့ လှဲချလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၇)

ထမင်းချက်ပြီးနောက် ဒေါ်ထားရီသည် အိမ်သန့်ရှင်းရေး လုပ်ရသည်။ သားနှစ်ယောက် ဆော့ထားတာက ရှင်းလို့ကုန်မှာ မဟုတ်ဘူးဟု ညည်းညူရင်း တစ်အိမ်လုံးကို စရှင်းရသည်။

ကစားစရာများ၊ သူ့ယောက်ျားအင်္ကျီ၊ ပုဆိုးများ၊ အိမ်ရှိ ပစ္စည်းများကို နေရာတကျထားပြီး တံမြက်စည်းလှည်းရသည်။

ထွက်လာတဲ့ ဖုန်တွေကို ရောင်းစားလို့ရရင် သူဌေးဖြစ်နေလောက်ပြီဟု တွေးရင်း သူ့ယောက်ျားလှဲနေတာကို တစ်ချက်ကြည့်လိုက်သည်။

အိပ်နေတာကြာပြီ နိုးဦးမှပဲ။ ပြီးရင် ထမင်းလေး ဘာလေး စားဦးမှပဲ။ ခုံအောက်က အမှိုက်များကို ငုံ့ပြီးလှဲလိုက်သည်။

သူ့သားနှစ်ယောက်၏ ဆော့လက်စ စက္ကူလေယာဉ်ပျံ



တစ်စင်း ထွက်လာသည်။

သူ့ယောက်ျား ဦးဘဆွေအိတ်ထဲက စာရွက်ကို လေယာဉ်ပျံ လုပ်ထားမှန်း သတိရလိုက်ပြီး ထိုလေယာဉ်ပျံကို စားပွဲပေါ် ခဏ ဖယ်ထားကာ ကျန်တဲ့အမှိုက်များကို လှဲလိုက်သည်။

ခုံပေါ်မှာတော့ အဘွားကြီးရေးထားသည့် စာမှာ လေယာဉ်ပျံ အဖြစ် ရှိနေလေသည်။ ခဏအကြာတွင် ဒေါ်ထားရီမှာ လေယာဉ်ပျံကို ပြန်ဖြန့်လိုက်ပြီး သေသေချာချာ ပြန်ခေါက်လိုက်ကာ မနက်ဖြန် သူ့ယောက်ျား ရုံးဝတ်သွားမည့် အင်္ကျီထဲသို့ ထိုးထည့်လိုက်လေသည်။

စာကိုတော့ တစ်ချက်မှ ဖတ်မကြည့်ချေ။

ပြီးနောက် ထမင်းစားရန်အတွက် ဦးဘဆွေအား နှိုးပြီး သားနှစ်ယောက်ကိုလည်း လမ်းထိပ်သို့ လှူကြိုခေါ်လွှတ်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးက ပြေးလာသည်။

ဦးဘဆွေက လက်ဖက်ရည်ဖိုး ရှင်းပေးလိုက်ပြီး ရုံးပေါ်သို့ ခပ်မြန်မြန် ပြန်တက်သွားလေသည်။

မကြာမီအချိန်တွင် ရုံးစာရေးလေးတစ်ဦးသည် ပြာသီး ပြာယာဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာပြီး-

"ဝမ်းတီး. . . ဟေ့"

ဟု အော်ဟစ်လိုက်ကာ စားပွဲလွတ်တစ်ခုတွင် ဝင်ထိုင်လိုက် သည်။

■

(၈)

ရုံးရှေ့လက်ဖက်ရည်ဆိုင်တွင် ထိုင်ရင်း ပိုက်ဆံရှင်းခါနီး၌ အိတ်ကပ်ထဲရှိ ပိုက်ဆံများနှင့်အတူ ထွက်လာသော စာရွက်ကို ကြည့်ပြီး ကြောင်တောင်တောင် ဖြစ်သွားသည်။

ဖွင့်ကြည့်လိုက်မှ အဘွားကြီးစာမှန်း သိသွားပြီး အိတ်ကပ်ထဲ ပြန်ခေါက်ထည့်လိုက်သည်။ ထို့နောက် သတိရသွားပြီး စာရွက်ကို ပြန်ထုတ်လိုက်သည်။

"အဘွားကြီးဆီက ရထားတဲ့စာရွက်ပဲ ဘာဖြစ်လို့ သိမ်းထား ရမှာလဲ"

ဟုဆိုကာ ခပ်လှမ်းလှမ်းသို့ လွှင့်ပစ်လိုက်လေသည်။

စာရွက်သည် ဦးဘဆွေပစ်လိုက်သည့် အရှိန်ကြောင့် အခြား စားပွဲတစ်ခုအောက်သို့ ရောက်သွားသည်။

"ရှင်းမယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"ဦးဘဆွေ. . . ဆရာခေါ်နေတယ်"

ထိုင်နေရာမှ ချက်ချင်းထလိုက်သည်။ ခုံပေါ်က မှတ်စုစာအုပ်နှင့် ဘောပင်ကို လှမ်းဆွဲရင်း အရာရှိရုံးခန်းသို့ ခပ်သွက်သွက်လေး ပြေးသွားရသည်။

"ဒေါက်. . . ဒေါက်"

"ဝင်ခဲ့ပါ"

တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သည်။

"ဆရာ. . . ခေါ်တယ်ဆိုလို့"

ရှေ့တွင် ရှိရှိကျိုးကျိုးလေး မတ်တတ်ရပ်လိုက်သည်။ လူကြီး ခေါ်တယ်ဆိုတော့ ဆူမှာလည်း ကြောက်ရသည်။

"အေး. . . ဒီမှာ စာရေးကိုလှရွှေ လာတင်ပြထားတဲ့ စာရင်းဇယားပါ အချက်အလက်တွေကို သေချာပြန်စစ်ဆေးဖို့ ပြော



လို့ပါ"

ရှေ့ရှိ ဖိုင်တွဲအထပ်လိုက်ကြီးအား ဦးဘဆွေရှေ့သို့ တိုးပေးသည်။

အခုမှပဲ သက်ပြင်းချနိုင်ပြီး ရှေ့ရှိဖိုင်များကို လှမ်းယူလိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်ခါနီးတွင်-

"ဪ. . . ကိုဘဆွေ"

"ဗျာ. . . ဆရာ"

ဖိုင်တွဲများကိုကိုင်ရင်း ပြန်လှည့်ထူးရသည်။

"ခင်ဗျားတင်ပြထားတဲ့ တချို့အချက်တွေက မှားနေတယ်ဗျ။ အလုပ်ကို သေချာလုပ်စမ်းပါ"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ"

အခန်းထဲက ထွက်ခါနီးမှာ ဆူဖြစ်အောင် ဆူလိုက်သေးသည်။ ဟူး. . .။ သက်ပြင်းချပြီး အရာရှိအခန်းရှေ့မှ သူ့စားပွဲရှေ့သို့ ပြန်ရောက်လာခဲ့သည်။

"ဘုန်း"

လက်ရှိအလုပ်များပင် မပြီးသေးဘဲ အလုပ်သစ်များ ထပ်ရောက်လာ၍ ဦးဘဆွေ စိတ်ညစ်သွားသည်။

မတတ်နိုင်။ ဆရာသမားခိုင်းတာဆိုတော့ လက်ကျန်အလုပ်ဟောင်းများကို ပစ်ထားပြီး သူ့အလုပ်ကို အရင်စရပေမည်။

ဖိုင်တွဲတစ်ခုကို လှမ်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်တွေက မသပ်မရပ် စီထားသည်။

လှရွှေ. . .။ သင်းလုပ်လိုက်ရင် ဒီလိုချည်းပဲ။ ဖိုင်တောင် ကောင်းကောင်းမတွဲဘူး။

ဖိုင်တွဲကို သေချာပြန်စီရင်း စာရင်းများကို တစ်ခါတည်း စစ်သွားသည်။ တစ်နာရီခန့်ကြာသောအခါ ဖိုင်တွဲတစ်ခု စစ်ပြီး သွားသောကြောင့် နောက်ဖိုင်တွဲတစ်ခုကို လှမ်းဆွဲလိုက်ရာ ဖိုင်တွဲ အချို့ ပြုကျသွားပြီး စာရွက်များ ထွက်ကျလာလေသည်။

စာရွက်များကို အလျင်အမြန် ပြန်ကောက်လိုက်ရင်း လက်ထဲ ရှိ ပါလာသော စာရွက်တစ်ရွက်ကို ကြည့်ပြီး ဦးဘဆွေမှာ ကြက်သေ သေသွားလေသည်။

"ဒါ. . . ငါလွှင့်ပစ်လိုက်တဲ့ အဘွားကြီးရဲ့စာပဲ၊ ဘယ်လို ဖြစ်လို့"

သေချာစေရန် တစ်ခေါက်ကြည့်လိုက်သည်။ ဟုတ်ပါသည်။ စာ၏ထိပ်မှာ 'သို့. . . သမ္မတကြီး'လို့ တပ်ထားသည်။

ဘယ်လိုဖြစ်လို့ ဒီထဲပြန်ရောက်နေတာလဲ။

■

(၁၀)

ကိုလှရွှေမှာ ဒီစာကို သူယူလာတာ မဟုတ်ဟု ငြင်းနေသော ကြောင့် ဦးဘဆွေမှာ ပိုပြီး ဦးနှောက်ခြောက်သွားသည်။

သူ လက်ဖက်ရည်ဆိုင်မှာ လွှင့်ပစ်ခဲ့တာပဲ။

"ဒါနဲ့ ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်ခဲ့သေးလား"

"ဩော်. . . အဲ့ဒါတော့ ထိုင်ခဲ့တယ်၊ ခုနလေးကပဲ ထွက်လာ တာ၊ လက်ဖက်ရည် သောက်ချင်လွန်းလို့ ခပ်မြန်မြန်ထိုင်ရတာ၊ ဖိုင်တွဲတွေထဲက စာရွက်တွေတောင် ပြုတ်ကျတယ်"

ဒါဆို ဖိုင်တွဲထဲက စာရွက်များ ပြန်ကောက်ရင်း ရောပြီး ပါလာတာ ဖြစ်မည်။

"အဲ့ဒီစာက ဘာဖြစ်လို့လဲ ဦးဘဆွေ"

"ဘာမှ မဖြစ်ပါဘူး၊ ဖိုင်ထဲက တွေ့လို့ပါ"

"ကျွန်တော့်စာရင်းနဲ့တော့ မဆိုင်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ. . . သိပါတယ်"

ကိုလှရွှေ စားပွဲကနေ ပြန်လာပြီးနောက် အဘွားကြီးစာကို လှုံးချေလိုက်ကာ စက္ကူစုတ်များထည့်ရာ အမှိုက်တောင်းထဲသို့ ပစ်ချလိုက်သည်။

■

(၁၁)

နံနက် ရုံးတက်မရောက်မီ ရုံးသန့်ရှင်းရေး ဒေါ်ဝင်းမာသည် နေ့စဉ်လုပ်နေကျအတိုင်း ရုံးတစ်ခုလုံးကို သန့်ရှင်းရ၏။

ဖုန်များ၊ အမှိုက်များ စနစ်တကျစုပြီး ရုံးအပြင်က အမှိုက်ပုံးထဲသို့ စနစ်တကျ သွန်ရသည်။

အစားအသောက် စွန့်ပစ်ပစ္စည်းက သပ်သပ်၊ အခြားအရာများက သပ်သပ်၊ တစ်ခုချင်းစီ အိတ်ထဲထည့်ကာ သတ်မှတ်ထားတဲ့ ပုံးထဲ ထည့်ရသည်။

ရုံးသုံးစက္ကူဟောင်းများကိုတော့ အိတ်အနက်ကြီးနဲ့ သပ်သပ် ထည့်ကာ ဖယ်ထားရသည်။

ဒါက ပြန်ရောင်းလို့ရသောကြောင့် သပ်သပ်ဖယ်ထားရခြင်း ဖြစ်သည်။ ရုံးစားပွဲများ ဘေးနားက အမှိုက်ခြင်းများထဲမှ စက္ကူစုတ်များကို လိုက်စုရာ ရောင်းဖို့တော်တော်များများ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိတ်ပင်မဆုံသောကြောင့် အတင်းထိုးထည့်ပြီး အိတ်ကို ချလိုက်ရသည်။ တစ်နာရီခန့်ကြာသောအခါ နေ့စဉ်သန့်ရှင်းရေး ပြီးသွားပြီး ရုံးတက်ချိန်လည်း ရောက်နေပြီဖြစ်သောကြောင့် ရုံးဝန်ထမ်းများ ရောက်လာကြပြီ ဖြစ်သည်။

ထို့ကြောင့် ရုံးရှေ့ရှိ အမှိုက်တောင်းကိုယူကာ အမှိုက်ကား လာလေ့ရှိသည့် နေရာ၌ သွားရောက် စုပုံထားလိုက်သည်။

စက္ကူစုတ်များ ထည့်ထားသည့် အိတ်ကိုတော့ ရုံးတစ်ဖက် လမ်းကျော်၌ရှိသော စက္ကူစုတ်အရောင်းဆိုင်သို့ မနိုင့်တနိုင်နဲ့ ဆွဲသွားရသည်။

ဒါက သူ့အတွက် နေ့စဉ်လုပ်ရသော အလုပ်ဖြစ်သည်။ စက္ကူစုတ်များရောင်းပြီး ရလာသော ငွေဖြင့် ရုံးသူရုံးသားများအား နေ့လယ်စာ လက်ဖက်ရည် တိုက်ရသည်။

"သေချင်နေလို့လား"

လမ်းဖြတ်ကူးနေစဉ် သူ့ကို ကားပေါ်က ကားသမားက လှမ်းအော်သွားခြင်းဖြစ်သည်။

အတွေးလွန်နေသောကြောင့် ကားကို မတွေ့လိုက်ချေ။ ဒါကြောင့် တစ်ဖက်ကားလမ်းသို့ အထုပ်ကိုဆွဲပြီး ပြေးရလေသည်။

စက္ကူစုတ်အချို့ ကားလမ်းပေါ်တွင် ကျကျန်ရစ်ခဲ့သည်။ အရေးမစိုက်အားပဲ တစ်ဖက်လမ်းသို့သာ ရောက်ဖို့ အန္တရာယ်ကြီးသည်။

တစ်ဖက်လမ်းသို့ရောက်ပြီး ကားလမ်းပေါ်ကို ပြန်ကြည့်လိုက်



ရာ စက္ကူစုတ်တစ်ခု၊ နှစ်ခုသာ ကျကျန်ခဲ့သောကြောင့် ပြန်မကောက်တော့ပဲ စက္ကူစုတ်အရောင်းဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

ကျကျန်ခဲ့သော စက္ကူစုတ်သုံးလေးခုမှာ ကားများ၏ အရှိန်ကြောင့် လွင့်နေပြီး လေအရှိန်အတိုင်း မျောပါသွားသည်။

■

www.burmeseclassic.com

www.burmeseclassic.com



အရာကို လုပြေးသွားသောကြောင့် ငိုနေခြင်းဖြစ်သည်။

အလုခံရသော ကလေးမှာ ငိုဖို့သာ တတ်နိုင်သည်။ လုသွားသောသူမှာ သူ့ထက်ကြီးသောကြောင့် လိုက်လုပြီးလည်း ပြန်မယူရဲချေ။

ဒါကြောင့် ခဏကြာတော့ အငိုတိတ်သွားပြီး အခြားသူများ အစားနေတာကို ဟိုကြည့် ဒီကြည့် လျှောက်ကြည့်နေရသည်။

အခုအချိန်မှာ သူတို့နဲ့သွားကစားပါက သူတို့က ပေးဝင်ကစားခိုင်းမည် မဟုတ်။ မုန့်စားကျောင်းကလည်း တက်ခါနီးပြီးဖြစ်သည်။ ထို့ကြောင့် ကျောက်ဖိုးပစ်နေသော သူ့သူငယ်ချင်းနားတွင် စာရွက်တစ်ရွက်တွေ့သောကြောင့် ကောက်ယူပြီး လေယာဉ်ပျံလုပ်ကာ ကစားနေလိုက်သည်။

ခဏအကြာတွင် မုန့်စားတက် ကျောင်းခေါင်းလောင်းထိုးသောကြောင့် လေယာဉ်ပျံကို အိတ်ထဲထည့်ပြီး အခန်းထဲသို့ ပြေးဝင်လိုက်သည်။

■

(၁၂)

"ကလင်. . . ကလင်"

မုန့်စားကျောင်းဆင်းသောကြောင့် အတန်းထဲကနေ ကလေးများ အလုအယက် ပြေးထွက်လာကြလေသည်။

အချို့ကတော့ မုန့်ဈေးတန်း ပြေးကြပြီး၊ အချို့ကတော့ ကစားကွင်းဆီသို့ ပြေးကြလေသည်။

အများစုကတော့ မိမိတို့အိမ်က ထည့်ပေးလိုက်သော မုန့်များကို ဖွင့်စားနေကြလေသည်။

ကစားကွင်းမှာတော့ ဘောလုံးကန်နေသည့်ကလေးက အများစု ဖြစ်သည်။ စိန်ပြေးတမ်းကစားသူ၊ သရေပင် ပစ်သူများလည်း ရှိသည်။

"ငါ့ဟာ ပြန်ပေး. . . ငါ့ဟာ ပြန်ပေး"

ကလေးတစ်ယောက်က အခြားကလေးတစ်ယောက်လက်ထဲက

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

လျှော်ရမည့်အဝတ်အစားများကို ကြည့်ပြီး စိတ်ညစ်သွားသည်။ စိတ်ပျက်လက်ပျက်နဲ့ပဲ အဝတ်လျှော်ဇလုံထဲကို အဝတ်များထည့်လိုက်သည်။

ပြီးတော့ အဝတ်များမြုပ်သည်အထိ ရေထည့်ပြီး ဆပ်ပြာများ အမြှုပ်ထသည်အထိ စိမ်ထားလိုက်သည်။

"အာ. . . ဒီကလေးအင်္ကျီက ဘယ်လို ကျန်ခဲ့လဲ မသိဘူး"

ထိုင်ခုံအောက်တွင် ကျနေသော သူ့သားအင်္ကျီကိုကြည့်ပြီး ဗျစ်တောက်ဗျစ်တောက် ပြောမိသည်။

လက်ကလည်း သူ့သားအင်္ကျီကို မမှီမကမ်း လှမ်းဆွဲယူလိုက်သည်။

"ဒေါက်"

စက္ကူခေါက်ကလေး ထွက်ကျလာသည်။



သူ့သားလုပ်ထားသည့် လေယာဉ်ပျံစက္ကူဖြစ်သည်။ ခေါက်ထားသောကြောင့် နည်းနည်းမာနေလေသည်။

"ငါ့သားနှယ်. . ကြီးလာရင် လေယာဉ်ပျံမျှား မောင်းမလားသိဘူး"

ဟု တွေးလိုက်ရင်း လေယာဉ်ပျံစက္ကူလေးကို ခုံပေါ်သို့ လှမ်းတင်လိုက်သည်။

"နေပါဦး. . . ဒီစက္ကူက ဟိုတစ်နေ့က ငါ့ယောကျ်ား စာရွက်ပဲ သူ့အိတ်ထဲက နှိုက်ပြီးပဲ ပြန်လုပ်ထားလား မသိဘူး"

ဟု ရေရွတ်ပြီး လေယာဉ်ပျံကို ပြန်ဖြန့်ကာ ကြည့်လိုက်သည်။

"သေချာပါတယ်၊ သို့. . . သမ္မတကြီးဆိုတာလည်း ပါတယ်၊ ဒီကလေးနှယ် သူ့အဖေရဲ့ စာကိုများ ဘာမှတ်နေလဲ မသိဘူး"

သမ္မတကြီးဟု တပ်ထားသောကြောင့် အရေးကြီးသည့် စာဟု ထင်သွားပြီး ဆက်မဖတ်တော့ဘဲ သေသေချာချာ ခေါက်ထားလိုက်သည်။

နောက်တစ်နေ့မှပဲ သူ့ယောကျ်ားအိတ်ထဲ ပြန်ထည့်ပေးရမယ်ဟု တွေးရင်း စာရွက်ခေါက်ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

လက်ဖက်ရည်ဖိုး ရှင်းခါနီးတွင် ပိုက်ဆံများနှင့်အတူ ပါလာသော စာရွက်တစ်ရွက်ကိုကြည့်ရင်း ဦးဘဆွေ စိတ်ညစ်သွားလေသည်။

မည်သို့ဆိုသော် ထိုစာရွက်အခေါက်မှာ အဘွားကြီးရဲ့စာရွက်ဆိုတာ မှတ်မိနေသောကြောင့် ဖြစ်သည်။

"ရုံးမှာ ငါလွှင့်ပစ်လိုက်ပြီပဲ၊ ဘယ်လိုလုပ် ငါ့အိတ်ထဲ ပြန်ရောက်နေတာလဲ"

တွေးရင်းနဲ့ ထူးဆန်းသလိုလည်း ခံစားလာရသည်။

အကြိမ်ကြိမ်လွှင့်ပစ်ခဲ့ရက်နဲ့ သူ့ဆီ ပြန်ရောက်နေသည်။ ပထမအကြိမ်တုန်းကတော့ တိုက်ဆိုင်မှုဟု ပြောလို့ရသည်။ အခု ဒုတိယအကြိမ်ကတော့ တိုက်ဆိုင်မှု မဖြစ်နိုင်ဘူး။

အဘွားကြီးစာကို တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်သည်။



အခြေအမြစ်မရှိ၊ ပြည့်ပြည့်စုံစုံမပါသည့် စာတစ်စောင် ဖြစ်သည်။

အဘွားကြီးက တကယ်ပဲ သမ္မတကြီးဆီကို စာပို့ဖို့ ရေးခဲ့တာလား။ တွေးရင်းနဲ့ စိတ်ရှုပ်လာသည်။

ကြောက်လည်း ကြောက်လာ၏။ ထို့ကြောင့် ဒီစာ သူ့ဆီ ပြန်မရောက်အောင် အစိတ်စိတ်အမွှာမွှာဆွဲဖြဲပြီး လွှင့်ပစ်ခဲ့ရမည်။

ဒါမှသာ သူ့ဆီ ပြန်မရောက်မှာ ဖြစ်သည်။ ထို့ကြောင့် စာရွက်ကို ဖြဲရန်ပြင်စဉ်-

"ဒုန်း"

"ခွပ်"

"အမယ်လေး"

"လုပ်ကြပါဦး. . . ဒီမှာ ရန်ဖြစ်နေလို့"

ဘေးနားက ဝိုင်းမှ လူနှစ်ယောက် ရန်ထဖြစ်ခြင်း ဖြစ်သည်။ သူ့ဆီလွင့်လာသော ပန်းကန်ပြားပစ္စည်းတစ်ခုကြောင့် လန့်ပြီး ခုန်ရှောင်လိုက်ရသည်။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှ၏။

တစ်ယောက်ကိုတစ်ယောက် ဝိုင်းဆွဲကြသည်။ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားကြ၏။

သူလည်း နီးစပ်သောသူ တစ်ယောက်ဖြစ်သောကြောင့် နီးရာသူတို့ ဝင်ဆွဲရသည်။

ထိုရန်ဖြစ်သောသူ နှစ်ယောက်မှာ သူတို့ရုံးက လူနှစ်ယောက် ဖြစ်သောကြောင့် ရန်ပွဲကို ပြန်ဖြေရင်း ရုံးအပေါ်သို့ တက်လာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှုံးစားပွဲရောက်မှပဲ အိတ်ထဲက ခေါက်ထားသောစာကို ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟူး"

စာမှာ မဖြဲရသေးချေ။

ဒီစာကို ဖြဲပြီး လွှင့်ပစ်လိုက်မည်ဟု တွေးလိုက်သော်ကြောင့် မဖြဲဖြစ်အောင် ဘေးနားက လူနှစ်ယောက်က ရန်ထဖြစ်ကြတာ လား။

မဟုတ်သေးဘူး. . . ။

မဟုတ်သေးဘူး. . . ။

ငါ. . . အတွေးခေါင်နေပြီ။

ဦးဘဆွေမှာ ဟိုဟိုဒီဒီ လျှောက်တွေးရင်း လက်ထဲက စာကို မကြည့်ပဲ မျက်လုံးမှိတ်ထားလိုက်သည်။

ထို့နောက် ဘာပဲဖြစ်ဖြစ်ဟု တွေးလိုက်ရင်း-

"ဖြဲ. . . ဖြဲ. . . ဖြဲ"

လက်ထဲက စာရွက်ကို အပိုင်းပိုင်း ဆွဲဖြဲလိုက်သည်။ စာရွက် အပိုင်းအစများကိုလည်း ဘေးနားရှိ အမှိုက်ခြင်းထဲသို့ လွှင့်ပစ် လိုက်၏။

ဟူး. . . ။

အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားသည်။



အဘွားရေ. . . အဘွားက ကျွန်တော့်ကို သမ္မတကြီးဆီ စာပို့ခိုင်းခဲ့တာဆိုရင်တော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ။

ကျွန်တော် တကယ်ပဲ စာမပို့ရဲလို့ပါ။ ပြီးတော့ ကျွန်တော် တို့လို ဆင်းရဲသားတွေရဲ့စာကို သမ္မတကြီးက ဘယ်ဖတ်မှာလဲ အဘွားရယ်။

■

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ဒီနေ့ ဦးဘဆွေ အိပ်ရာက စောစောနိုးနေသည်။ ညက ကလေးက ခဏခဏ နိုးနေသောကြောင့် အိပ်လို့မရပဲ ဖြစ်နေကာ မနက်အစောကြီး နိုးနေခြင်း ဖြစ်သည်။

အိမ်ရှေ့ရေပြင်မှာ မျက်နှာထွက်သစ်ရင်း ဘာရယ်မဟုတ် တစ်ဖက်အိမ်က အဘိုးကြီး၊ အဘွားကြီးအိမ်ကို လှမ်းကြည့်မိသည်။

အိမ်ငှား မရသေးသောကြောင့် အိမ်မှာ သော့ခတ်ထားဆဲ ဖြစ်သည်။ သူ့စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်လာသောကြောင့် အိမ်ကို ဆက်မကြည့်ရဲတော့ပဲ မျက်နှာကိုသာ ခပ်မြန်မြန် သစ်လိုက်သည်။

"ရှင်အစောကြီး နိုးနေတာလား"

"အေး... ကလေးတွေရော နိုးပြီလား"

"အိပ်နေတုန်း ရှင်မနက်စာ စားတော့မလား၊ ထမင်းကြော် ထားတယ်"



"စားမယ်လေ"

သူ့မိန်းမက သူ့ကို ထမင်းကြော်ထည့်ပေးပြီးနောက် သူ့ဘေးနားမှာ ထိုင်နေသည်။

"နင် မစားသေးဘူးလား"

"မစားသေးဘူး၊ ကလေးတွေ နိုးလာမှပဲ စားမယ်"

သူလည်း ပဲပြုတ်နဲ့ ကြော်ထားသော ထမင်းကြော်ကို စားနေလိုက်သည်။

"ရှင်... ဟိုကိစ္စသိပြီးပြီလား"

"ဘာကိစ္စလဲ"

"ဟိုဘက်အိမ် ကိစ္စလေ"

ဦးဘဆွေမှာ စားနေရင်းနဲ့ တွန့်သွားလေသည်။ သူ့ကိစ္စသူ တွေးလို့၍ တွန့်သွားခြင်းဖြစ်သည်။

"ဘာကိစ္စလဲ... ဝါ မသိသေးပါလား"

"အဘိုးကြီးနဲ့ အဘွားကြီးဆုံးသွားတော့ သူတို့မှာရှိတဲ့ ပစ္စည်းတွေက အခု အဲ့ဒီအိမ်ပေါ်မှာမှတ်လား"

"အေးလေ"

"အဲ့ဒါ အိမ်ရှင်ကလည်း အဲ့ဒီပစ္စည်းတွေ ဘယ်မှာ သွားထားရမှန်း မသိဖြစ်နေတယ်"

"ယူလိုက်ပေါ့ဟ"

"ရှင့်နဲ့... ပြောရက်လိုက်တာ၊ ဘယ်သူက သူတို့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို ယူရဲမှာလဲ၊ ကြောက်တာပေါ့ရှင့်”

ဦးဘဆွေလည်း ဆက်မပြောရဲတော့ပဲ ထမင်းကြော်စားရင်း ငြိမ်နားထောင်နေလိုက်သည်။

“အခြားအိမ်တွေကလည်း ဘယ်သူမှ မယူရဲဘူး ဖြစ်နေတယ်”

“ဘာဖြစ်မှာ မို့လို့လဲ”

“တော်ကြာ သူတို့ ပစ္စည်းတွေဆိုပြီး စိတ်ထဲစွဲပြီး ဟို... သူများမပြောနဲ့ ကျွန်မလည်း မယူရဲဘူး”

“အဲ့ဒီတော့ အဲ့ဒီပစ္စည်းတွေ ဘယ်လိုလုပ်မယ်တဲ့လဲ”

“အခုတော့ ယူချင်တဲ့ လူရှိရင်လည်း ယူပေါ့ဆိုပြီး ရပ်ကွက်ထဲမှာ သတင်းလွှင့်ထားတယ်”

“ဒါလည်း ကောင်းတာပဲ”

ထမင်းကြော်ကို လက်စသတ်လိုက်သည်။

“ယူဦးမလား”

“တော်ပြီ.... ရုံးသွားတော့မယ်”

“အစောကြီးပဲ ရှိသေးတယ်”

“အေး... ရုံးမှာ လုပ်စရာလေး ရှိသေးလို့”

ဟု ဆိုလိုက်ပြီး အင်္ကျီလဲပြီး ထွက်လာခဲ့လိုက်သည်။ ထွက်ခါနီး တစ်ဖက်အိမ်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။

■

(၁၆)

“ဦးဘဆွေ... ဆရာက သူတစ်နေ့က ပေးလိုက်တဲ့ ဝယ်စရာပစ္စည်း စာရင်းစာရွက်လေး ပြန်ယူခဲ့ပါဦးတဲ့၊ ထပ်ဖြည့်စရာ ရှိလို့တဲ့”

“ဩော်... အေး”

ဘယ်နားထားမိမှန်း မသိသောကြောင့် အံဆွဲထဲမှာ အရင်ရှာကြည့်သည်။

မတွေ့...။

ဟိုတစ်နေ့က သူ့ဆရာဆီက ယူခဲ့တာကိုတော့ မှတ်မိသည်။ စာအုပ်ကြားထဲမှာလိုလို၊ စားပွဲပေါ်မှာလိုလို တင်ထားမိသည်ဟု ထင်မိသည်။ ထို့ကြောင့် စားပွဲပေါ်...။

ဘောပင်ထည့်တဲ့ခွက်ထဲ...။

ဖိုင်များကြား...။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များကြား. . .။

စုံနေအောင် ရှာကြည့်မိသည်။ မတွေ့။ ချွေးပင် ပြန်လာသည်။

ဘယ်နားထားမိပါလိမ့်. . .။ ဘယ်နားထားမိပါလိမ့်. . .။

သူ့ဆရာရဲ့ ရုံးခန်းပေါက်ကို တစ်ချက်တစ်ချက် လှမ်းကြည့်ရသည်။ ခေါ်တာ မလာပဲ ကြာနေရင် လှမ်းအော်မှာ စိုးရသည်။

"ဟင်"

မျက်လုံးများက အမှိုက်ခြင်းထဲ ရောက်သွား၏။

မပစ်ရသေးသော သူ၏ ကိုယ်ပိုင်အမှိုက်တောင်းထဲတွင် ဖြဲထားသည့် စာရွက်များကို တွေ့လိုက်ရသောကြောင့် ထိတ်လန့်သွားခြင်း ဖြစ်သည်။

စာ. . .။ သူ့ဆရာ ပေးလိုက်သည့်စာ။ စာရွက်အပိုင်းအစ တစ်ခုတွင် ခဲတံဖြင့် ရေးထားသော သူ့ဆရာလက်ရေးကို တွေ့လိုက်ရသောကြောင့် မှတ်မိသွားခြင်းဖြစ်သည်။

အမှိုက်တောင်းထဲက စာရွက်အပိုင်းအစများကို ခပ်မြန်မြန် ပြန်ထုတ်ရင်း စားပွဲပေါ်တွင် စာရွက်များကို ပြန်ဆက်လိုက်ရသည်။

ဒါဆို သူ မနေ့က ဖြဲလိုက်တာ အဘွားကြီးစာ မဟုတ်ဘူးပေါ့။ ချွေးများ ပြန်လာသည်။

သူ့မိန်းမ၏ စကားသံအချို့ကို ကြားယောင်လာသည်။

"ရှင့်နဲ့. . . ပြောရက်လိုက်တာ၊ ဘယ်သူက သူတို့ပစ္စည်းတွေကို ယူရဲမှာလဲ၊ ကြောက်တာပေါ့ရှင့်"



သတိရပြီးနောက် ရုတ်တရက် အိတ်ကတ်ထဲ နှိုက်ကြည့်ရာ သတ်ထဲတွင် အဘွားကြီးစာ ပါလာသည်ကို တွေ့ရလေသည်။

"ဟူး. . ."

■

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဦးဘဆွေသည် သူ့ဆရာရုံးခန်းထဲမှ ပြန်ထွက်လာပြီး သူ့ရုံးစားပွဲပေါ်တွင် ငူငူငိုင်ငိုင်ကြီး ထိုင်ကာ အဘွားကြီး စာကိုပဲ ကြည့်နေမိ၏။

စိတ်ထဲတွင်လည်း ထူးဆန်းသလို ခံစားနေရသည်။ ထိုစဉ်...

"ဗိုး..."

အပေါ်က ပန်ကာလေကြောင့် သူ့ရှေ့ရှိ သတင်းစာမှာ ထစ်ဖျတ်ဖျတ် လန်သွားလေသည်။

စာမျက်နှာတစ်နေရာ အရောက်တွင် သတင်းစာမှာ ရပ်သွားပြီး ထိုစာမျက်နှာရှိ သတင်းတစ်ခုကြောင့် ဦးဘဆွေမှာ ဗိုလ်၍ အံ့ဩသွားရလေသည်။

"ဟင်"

သတင်းစာကို လှမ်းယူပြီး ထိုသတင်းကို သေချာဖတ်ကြည့်သည်။

သတင်းခေါင်းစဉ်မှာ 'သမ္ဘတရုံးသို့ တိုင်ကြားစာများ ပေးပို့ တိုင်ကြားနိုင်ခြင်း'ဆိုသည့် ခေါင်းစဉ်ဖြင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

တိုက်ဆိုင်လွန်းလှသည်။ တစ်ခုခုကများ စာရွက်ကို လှန်လိုက်လေသလားဆိုပြီး မဆီမဆိုင်တွေးကာ ကြက်သီးပင် ထမိသည်။

ဒါမှမဟုတ် . . .။ အဘွားကြီးက သူ့စာကို သမ္မတကြီးဆီ ပို့စေချင်လွန်းလို့များ ဒီလိုတိုက်ဆိုင်အောင် လုပ်နေတာလား။

မဖြစ်နိုင်မှန်းသိသော်လည်း လက်တွေ့ကျသော တိုက်ဆိုင်မှုများကြောင့် ဦးဘဆွေမှာ ဟုတ်နိုးနိုးထင်လာရသည်။

ဒီစာကို သမ္မတကြီးဆီ ပို့ပေးလိုက်ရင် ငါ့ဆီကို ဒီစာ ပြန်ရောက်လာတော့မှာ မဟုတ်ဘူးလို့လည်း ယုံကြည်နေမိသည်။

ဟုတ်တယ်။ ငါဒီစာကို သမ္မတကြီးဆီ ပို့ပေးလိုက်မယ်။ အဘွားကြီးကလည်း ဒါကို လိုချင်တာဖြစ်မယ်။

ဦးဘဆွေမှာ ဟိုတွေးဒီတွေးရင်းနဲ့ပဲ စိတ်လှုပ်ရှားနေမိ၏။ စိတ်ထဲမှာလည်း ဒီစာကို သမ္မတကြီးဆီ ပို့ပေးလိုက်မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။



ထို့ကြောင့် အံဆွဲကိုဖွင့်ပြီး စာအိတ်အလွတ်တစ်ခု ယူလိုက်သည်။ ထို့ပြင် စာရွက်အလွတ်တစ်ခုလည်း ယူလိုက်ကာ တစ်ဖက်ပါအတိုင်း စာအနည်းငယ် ချရေးလိုက်၏။

■

www.burmeseclassic.com

www.burmeseclassic.com

သို့

သမ္မတကြီးခင်ဗျာ

ကျွန်တော်သည် အမှတ်. . . ၊ . . . . လမ်း၊ . . . ရပ်ကွက်တွင် နေထိုင်သောသူတစ်ဦး ဖြစ်ပါသည်။ နာမည်မှာ ဦးဘဆွေဖြစ်ပြီး ဇနီး၏အမည်မှာ ဒေါ်ထားရီ ဖြစ်ပါသည်။

သားသမီးနှစ်ဦးရှိပြီး . . . . . . . ရုံးတွင် ရုံးစာရေးကြီး အဖြစ် တာဝန်ထမ်းဆောင်နေပါသည်။

ဒီစာနှင့် ပူးတွဲပါစာမှာ ကျွန်တော်တို့ အိမ်ဘေးနားက ဆုံးသွားသော အဘွားကြီးလက်ထဲမှရသည့် စာတစ်စောင် ဖြစ်ပါသည်။

အခြေအမြစ်မရှိသည့် အဓိပ္ပာယ်မရှိသည့် စာမှန်း သိသော်လည်း ကျွန်တော်မှာ ထိုစာကို ဖျောက်ဖျက်သော်လည်း မည်သို့မျှ ဖျောက်ဖျက်၍မရပဲ ကျွန်တော့်ဆီသို့သာ ပြန်ပြန် ရောက်လာခဲ့ပါသည်။

တိုက်ဆိုင်မှုဟု ထင်ခဲ့မိသော်လည်း ခဏခဏ ပြန်ရောက်



နေသောကြောင့် သူလိပ်စာတပ်ထားသည့် တစ်ဦးတစ်ယောက်ဆီ ပို့ခိုင်းတာ ဖြစ်မည်ဟု စိတ်ထဲမှတ်ထင်လာသောကြောင့် ပို့ပေးလိုက်ရခြင်း ဖြစ်ပါသည်။

အလုပ်ရှုပ်၊ စိတ်ရှုပ်သည်ဟု ခံစားမိပါက အနူးအညွတ် တောင်းပန်အပ်ပါသည်။

ရိုသေစွာဖြင့်

ဘဆွေ

www.burmeseclassic.com

www.burmeseclassic.com

# (၁၈)

သမ္မတကြီး ဖတ်၊ မဖတ်တော့ မသိ. . .။ စာအိတ်အလွတ်ထဲတွင် သူ့စာနှင့်အတူ အဘွားကြီးရဲ့စာကိုပါ ပူးတွဲထည့်ပေးလိုက်သည်။

စာအိတ်ကို တံတွေးဆွတ်ကာ သေချာပိတ်လိုက်ပြီး လိပ်စာ တပ်လိုက်သည်။

ထို့နောက် ရုံးပေါ်က ဆင်းလာခဲ့ပြီး တစ်ဖက်ကားလမ်းသို့ ကူးလိုက်သည်။ သူ၏ ခြေလှမ်းများက သူတို့ရုံးနှင့်မဝေးသော စာတိုက်ကြီးဆီသို့ ဖြစ်သည်။

ရင်ထဲမှာ ပေါ့ပါးနေသလို ခံစားရသည်။

လက်ထဲက စာကိုလည်း ခဏခဏ ပြန်ကြည့်မိသည်။ အဘွားကြီးရဲ့ မျက်နှာကို ပြန်မြင်ယောင်လာမိသည်။

စိတ်ထဲမှာလည်း "အဘွားရေ. . . ကျွန်တော် ပို့ပေးလိုက်ပါပြီ"ဟု ရေရွတ်နေမိသည်။



ခဏအကြာတွင် စာတိုက်ကြီးရှေ့သို့ရောက်ကာ အထဲသို့ ဝင်လိုက်ပြီးနောက် စာပို့ကောင်တာရှေ့တွင် ရပ်လိုက်သည်။

"ဘယ်ပို့မလို့လဲ"

ရုတ်တရက် မဝံ့မရဲဖြစ်သွားပြီး ပါးစပ်က ချက်ချင်း ပြောမထွက်ဘဲ ဖြစ်နေသည်။ နောက်မှသာ အားတင်းပြီး-

"သ. . . သမ္မတကြီးဆီကိုပါ"

ဟု တစ်လုံးချင်း ဖြေလိုက်ရသည်။

"မှတ်ပုံတင် မိတ္တူပေးပါ"

ဟု စာပို့ကောင်တာက တောင်းလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

စာပို့ကောင်တာမှ စာရေးမလေးသည် လက်ထဲက သမ္မတကြီးဆီ လိပ်စာတပ်ထားသောစာကို ခြင်းတောင်းအပြာလေးထဲသို့ ထည့်လိုက်သည်။

ထို့နောက် အရှေ့ဘက်သို့ ပြန်လှည့်ကာ အခြားစာများကို ပုံမှန်အတိုင်း ပြန်လက်ခံနေလိုက်၏။

နေ့ခင်း စာသိမ်းချိန်ရောက်သောအခါ ခွဲထားသော စာများကို တစ်ကန့်စီ ပြန်စစ်လိုက်ပြီးနောက် စာပို့ရန်ဌာနသို့ ပို့ပေးရန် ပြင်ဆင်နေရသည်။

"ဟဲ့. . . သမ္မတကြီးဆီပို့တဲ့ စာတွေက များလှချည်လား"

ဘေးနားကောင်တာမှ သူ့အပြာခြင်းကို လှမ်းကြည့်ပြီး ပြောသည်။

"ဟုတ်တယ်. . . တစ်နေ့တစ်နေ့ သမ္မတကြီးဆီပို့တဲ့ စာတွေက မနည်းဘူး"



စာရေးမလေးက ပြန်ပြောရင်း သူ့အလုပ် သူဆက်လုပ်နေသည်။

ထိုကောင်တာမှ အစ်မကြီးက မုန့်လှမ်းပေးနေတာကို မယူအားပဲ ခြင်းအပြာကို ယူကာ 'စာပို့ရန် ဌာန'သို့ အရင်သွားပို့လိုက်လေသည်။

"ဒီမှာ ခြင်းအပြာ ထားခဲ့ပြီနော်"

စာပို့ရန် ဌာနရှိ တာဝန်ခံဦးလေးကြီးရှေ့သို့ ချပေးလိုက်သည်။

ထိုဦးလေးကြီးကလည်း ခြင်းထဲကစာများနှင့် စာရင်းများကို စစ်ဆေးပြီး လက်ခံထားလိုက်သည်။

ထို့နောက် ထိုခြင်းအပြာအား အခြားခြင်းများဘေးတွင် ယှဥ်ထားလိုက်သည်။

ပြီးနောက် ဆက်တိုက် ဆက်တိုက် လာအပ်သော စာခြင်းများကို စာရင်းများနှင့်တကွ တိုက်စစ်ပြီး သိမ်းဆည်းနေရလေသည်။

ခဏအကြာတွင် စာများကို နေရာဒေသအလိုက် ခွဲခြားပြီး သင့်လျော်ရာ အကန့်များဖြင့် စာများ ပြန်စီရလေသည်။

စာပို့ရန်ဌာနရှိ လူများက ထိုအချိန်မှာ အလုပ်ရှုပ်ဆုံး ဖြစ်သည်။ စာများမကျန်ရလေအောင် သေချာစိစစ်ရလေသည်။

ညနေရောက်သောအခါ စာပို့ရထားအမီ နယ်စာများကို ရထားဘူတာသို့ ပို့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် စာပို့ရထားသည် စာများကို သယ်ဆောင်ကာ သက်ဆိုင်ရာ နယ်များသို့ ပို့ဆောင်ပေးရသည်။

■

နိုင်ငံတော်သမ္မတရုံး
စာလက်ခံဌာန

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

နိုင်ငံတော်သမ္မတရုံး စာလက်ခံဌာနရှိ ဝန်ထမ်းများသည် စာပို့ရထားနှင့် ရောက်လာသော စာများကြောင့် အလုပ်ရှုပ်သွားကြလေသည်။

ခေါင်းစဉ်၊ လိပ်တပ်ထားမှုများအလိုက် စာများကို ခွဲခြားရသည်။

သမ္မတကြီး၏အမည်ဖြင့်လာသော စာများကိုတော့ သမ္မတကြီး၏ ကိုယ်ရေးအရာရှိများသို့ ပို့ရန်ပြင်ရသည်။

သို့သော် သမ္မတကြီးဟုသာ သုံးနှုန်းထားပါက စာလက်ခံဌာန အရာရှိများဆီသို့ ပို့ဆောင်ရလေသည်။

ထိုစာမျိုးကိုတော့ ဒီဌာနမှာပင် ဖွင့်ဖောက်ကာ လိုအပ်သလို စိစစ်ရလေ၏။ များမကြာမီအချိန်တွင် စာပို့ဌာန၏ အရာရှိတစ်ဦးဖြစ်သော ဦးဝေအောင်သည် သူ့စားပွဲပေါ်သို့ လာချသော စာများကို ကြည့်ပြီး တစ်ဖက်စားပွဲပေါ်တွင် တင်ထားသော ခြင်းသုံး



ခြင်းကို လှမ်းယူလိုက်သည်။

တစ်ခြင်းတွင် အရေးကြီးစာများနှင့် စိစစ်ရန်စာများဆိုပြီး စာရွက်တစ်ရွက် ကပ်ထားသည်။

အခြားခြင်းတွင် ပုံမှန်စာများဟု စာတမ်းကပ်ထားသည်။ နောက်ဆုံးခြင်းတွင်တော့ ပယ်သင့်သည့် စာများဟု ရေးထားသည်။ ခြင်းသုံးခြင်းကို စားပွဲတစ်ဖက်တစ်ချက်တွင် တင်လိုက်ပြီး စာပုံကြီးထဲမှ အပေါ်ဆုံးရှိ စာကို အရင်ဆုံးယူလိုက်သည်။

စာအိတ်ပေါ်တွင် 'သမ္မတကြီး'ဟု ရေးထိုးထားပြီး သမ္မတကြီးနာမည် မပါချေ။ ထို့ကြောင့် ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်သောကြောင့် စာကို ဖွင့်ဖောက်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

သို့

သမ္မတကြီးရှင့်

ရှိသေစွာ စာရေးအပ်ပါတယ်။ ကျွန်မနာမည်က ---- ပါ။ အမှတ် ( )၊ ( )လမ်း၊ ( )မြို့နယ်မှာ နေပါတယ်။ မှတ်ပုံတင် အမှတ်ကတော့ ( )ဖြစ်ပါတယ်။

ကျွန်မမှာ သားလေးတစ်ဦး ရှိပါတယ်။ အရွယ်မရောက်သေးပါဘူး။ ယောကျ်ားကတော့ ဆုံးသွားတာ ကြာပါပြီ။

ထို့ကြောင့် ကျွန်မတစ်ယောက်တည်း ရုန်းကန်ရတာ သုံးနှစ်တိုင်တိုင် ရှိခဲ့ပါပြီ။ အတန်းပညာ (၁၀)တန်း အောင်ပြီး အသက်မွေးမှုပညာ မယ်မယ်ရရ မတတ်သောကြောင့် ကြုံရာကျပန်း လုပ်ကိုင်ခဲ့ရ ပါတယ်။



အဆင်ပြေတဲ့အခါ ရှိသလို၊ အဆင်မပြေတဲ့ အခါလည်း ရှိပါတယ်။ အဆင်မပြေမှုက ပိုများပြားခဲ့ပါတယ်။

စားဝတ်ရေးကို မပူပေမယ့် ကျွန်မမှာ အခက်အခဲတစ်ခု ဖြစ်နေပါတယ်ရှင့်။ အဲ့ဒါက နေရေးပဲ ဖြစ်ပါတယ်။

ကျွန်မမှတ်မိသလောက် အရွယ်ကစပြီး ကျွန်မမှာ အိပ်ပိုင်ဆိုတဲ့အရာ မရှိခဲ့ဘူးပါ။

ဖြစ်သလိုငှားနေ၊ အမျိုးအိမ်မှာနေ၊ အဆင်မပြေ ပြန်ပြောင်းနဲ့ပဲ သံသရာလည်နေခဲ့ပါတယ်။

တကယ်တမ်း တွေးကြည့်ရင် လက်ရှိအခြေအနေနဲ့ ကျွန်မအိမ်တစ်လုံး ပိုင်ဆိုင်နိုင်ဖို့ဆိုတာ မမျှော်လင့်ဝံ့တဲ့ အိပ်မက်ပါပဲ သမ္မတကြီးရှင့်...။

အခု သမ္မတကြီးကို စာရေးလိုက်တာကလည်း သမ္မတကြီးလို အလုပ်ရှုပ်နေတဲ့သူအတွက် စိတ်ပါရှုပ်အောင် ပြုလုပ်ခြင်း မဟုတ်ရပါဘူးရှင့်။

သမ္မတကြီးဆီ စာရေးလို့ရတယ်ဆိုတာလည်း အရင်တုန်းက မသိခဲ့ပါဘူး။ တစ်နေ့က မုန့်ဝယ်ရင်း မုန့်ဝယ်စားနေတဲ့ လူနှစ်ယောက်ပြောနေသံ ကြားလို့ သိရတာပါ။

မနက်ဖြန်ဆို အခုလက်ရှိ နေတဲ့အိမ်ကနေ ဖယ်ပေးရပါတော့မယ်။ ကျွန်မလည်း စိတ်ညစ်တာနဲ့ ဘာလုပ်လို့ လုပ်ရမှန်းမသိတာနဲ့ ဒီစာကို ရေးဖြစ်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက် ဖြစ်သွားတယ်ဆိုပါက ခွင့်လွှတ်ပါရှင့်။ ကျွန်မလိုလူမျိုးအတွက် ပုံမှန်အိမ်သေးသေးလေးတစ်လုံး ပိုင်ဆိုင်ဖို့ ဘယ်လိုများ လုပ်ရမလဲဆိုတာ နည်းလမ်းရှိရင်လည်း သိချင်ပါတယ်။

ဝင်ငွေနဲ့ထွက်ငွေ မျှသုံးနေရတဲ့အတွက် အိမ်သေးသေးလေးတစ်လုံးတော့ ပိုင်ချင်ပါသေးတယ်။

ရှိသေစွာဖြင့်
မိငြိမ်း

စာကို ပုံမှန်ခြင်းထဲတွင် ထည့်ထားလိုက်သည်။ နောက်မှသာ 'ပြည်သူများ၏ အခက်အခဲများ'ဆိုတဲ့ ဖိုင်ထဲတွင် ထည့်ရသည်။ သမ္မတကြီးတောင်းပါက အဆင်သင့်ပေးနိုင်ရန် ပြင်ထားရမည်ဟု တွေးထားလိုက်သည်။

ထို့ကြောင့် နောက်စာတစ်ခုကို ထပ်ဖွင့်ကြည့်လိုက်သည်။

သို့

သမ္မတကြီး

ကျွန်တော်ဟာ ကျောင်းပြီးပြီး အလုပ်ဝင်တာ ၂ နှစ်ရှိနေတဲ့ လူငယ်တစ်ဦးဖြစ်ပါသည်။

နာမည်မှာ-------- ဖြစ်ပြီး အသက်မှာ ၂၁ နှစ် ဖြစ်ပါ



သည်။ ရုံးတစ်ရုံးမှာ ရုံးဝန်ထမ်းအဖြစ် အလုပ်လုပ်နေပါသည်။

ကျောင်းတုန်းက ရရှိသည့်ဘွဲ့မှာ သိပ္ပံဘွဲ့ဖြစ်ပါသည်။ အခုလက်ရှိလုပ်နေရတဲ့ အလုပ်နဲ့ ကျွန်တော်သင်လာခဲ့တဲ့ ပညာများမှာ တခြားစီဖြစ်ပါသည်။

ရုံးဝန်ထမ်းအဖြစ် တိုလီမိုလီ အခြားအရာများ လုပ်ရပါသည်။ ကျောင်းတုန်းက သင်လာတဲ့အရာများလည်း အခုအချိန်တွင် ကျွန်တော့်မှာ မေ့နေပြီဖြစ်ပါသည်။

ကျောင်းသားဘဝတုန်းက ကျောင်းပြီးလျှင် ဘယ်သို့သော ပညာရပ်များကို ငါတို့ ဖော်ထုတ်ကြမည်၊ လုပ်ဆောင်ကြမည် စသည်ဖြင့် သူငယ်ချင်းများနှင့် တပျော်တပါး စဉ်းစားစိတ်ကူးယဉ်ခဲ့ကြသော်လည်း တကယ့်လက်တွေ့တွင် ကြုံရာရသည့်အလုပ်ကို လုပ်ကြရပါသည်။

ထိုသို့သော အဖြစ်ကြောင့် မည်သူ့ကိုမျှ အပြစ်မတင်လိုပါ။ မိမိကိုယ်သာ အပြစ်တင်ခဲ့ပါသည်။

မည်သို့ဆိုသော် မိမိသာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ဥပမာ-ဆေးတက္ကသိုလ် စသည်တို့ကိုသာ ဝင်ခွင့်ရအောင် ကြိုးစားခဲ့ပါက ယခုအချိန်တွင် ကျောင်းဘာသာရပ်နှင့် အလုပ်အကိုင်မှာ တထပ်တည်း ဖြစ်နေလောက်ပါပြီ။

သို့သော် မိမိတို့လို တက်ခဲ့တဲ့သူတွေအတွက်ကတော့ နှမျောမိပါ၏။ ထို့အတွက်ကြောင့် နောင်အနာဂတ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးနှင့် အလုပ်အကိုင်မှာ ထပ်တူနီးပါး ကျမည်ဆိုပါက ပို၍ သင့်လျော်မည်ဟု ခံစားမိပါကြောင်းပါ သမ္မတကြီးခင်ဗျာ။

ထို့ပြင် သူငယ်တန်းကတည်းက ၁၀ တန်းအထိ အင်္ဂလိပ်စာ သင်ယူခဲ့သော်လည်း အလုပ်ခွင်ဝင်သောအခါ အင်္ဂလိပ်စာ ကောင်းကောင်း မဖတ်တတ်ပါ။ အင်္ဂလိပ်စကားလည်း ရေရေလည်လည် မပြောတတ်ပါ။

ထို့ကြောင့် ရုံးတွင် လိုအပ်သည်ဆိုသောကြောင့် အပြင်သင်တန်းတစ်ခု တက်ရပါသည်။ အစကလို ပြန်သင်ရပါသည်။

အကယ်၍များ သူငယ်တန်းကတည်းက ၁၀ တန်းပြီးတဲ့နောက်မှာ ဒုတိယဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်စာကို တူတူတန်တန် ရေးနိုင်ဖတ်နိုင်တဲ့ အဆင့်ဖြစ်ခဲ့ကြမည်ဆိုပါက အချိန်ကုန်သက်သာသည့်အပြင် ကျွန်တော်တို့အတွက်လည်း များစွာ အကျိုးရှိနိုင်မည်ဟု ထင်မိပါသည်ခင်ဗျာ။

ရိုသေလေးစားစွာဖြင့်

မောင်ကျော်မင်း

ဦးဝေအောင်က စာကိုဖတ်ပြီး မျက်ခုံးတစ်ချက်ပင့်လိုက်သည်။ သူလည်း ရုံးလိုအပ်ချက်အရ အင်္ဂလိပ်စာ ပြန်သင်ခဲ့ရတာကို အမှတ်ရမိသည်။

ဒါနဲ့ ဖိုင်တွဲရန် ဘေးဖယ်ထားလိုက်သည်။ ဤသို့ဖြင့်



စာများကို တစ်ခုချင်းစီ ဖောက်ဖတ်လိုက်၊ သက်ဆိုင်ရာခြင်းများထဲသို့ ပြန်ထည့်လိုက်နှင့် အချိန်အတော်ကုန်သွားပြီ ဖြစ်သည်။

နာရီကို တစ်ချက်ကြည့်လိုက်ရာ နေ့လယ်ထမင်းစားချိန်ပင် ရောက်တော့မည် ဖြစ်သည်။

ခြင်းသုံးခြင်းကို ကြည့်လိုက်သောအခါ 'အရေးကြီးစာ'ခြင်းနှင့် 'ပုံမှန်စာ'ခြင်းများတွင် စာများနှင့် ပြည့်နေလေ၏။

'ပယ်သင့်သည့်စာများ' ခြင်းတွင်တော့ စာတစ်စောင်မှ မရှိသေးချေ။

"ကိုဝေအောင် . . . ထမင်းသွားစားရအောင်လေ"

ရုံးအရာရှိတစ်ယောက်က သူ့စားပွဲနားလာပြီး ခေါ်သည်။

"အင်း . . . ဒီစာလေး တစ်စောင်ဖတ်ပြီးရင် လာခဲ့မယ် သွားနှင့်"

လက်ထဲက စာကို ထောင်ပြလိုက်ပြီး အော်ပြောလိုက်သည်။

"ဒါဆိုလည်း ထမင်းစားဝိုင်းမှာပဲ စောင့်နေတော့မယ် . . . ကြာနေနဲ့ဦး"

"အင်းပါဗျ"

ထိုအရာရှိ ထွက်သွားပြီးပြီးချင်း စာကို ခပ်သွက်သွက်လေး ဖောက်ဖတ်လိုက်သည်။

"ဟင် . . . ဘာစာကြီးတုံးဟ"

စာအိတ်ထဲက စာနှစ်စောင်ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်မှာ ခပ်ရှည်ရှည်ရေးထားပြီး နောက်တစ်စောင်မှာ ခဲတံဖြင့်ရေးထားသောကြောင့် အနည်းငယ်သာ ပါသည်။

ဒါနဲ့ ခပ်ရှည်ရှည်ရေးထားသော စာကို စဖတ်လိုက်သည်။

■

(၂၂)

"ဘယ်လိုစာကြီးလဲဟ"

ဦးဝေအောင်မှာ စာကို နောက်ထပ်ခေါက် ပြန်ဖတ်သော်သည်း နားမလည်ပဲ ဖြစ်နေသည်။

ထို့နောက် ပူးတွဲပါ စာကိုလည်း ယူဖတ်ကြည့်သည်။

ခဲတံဖြင့် ရေးထားသော ဒုတိယစာကလည်း ဘာကို ဆိုလိုမှန်းလည်း မသိချေ။

ဓိုက်ကလည်း ဆာလာ၏။ နာရီကလည်း ဆယ့်နှစ်နာရီထိုးနေပြီ ဖြစ်သည်။

ထို့ကြောင့် စာနှစ်ခုလုံးကို နောက်တစ်ခေါက် အသေးစိတ်ပြန်ဖတ်လိုက်သည်။

လူတစ်ဦးတစ်ယောက်က နောက်လိုက်သည့် စာဖြစ်လိမ့်မည်။ သူသည် ထိုသို့သော နောက်နောက်ပြောင်ပြောင် ရေးထားသည့် စာများကို လက်ခံရရှိ ဖတ်ဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီစာကတော့ တစ်မျိုးဖြစ်၏။ ဒါပေမယ့် နောက်ပြောင်သော စာဟုပင် မှတ်ယူရပေမည်။

ဗိုက်လည်းဆာလာသောကြောင့် လက်ထဲရှိ စာနှစ်စောင်ကို စာအိတ်ထဲတွင် ပြန်ထည့်ကာ ခြင်းတစ်ခြင်းထဲ ပစ်ထည့်လိုက်၏။

ထို့နောက် ထမင်းစားရန်အတွက် ခုံမှ ထွက်သွားလေသည်။ သူပစ်ထည့်လိုက်သောခြင်းမှာ စာတစ်စောင်မှ မရှိသေးသော 'ပယ်သင့်သည့်စာများ'ဟု ရေးထားသည့် ခြင်းဖြစ်သည်။

■

(၂၃)

နောက်နှစ်နာရီခန့်ကြာသောအခါတွင် ဦးဝေအောင်၏ ပယ်သင့်သည့်စာများ ခြင်းတောင်းထဲတွင် စားများတော်တော်ရောက်နေပြီဖြစ်သလို စားပွဲပေါ်က ဖတ်ရန်စာများလည်း ပြီးလုပြီဖြစ်သည်။

"ဆရာ"

အခန်းပေါက်ဝတွင် ရုံးစာရေးလေးတစ်ယောက်ကို တွေ့ရသည်။

"ဟေ..."

"ဟို... ဆရာခေါ်တယ်ဆိုလို့"

"ဪ... အေး... လာပါဦးကွ"

ဟု ခေါ်လိုက်ပြီး ခြင်းတောင်းထဲက စာများကို သူမှာထား

www.burmeseclassic.com

www.burmeseclassic.com



သည့် အရှိုးအစားများအလိုက် ခွဲခိုင်းလိုက်သည်။

"ဒါက စုံစမ်းစစ်ဆေးမယ့် ဌာနကိုပို့လိုက်၊ ဒါကတော့ ဝန်ကြီး ဆီကို ပို့ပေးရလိမ့်မယ်၊ ဒါကတော့ စိစစ်ရမယ့်စာဖြစ်တယ်၊ ဖိုင် သေသေချာတွဲနော်၊ မမှားစေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ရုံးစာရေးလေးက သေချာစိစစ်ပြီး ဖိုင်တွဲနေသည်။

ဦးဝေအောင် ဌာနသည် အထူးလျှို့ဝှက်စာများ ဖွင့်ဖောက် ရလေ့မရှိသောကြောင့် ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်းဖွင့်ဖောက်၊ စစ်ဆေး၊ ဖိုင်တွဲ ပေးပို့ရခြင်းဖြစ်သည်။

ယခုလည်း ဖိုင်တွဲစရာ ရှိသည်များကို တွဲခိုင်းပြီးနောက် နောက်ဆုံးကျန်ရှိသည့် 'ပယ်သင့်စာများ'ကို ခြင်းတောင်းထဲက အကုန်ထုတ်ယူလိုက်ပြီး-

"ဒီစာတွေကိုလည်း အရေးမကြီးဖိုင်နှင့် စာများထားရာ အခန်းထဲထည့်သိမ်းထားလိုက် ဟုတ်ပြီလား၊ ငါ အပြင်ခဏ သွား လိုက်ဦးမယ်"

ဦးဝေအောင်သည် ရုံးစာရေးအား ခိုင်းပြီးနောက် အခန်း အပြင်သို့ ထွက်သွားလေသည်။

ရုံးစာရေးလေးကလည်း ဦးဝေအောင် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်းလုပ်ပြီးနောက် နောက်ဆုံးကျန်ရှိနေသည့် 'ပယ် သင့်သည့်စာများ'ကို သပ်သပ်စီထားလိုက်သည်။



ထို့နောက် ထိုသပ်သပ်စီထားသည့် စာများကို အရေးမကြီး သည့် ဖိုင်များနှင့် စာများထားရာ စတိုခန်းထဲသို့ထည့်ကာ သော့ ခတ်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

၍သို့ဖြင့် အဘွားကြီးစာမှာ 'အရေးမကြီးသည့်စာများ' ထားသည့် အခန်းထဲသို့ ရောက်ရှိသွားလေတော့သည်။

## (၂၄)

ဦးဘဆွေသည် သူ့သားနှစ်ယောက်ကို တစ်ချက်ကြည့်လိုက်သည်။ နှစ်ယောက်စလုံး ကျောင်းစာများ လုပ်နေသည်ကို တွေ့ရသောကြောင့် ကျေနပ်သွားသည်။

သူ့မိန်းမကတော့ မနက်ဖြန်မနက် သူ့ထမင်းချိုင့်အတွက် အဆင်သင့်ချက်ပြုတ်နိုင်ရန် ပြင်ဆင်နေလေ၏။

ထို့နောက် သူ့အကြည့်က ဖွင့်ထားသော တီဗီဆီသို့ ရောက်သွားသည်။ ထိုအခါမှပဲ တီဗီမှာ သတင်းလာနေသည်ကို သတိထားမိလိုက်သည်။

"၈ နာရီ ထိုးနေပြီပဲ"

အသံနည်းနည်း ချဲ့လိုက်သည်။

သတင်းမှာ နိုင်ငံတော်သမ္မတကြီးက စက်ရုံတစ်ရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးနေသည့်သတင်းကို လွှင့်နေခြင်း ဖြစ်သည်။

ဦးဘဆွေသည် သက်ပြင်းတစ်ချက်ချလိုက်၏။ မိမိပို့လိုက်သော အဘွားကြီးစာမှာ သမ္မတကြီးဆီသို့ ရောက်သွားပြီး သမ္မတကြီး ဖတ်မှဖတ်ပါ့မလားဆိုကာ သတိရသွားသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လေပြင်းတစ်ချက်တိုက်သွားပြီး အိမ်ရှေ့တံခါးမှာ ဒုန်းခနဲ ပွင့်သွားလေ၏။

သားငယ်နှစ်ယောက်က 'အမယ်လေး'ဟု လန့်သွားကြပြီး ဇနီးကလည်း ရုတ်တရက် ထအော်မိ၏။

အပြင်မှာ လေတော်တော်တိုက်နေသောကြောင့် တံခါးမှာ ခပ်ကြမ်းကြမ်း ပွင့်သွားခြင်းဖြစ်သည်။

ထိုင်နေရာမှ ခပ်မြန်မြန်ထလိုက်ပြီး တံခါးကို အတင်းပိတ်ကာ ချက်ထိုးလိုက်၏။

တံခါးကို ခပ်မြန်မြန်ပိတ်လိုက်စဉ်တွင် အဘွားကြီးတို့အိမ်ဆီမှ မီးအလင်းရောင်လိုလို ဘာလိုလိုမြင်လိုက်ရသောကြောင့် တံခါးကို ခပ်မြန်မြန်ဖွင့်ပြီး ထိုအိမ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

မည်သည့်အလင်းရောင်ကိုမျှ မတွေ့ရချေ။

ရုတ်တရက် ထင်ယောင်ထင်မှား ဖြစ်တာပဲလေဟု တွေးလိုက်ပြီး တံခါးကို ချက်ပြန်ထိုးလိုက်သည်။

ပြီးနောက် အိမ်ဘက်ဆီသို့ ပြန်လှည့်ပြီး သတင်းကို ဆက်ကြည့်နေလိုက်သည်။ နှုတ်ကလည်း တိုးတိုးလေး ရေရွတ်မိသည်။

"မဖြစ်နိုင်ပါဘူး အဘွားရယ်"

■

## (၂၅)

နောက်တစ်နေ့တွင် ဦးဝေအောင်သည် ခေါင်းမီးတောက်နေလေ၏။ မည်သို့ဆိုသော် သမ္မတကြီးနာမည်နှင့်လာသော ဝင်စာအရေအတွက်မှာ စာရင်း၌ ၂၅ စောင်ဖြစ်နေသော်လည်း မိမိသက်ထဲရှိစာမှာ ၂၄ စောင်ပဲ ဖြစ်နေသောကြောင့် ဖြစ်သည်။

"ဒုက္ခပါပဲ. . .။ မနေ့ကလေးတင် ၂၅ စောင်ပါ၊ ဒီနေ့မှ ဘယ်လိုဖြစ်လို့ ၂၄ စောင်ပဲ ရှိတော့တာလဲ. . . တင်မောင်ဝင်းများ ဘာတွေလုပ်ထားလဲ မသိဘူး"

တင်မောင်ဝင်းဆိုသည်မှာ မနေ့က သူခိုင်းလိုက်သော ရုံးစာရေးလေးဖြစ်သည်။

ဒါကြောင့် ရုံးခန်းရှေ့မှာရှိသော သူတစ်ယောက်ကို တင်မောင်ဝင်းအား အမြန်ခေါ်ခဲ့ရန် လွှတ်လိုက်ရသည်။

ခဏအကြာတွင် တင်မောင်ဝင်းသည် ဦးဝေအောင်ရှေ့သို့ ရေးကြီးသုတ်ပြာ ရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ငါထားခဲ့တဲ့ စာတွေက ဒီအတိုင်းပဲလား"

"ဟုတ်ပါတယ် ဆရာ. . . ဒါတွေပါပဲ၊ စတိုခန်းထဲ ပို့သင့်တဲ့ စာတွေတော့ ပို့ပြီးပါပြီ"

ကျန်တဲ့တစ်စောင်က စတိုခန်းထဲများ မှားပါသွားသလားဆိုပြီး စိတ်ထင့်လိုက်သည်။

သေချာပါသည်။ သူ့စားပွဲပေါ်မှာမရှိလျှင် မနေ့က စတိုခန်းထဲ ထည့်လိုက်သောစာများနှင့် ရောပါသွားသည်မှာ သေချာသလောက်ပင် ဖြစ်သည်။

နာရီကို တစ်ချက်ကြည့်လိုက်သည်။

"ဒုက္ခပဲ အချိန်နီးနေပြီ"

သမ္မတကြီးဆီသို့ ဝင်စာများ ပေးပို့ရန်အချိန်မှာ နီးကပ်နေသောကြောင့် ဦးဝေအောင်မှာ ပို၍ပင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားလေသည်။

"သွား မနေ့ကစာတွေ အကုန်ပြန်ယူလာခဲ့"

"ဟုတ်. . . ဟုတ်ကဲ့"

တင်မောင်ဝင်း ထွက်သွားပြီးနောက် ဦးဝေအောင်သည် သူ့စားပွဲအောက်တွေမှာများ ကျနေသလားဆိုပြီး လိုက်ရှာကြည့်သေးသည်။

မတွေ့. . .။ သူ့ရုံးစာရေးမလေးတစ်ယောက်ကို အကူအညီခေါ်ပြီးတော့ တစ်ခန်းလုံး လိုက်ရှာကြည့်ပြန်သည်။



ဝင်စာ၊ ထွက်စာများ စိစစ်လက်ခံပြီး ပေးပို့သည့်ပုံစံကို တစ်လျှောက်လုံး လုပ်လာခဲ့သည်မှာ အမှားအယွင်း မရှိခဲ့ချေ။

ဒီနေ့မှ စာတစ်စောင် ပျောက်နေသည်ဆိုတော့ ထိတ်ထိတ်သန့်လန့် ဖြစ်သွားကြခြင်းဖြစ်သည်။

ထို့ပြင် အခြားစာဆိုပါက အေးအေးဆေးဆေး လုပ်နိုင်သော်လည်း ယခုစာက သမ္မတကြီးဆီကို လိပ်မူထားသော စာဖြစ်ခြင်းကြောင့် မည်သည့်အကြောင်းအရာပင် ပါဝင်စေကာမူ သမ္မတကြီးဆီသို့ အချိန်မီ တင်ပေးရမည်ဖြစ်သည်။

တင်မောင်ဝင်း ပြန်ရောက်လာ၏။

"ဆရာ ဒီမှာ စာ ၆ စောင်"

"ဟင်. . . ငါဖယ်ထားတဲ့စာက ၅ စောင်ပါ၊ ဘယ်လိုဖြစ်လို့ ၆ စောင် ဖြစ်နေရတာလဲ"

"မသိဘူး ဆရာပေးတဲ့အတိုင်းပဲ သွားထားလိုက်တာ"

"ထားလိုက်တော့၊ ဘယ်စာက အမှန်လဲဆိုတာ မသိဘူး. . . ဟဲ. . . အားလုံး ငါ့ကိုပေးလိုက်တော့. . . အချိန်မရှိဘူး"

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ဦးဝေအောင်သည် နိုင်ငံတော်သမ္မတ၏ လက်ထောက် ကိုယ်ရေးအရာရှိ ရုံးအဖွဲ့သို့ စာများတင်ပြီးမှသာ သက်ပြင်းချနိုင်လေသည်။

အချိန်ကိုကြည့်လိုက်တော့ စာတင်ရမည့်အချိန် ကွက်တိဖြစ်နေသောကြောင့် စိတ်သက်သာရာ ရသွားသည်။

ထို့နောက် မိမိရုံးစားပွဲသို့ ပြန်အရောက်တွင် 'သမ္မတကြီးဆီသို့ ကိုယ်ရေးအရာရှိမှတစ်ဆင့် ဝင်စာများ တင်ပေးပြီး'ဟု ပြုလုပ်ပြီး လုပ်ငန်းများစာရင်းတွင် ရေးသွင်းထားလိုက်သည်။

ထို့နောက် လုပ်ရမည့်စာရင်းရှိ နောက်အလုပ်တစ်ခုကို စတင်ရန်အတွက် ပြင်ဆင်လိုက်သည်။

အချိန်မှာ မနက် ၁၀ နာရီခွဲ ရှိနေပြီဖြစ်သည်။

ဦးဝေအောင် စာတင်ပြီး မကြာမီအချိန်တွင် သမ္မတကြီး၏ လက်ထောက်ကိုယ်ရေးအရာရှိ တစ်ဦးဖြစ်သည့် ဦးတင်မြင့်သည်



သမ္မတကြီးရုံးခန်းအတွင်းမှ ပြန်ထွက်လာလေ၏။

ထို့နောက် မိမိစားပွဲသို့ ရောက်သောအခါတွင် ဝင်စာများကို တွေ့ရသောကြောင့် မိမိလုပ်ရန်စာရင်းမှ သမ္မတကြီးဆီသို့ ပြည်သူ့ ဝင်စာများ တင်ရန်ကိစ္စကို သတိရလိုက်သည်။

သမ္မတကြီးသည် အချိန်ပြည့် ဆွေးနွေးပွဲများ၊ စီမံခန့်ခွဲမှုများနှင့် မအားလပ်အောင် ဖြစ်နေသော်လည်း တစ်ပတ်တွင် တစ်ရက်၊ တစ်ရက်တွင် အချိန်အကန့်သတ်တစ်ခုဖြင့် ပြည်သူထံမှ စာများကို ဖတ်ရှုလေ့ရှိသည်။

ပြီးနောက် မှတ်ချက်များဖြင့် နေ့လည်ချပေးလေ့ရှိ၍ ထိုမှတ်ချက် များကို လက်ထောက်အရာရှိတစ်ဦးဖြစ်သည့် မိမိမှ လုပ်ဆောင် ပေးရလေ့ရှိသည်။

ယနေ့သည် သမ္မတကြီး သတ်မှတ်ပေးထားသည့် နေ့ရက်ပင် ဖြစ်သည်။

ပြည်သူ့ထံမှ စာများသည် ယခင်တစ်ပတ်ကလောက် မများပေ။ ဦးဝေအောင်တို့ ဝင်စာလက်ခံဌာနမှ စိစစ်လိုက်ခြင်း ဖြစ်ပုံရသည်။

လိုအပ်သည်ဟု ထင်ရသောစာများနှင့် သမ္မကြီး နာမည်ပါသော စာများကိုသာ တိုက်ရိုက်ပေးပို့လေ့ရှိသည်။

စာများကို ပေးပို့သူနာမည်နှင့် လိပ်စာများအတိုင်း စာရင်း သွင်းလိုက်ပြီး သမ္မတကြီး စားပွဲသို့ ပို့ရန်အတွက် ဖိုင်တွဲများ စီလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ သမ္မတကြီး သတ်မှတ်ထားသော အချိန်ဖြစ်သည်။ သို့သော် ရုံးခန်းထဲတွင် သမ္မတကြီးသည် ဝန်ကြီးနှစ်ဦးနှင့် အစည်းအဝေး လုပ်နေလေ၏။

ထိုအစည်းအဝေးပြီးမှပင် ဝင်စာများကို သမ္မတကြီး စားပွဲပေါ်သို့ တင်ပေးရမည် ဖြစ်သည်။

ထို့ကြောင့် ဦးတင်မြင့်သည် အခြားအလုပ်များကို ဆက်လုပ်နေ၏။

■

ခဏအကြာတွင် သမ္မတကြီး၏ လက်ထောက် ကိုယ်ရေးအရာရှိ တစ်ဦးဖြစ်သည့် ဦးတင်မြင့်သည် လက်ထဲက စာဖိုင်များကိုကိုင်ပြီး သမ္မတကြီး ရုံးခန်းထဲသို့ ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

"ရှင် ဟိုသတင်း သိပြီးပြီလား"

ရှုံးက ပြန်ရောက်ရောက်ချင်း အဝတ်အစားပင် မလဲရသေးခင် သူ့မိန်းမက အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဘာသတင်းလဲ"

အင်္ကျီကို ချွတ်ရင်း ပြန်မေးရသည်။

"ဟိုဘက်အိမ်က သေသွားတဲ့ အဘိုးကြီး၊ အဘွားကြီး အကြောင်းလေ"

"ဘာဖြစ်လို့လဲ"

အင်္ကျီကို အဝတ်တောင်းထဲ ပစ်ထည့်လိုက်သည်။

"အဲဒီအိမ်ကို ငှားဖို့အတွက် ဒီနေ့ အိမ်ငှားတွေ လာကြည့်တယ်"

"ဟင်. . . ဟုတ်လား"

အဘိုးကြီး၊ အဘွားကြီး ဆုံးသွားကတည်းက ထိုအိမ်ကို ငှားဖို့



ခဲ့မရဲ ဖြစ်နေကြသည်။

အခုတော့ ထိုအိမ်ကို ငှားဖို့ ပထမဆုံး ကြားရခြင်းဖြစ်သည်။ ဒါနဲ့ ဦးဘဆွေလည်း စိတ်ဝင်စားသွားပြီး-

"ဘယ်သူတွေလဲ"

"ဟိုဘက်လမ်းထဲက လင်မယား နှစ်ယောက်ပါ၊ ဒီအိမ်က ဈေးပေါတော့ ငှားဖို့ လာကြည့်တာလေ၊ အခြားသူတွေ ပြောတဲ့ စကားကို မယုံဘဲ လာကြည့်ကြတာ"

ဦးဘဆွေတို့ ရပ်ကွက်ထဲမှာက ထိုအဘိုးကြီး၊ အဘွားကြီး နေခဲ့သော အိမ်သည် သရဲခြောက်သည်ဟု နာမည်ကြီးနေသောကြောင့် ဘယ်သူမှ မငှားရဲကြခြင်းဖြစ်သည်။

ဦးဘဆွေ ကိုယ်တိုင်တောင်ပင် မနေ့ညက အဘိုးကြီး၊ အဘွားကြီး အိမ်မှာ မီးလင်းနေသည်ဟု ထင်ယောင်ထင်မှား ဖြစ်ခဲ့သေးသည်။

"ဒါဆို အဲဒီအိမ်က အိမ်ငှား ရသွားပြီပေါ့"

"ဘယ့်နှယ်ရရမှာလဲ၊ လာကြည့်တဲ့ နေ့မှာပဲ ပြဿနာ ဖြစ်တယ်လေ"

"ဟင်. . . ဘာဖြစ်ကြတာလဲ"

ထိုစကားကို ဦးဘဆွေမှာ အတော်လေး စိတ်ဝင်စားသွားသည်။

"အိမ်ပေါ်တက်ကြည့်တုန်းမှာပဲ ပျဉ်ပြားကျိုးပြီး အိမ်ငှားမယ့် အမျိုးသမီး ခြေထောက် ကျိုးသွားတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အို. . ."

တိုက်ဆိုင်မှုဟုဆိုသော်လည်း ဒီရပ်ကွက်မှာရှိတဲ့ လူတွေက ထိုခြေထောက် ကျိုးသွားခြင်းသည် အဘိုးကြီးနဲ့ အဘွားကြီး လက်ချက်ပဲဟု ယူဆကြမည်ဖြစ်သည်။

"အိမ်ရှင် မအေးမာလည်း သူ့အိမ်ကို စိတ်ဝင်စားမယ့်လူရှိလို့ ပျော်လို့မဆုံးသေးဘူး အဲ့ဒီလိုဖြစ်တော့ ပိုဆိုးသွားတာပေါ့ရှင်"

ခပ်လှမ်းလှမ်းမှာရှိနေသော အဘိုးကြီးနှင့် အဘွားကြီးအိမ်ကို အမှတ်မထင် လှမ်းကြည့်မိသည်။

ထူးထူးခြားခြား ဘာမှ မတွေ့ရ။ ခပ်ယှဲယှဲ အိမ်လေးတစ်လုံးသာဖြစ်သည်။

"လူတွေကလည်း အဲ့ဒီအိမ်ပေါ်က ပစ္စည်းတွေကြောင့်လို့ ပြောကြတယ်"

"ယူပြီး. . . ဘုန်းကြီးကျောင်း လှူလိုက်ပါလား"

"အယ်. . . ဘယ်သူမှ မကိုင်ရဲပါဘူးတော်"

ဦးဘဆွေလည်း အဝတ်အစားတစ်ခု ကောက်ဝတ်ပြီးနောက် အပြင်ထွက်ရန် ပြင်လိုက်သည်။

"ဒါက ဘယ်တုံး"

"လမ်းထိပ် ခဏသွားလိုက်ဦးမယ်"

"အပိုတွေ မဖြုန်းခဲ့နဲ့နော်"

"အေးပါ"



"မြန်မြန်ပြန်လာခဲ့ဦး. . . တော်ကြာ ရှင့်သားနှစ်ယောက်ပြန်လာလို့ ဗိုက်ဆာတယ်ဆိုရင် အဆင်သင့် လူစုံစားလို့ရအောင်"

"အေးပါ"

ကတိပေါင်းများစွာပေးရင်း အိမ်ထဲမှ ထွက်ခဲ့ရသည်။

အိမ်အပြင်အရောက်တွင် ဦးဘဆွေ၏ ခြေလှမ်းများသည် ခပ်လှမ်းလှမ်းရှိ အဘိုးကြီး၊ အဘွားကြီးအိမ်ကို ဦးတည်နေမိသည်။

ထွေထွေထူးထူး စဉ်းစားထားတာ မရှိဘဲ သူ၏ ခြေလှမ်းများက အလိုလိုသွားချင်နေမိသောကြောင့် ဦးဘဆွေကိုယ်တိုင်ပင် အံ့သြနေမိသည်။

အိမ်တံခါးမှာ ဖွင့်ထား၏။

အထဲမှာ အဘိုးကြီးနှင့် အဘွားကြီးပိုင် ပစ္စည်းတချို့ ရှိနေသော်လည်း ယူချင်သူများ ယူစေရန်အတွက် ပစ်ထားခြင်း ဖြစ်ပုံရသည်။

အိမ်ပေါ်ကို လှမ်းတက်လိုက်သည်။

အပေါက်ကြီးတစ်ခုကို တွေ့ရသောကြောင့် မနက်က အမှိုက်သိမ်းကျွံကျတဲ့နေရာပဲ ဖြစ်ပေလိမ့်မည်။

အိမ်ထဲတွင် ဖုန်များ၊ အမှိုက်များနှင့် ပြည့်နေပြီး အနံ့အသက်များကလည်း သိပ်မကောင်းလှပေ။

ထိုစဉ် ကြက်သီးထသွားသောကြောင့် ဦးဘဆွေပင် ရုတ်တရက် ထိတ်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ခပ်လှမ်းလှမ်းတွင်တော့ အဘိုးကြီးနဲ့ အဘွားကြီးပိုင် သေတ္တာတစ်လုံးကို တွေ့ရသည်။

■

(၂၈)

လက်ထောက်ကိုယ်ရေးအရာရှိ ဦးတင်မြင့်သည် သမ္မတကြီးဆီ တင်ထားသော စာများ၊ ဖိုင်တွဲများ၊ လက်မှတ်ထိုးရန် စာရွက်စာတမ်းများ တစ်ထပ်လိုက်ကြီးပိုက်ပြီး သမ္မတကြီး၏ ရုံးခန်းထဲမှ ပြန်ထွက်လာသည်။

မိမိစားပွဲသို့ ရောက်သောအခါ ယူလာသော လက်မှတ်ထိုးပြီး စာများကို သက်ဆိုင်ရာ ဌာနသို့ပို့ရန်အတွက် သပ်သပ်ခွဲထားသည်။

"တစ်ယောက် လာပါဦး"

အခန်းထဲက တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး စာများကို သူ့ဌာနအလိုက် ခွဲခြား ပို့ခိုင်းလိုက်သည်။

"ဒါက နိုင်ငံခြားရေးက တင်ထားတဲ့စာနော်၊ သေချာဖိုင်တွဲပြီး သက်ဆိုင်ရာကို ပြန်ပို့ပါ၊ အောက်မှာ သမ္မတကြီးရဲ့ မှတ်ချက်ပါတယ်နော်၊ သေချာလုပ်၊ ဒါက လွှတ်တော်ကို ပြန်ပို့ရမယ့် စာရွက်စာတမ်းတွေ"

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ပေါင်းစုံ မမောနိုင်၊ မပန်းနိုင် မှာပြီးနောက် သမ္မတကြီး ဆီတာ ပြန်ယူလာသော တိုင်စာများကို စတင်ကိုင်တွယ်ရလေသည်။

ပထမစာနှင့် ဒုတိယစာမှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အကြောင်းကို အထောက်အထားများနှင့်တကွ ရေးသားတိုင်ထားခြင်း ဖြစ်သည်။

ပစ်စာမဟုတ်ဘဲ ရေးသားသူ၏ အချက်အလက် အပြည့်အစုံများလည်း ပါသည်ဖြစ်သောကြောင့် သမ္မတကြီးမှ 'သေချာစုံစမ်းအရေးယူရန်'ဟူသော မှတ်ချက်ဖြင့် တွေ့ရလေသည်။

ထိုစာနှစ်စောင်ကိုတော့ သမ္မတရုံး၏ တိုင်ကြားစာများ စုံစမ်းရေးအဖွဲ့သို့ပို့ရန် မှတ်ထားလိုက်သည်။

သမ္မတရုံး၏ တိုင်ကြားစာများ စုံစမ်းရေးအဖွဲ့တွင် သမ္မတကြီးကိုယ်တိုင် ရွေးချယ်ခန့်အပ်ထားသော အဖွဲ့ဝင်ငါးဦး ပါဝင်သည်။

သမ္မတကြီးဆီ ဦးတည်လာသော တိုင်ကြားစာများပါ အချက်အလက်များကို မှန်၊ မမှန် စိစစ်ရသောအဖွဲ့ဖြစ်ပြီး သမ္မတကြီးထံသို့ တိုက်ရိုက်ဖြစ်ရပ်မှန်များ တင်ပြခွင့်ရှိသည့် အဖွဲ့ဖြစ်သည်။

လွပ်လပ်ပြီး လျှို့ဝှက်စွာ လုပ်ဆောင်ရသည့် အဖွဲ့လည်း ဖြစ်သည်။ အဖွဲ့ဝင်များမှာ-

(၁) ဦးဆွေလှိုင် -ခေါင်းဆောင်

(၂) ဦးထွန်းရင် - အဖွဲ့ဝင်

(၃) ဦးစိုးစိုး - အဖွဲ့ဝင်



(၄) ဦးတင်မောင် - အဖွဲ့ဝင်

(၅) ဦးမောင်မောင် - အဖွဲ့ဝင်

တို့ဖြစ်သည်။

ဦးတင်မြင့်သည် နောက်ထပ် တိုင်စာနှစ်ခုကို ချက်ချင်းအရေးယူဖို့အတွက် မှတ်ချက်ချထားသောကြောင့် သက်ဆိုင်ရာဌာနမှ အရာရှိများကို ခေါ်တွေ့ သတိပေးအကြောင်းကြားရန်ရေးမှတ်ထားလိုက်ရသည်။

ထိုသို့ဖြင့် တိုင်စာများကို သမ္မတကြီး မှတ်ချက်ဖြင့် သက်ဆိုင်ရာတိစွမ်းများကို ခွဲခြားစိစစ်ကာ အချို့ကို ချက်ချင်းပို့ဆောင် အရေးယူရန် လုပ်ဆောင်ရပေသည်။

မကြာမီအချိန်တွင် ဦးတင်မြင့်လက်ထဲ၌ နောက်ဆုံး စာတစ်စောင်သာ ကျန်ခဲ့လေတော့သည်။

စာမှာ နှစ်စောင်ဖြစ်နေပြီး သမ္မတကြီးရဲ့ မှတ်ချက်ကို အရင်ကြည့်လိုက်သည်။

"ဟင်"

သမ္မတကြီး၏ လက်ရေးခပ်သော့သော့ဖြင့် ရေးထားသော အောက်ပါမှတ်ချက်ကို တွေ့ရလေသည်။

'ထူးဆန်းသော စွပ်စွဲချက်ဖြစ်သောကြောင့် စုံစမ်းပြီး အသေးစိတ် တင်ပြရန်'

စာနှစ်စောင်ကို ဖတ်ကြည့်လိုက်ရာ တစ်စောင်မှာ ဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ရေးထားသည့် စာဖြစ်ပြီး၊ အခြားတစ်စောင်မှာ ခဲတံဖြင့် ရေးထားသော စာတစ်စောင်ဖြစ်ပြီး လက်ရေးမှာလည်း မနည်းဖတ်ရသည်။ တချို့နေရာတွေမှာလည်း စာလုံးပေါင်း မှားလေ၏။

စာပါအကြောင်းအရာများမှာလည်း မပြည့်မစုံဖြစ်နေပြီး အဓိပ္ပာယ်မရှိသည့် ပစ်စာတစ်စောင်ပင် ဖြစ်ပေလိမ့်မည်ဟု ထင်မိလေသည်။

သို့သော် သမ္မတကြီးကိုယ်တိုင်က စုံစမ်းခိုင်းထားသောကြောင့် တိုင်ကြားစာများ စိစစ်ရသော အဖွဲ့ကို ပို့ရန် စာရင်း၌ ရေးမှတ်ထားပြီး ချက်ချင်းပင် ထိုစာများကို ပို့ဆောင်လိုက်လေသည်။

■

## (၂၉)

"ရှင့်ကို ရပ်ကွက်ရုံးက ခေါ်ထားတယ်"

အလုပ်က ပြန်ရောက်ရောက်ချင်း ပြောချလိုက်သော သူ့မိန်းမ၏ အသံနှင့် ဟန်ပန်အမူအရာကိုကြည့်ပြီး ဦးဘဆွေပင် ထိတ်လန့်သွားလေသည်။

"ဘာကိစ္စလဲ"

"ဘယ်သိမလဲ. . . ရှင်ရှုပ်ထားတဲ့ကိစ္စ၊ ရှင့်ဘာရှင် သွားမေးပေါ့"

ဒီပုံစံကို ကြည့်ခြင်းအားဖြင့် ဘာကိစ္စကြောင့် ခေါ်တယ်ဆိုတာ သူ့မိန်းမ သိနေလောက်ပြီ ဖြစ်သည်။

စိတ်ဆိုးနေ၍သာ မပြောခြင်း ဖြစ်ပုံရသည်။ သေချာတာတစ်တော့ ရပ်ကွက်ရုံးက ခေါ်ထားသည့် ကိစ္စသည် မိမိအတွက် မကောင်းတာတော့ သေချာသည်။

ထို့ကြောင့် ဦးဘဆွေလည်း ဆက်မမေးတော့ဘဲ ရပ်ကွက်ရုံးကို ထွက်လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် အောင်ဗလတို့ လင်မယားနှင့် တွေ့သည်။

"ဘယ်တုန်းဗျ"

ဟု သူက နှုတ်ဆက်တာကို အူကြောင်ကြောင်နဲ့ ပြန်ကြည့်ပြီး နှုတ်မဆက်ဘဲ ထွက်သွားသောကြောင့် ဦးဘဆွေပင် ကြောင်တောင်တောင်ဖြစ်ပြီး ကျန်ခဲ့သေးသည်။

အောင်ဗလတို့ လင်မယားနှစ်ယောက်ပဲ ထိုသို့ ဖြစ်နေသည် မဟုတ်၊ လမ်းမှာတွေ့တဲ့ သူများကလည်း သူ့ကို အထူးအဆန်း သဖွယ် ဝိုင်းကြည့်နေကြသောကြောင့် စိတ်ထဲမှာ တစ်မျိုးပင် ဖြစ်လာလေသည်။

ထိုသို့ဖြင့် ရပ်ကွက်ရုံးသို့ ရောက်သွား၏။ ရပ်ကွက်ရုံးတွင်လည်း လူအများ ဝိုင်းအုံနေကြပြီး သူဝင်လာတာကို မြင်သော အခါတွင်-

"ဦးဘဆွေကြီး လာပြီ"

ဟု လူငယ်တစ်ယောက်က လှမ်းပြီး အော်လိုက်သောကြောင့် အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

ရပ်ကွက်ရုံးရှေ့ရှိ အိမ်များက လူများလည်း ထွက်လာကြသောကြောင့် ရပ်ကွက်ရုံးမှာ လူပိုများသွားလေသည်။

ဦးဘဆွေလည်း သူ့ကို ဝိုင်းအုံကြည့်နေသော သူများကိုကြည့်ပြီး အူကြောင်ကြောင်ဖြစ်နေကာ ခေါင်းကို တစ်ချက်ကုတ်လိုက်၏။

ထို့နောက် 'ဘာဖြစ်နေတာပါလိမ့်'ဟုတွေးပြီး ရပ်ကွက်စာရေးကြီးဆီသို့ တန်းသွားလိုက်သည်။



"ဥက္ကဋ္ဌခေါ်လို့ဆို"

စာရေးကြီးကလည်း သူဝင်လာတာကို ပြူးပြူးကြောင်ကြောင်နဲ့ ကြည့်နေ၏။

"ဟုတ်တယ်. . . အခန်းထဲ ဝင်သွားလိုက်. . . ခင်ဗျားဗျာ. . . ဟုတ်တာတွေ လျှောက်လုပ်နေတယ်"

"ဘာတုန်းဗျ. . . ဘာလုပ်ထားလို့လဲ"

"သွား. . . သွား. . . အထဲကို ဝင်သွားလိုက်"

ရပ်ကွက်ရုံး၏ ဥက္ကဋ္ဌအခန်းမှာ သီးသန့်အခန်းနှင့် ဖြစ်သည်။

ထို့ကြောင့် ဦးဘဆွေလည်း ရပ်ကွက်ဥက္ကဋ္ဌအခန်းထဲသို့ လှမ်းဝင်လိုက်၏။

ဥက္ကဋ္ဌအခန်းထဲတွင် ဥက္ကဋ္ဌနှင့်အတူ လူလေးဦးကို တွေ့လိုက်ရ၏။ ဥက္ကဋ္ဌ၏ မျက်နှာမှာလည်း မှုန်ကုတ်နေပြီး သူဝင်လာတာကို မြင်သောအခါတွင် ဒေါသထွက်နေသည့် အရိပ်အယောင်များအဖြစ် ပြောင်းသွားလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

"ခင်ဗျား ဘာတွေ လျှောက်လုပ်နေတာလဲ"

အခန်းထဲ ဝင်ဝင်ချင်း ဥက္ကဋ္ဌက သူ့ကို ဆူသောကြောင့် ဦးဘဆွေကလည်း မခံဘဲ-

"ကျွန်တော် ဘာလုပ်လို့လဲ ဥက္ကဋ္ဌရဲ့"

ဟု ပြန်ပြောလိုက်လေ၏။

"ဟ. . . ခင်ဗျားပို့လိုက်တဲ့ စာကြောင့် လူကြီးတွေ အလုပ်ရှုပ်ကုန်ပြီ"

ထိုအခါမှပဲ သူပို့လိုက်သော အဘွားကြီးရဲ့ စာကြောင့် ရပ်ကွက်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြောင်း သိလိုက်ရလေသည်။

သူရှေ့မှာတွေ့ရသော လူလေးဦးမှာလည်း သူ့စာအကြောင်းကို လာစုံစမ်းသောသူများပင် ဖြစ်ပေလိမ့်မည်။

"ခင်ဗျားက ဦးဘဆွေနော်"



ထိုအထဲမှ လူတစ်ယောက်က သူ့ကိုမေးသည်။

"ဟုတ်ပါတယ်"

"ဒီစာကို ဘယ်လို အကြောင်းကြောင့် ပို့ရတာလဲ"

သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်သည်။

ဥက္ကဋ္ဌရဲ့ မျက်နှာကိုလည်း တစ်ချက်ကြည့်ရသေး၏။ သူကတော့ မှုန်ကုတ်ပြီး ကြည့်နေသည်။

"ဒီလိုပါ. . ."

ဦးဘဆွေက အဘွားကြီးစာ ရရှိပုံ၊ ပျောက်ပျက်ပုံ၊ ပြန်ရပုံအသည့် သူ့လက်ထဲ စာရောက်လာသည်မှစ၍ သမ္မတကြီးဆီပို့လိုက်တဲ့အထိ အသေးစိတ် ပြောပြလိုက်၏။

သူပြောနေစဉ်အတွင်း အချို့နေရာများမှာ ဥက္ကဋ္ဌနှင့် ထိုလူလေးယောက်၏ မျက်နှာများမှာ ပြုံးယောင်သန်းသွားလေ၏။

သူလုပ်ကြံပြီး ပြောနေတာဟု ထင်ကြပုံရသည်။ ဦးဘဆွေလည်း ဒေါမစိုက်ပဲ သူ့စကားကို ဆုံးသည်အထိ ပြောပြပြီးနောက် ဘာများထပ်မေးဦးမလဲဆိုပြီး စောင့်နေလိုက်သည်။

ထိုလူလေးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီးနောက် ဥက္ကဋ္ဌကို တစ်ချက်ကြည့်သည်။

ဥက္ကဋ္ဌက ပြာပြာသလဲ ခေါင်းညိတ်လိုက်ပြီးနောက် သူ့ရှေ့ကို တည့်တည့်ကြည့်ကာ-

"ဒီမယ်. . . ဦးဘဆွေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဥက္ကဋ္ဌ"

"အခုကိစ္စက ဘာမှ မဟုတ်ပါဘူး၊ ဒီက လူကြီးတွေကိုလည်း ကျေပ်ရှင်းပြပြီးသွားပါပြီ၊ အဘွားကြီးက ကျွန်တော်တို့ ရပ်ကွက်ထဲက ပြောင်းလာတာ (၆)လပဲ ရှိသေးတယ်၊ ပဲပြုတ်ရောင်းတယ်၊ အဘိုးကြီးက ရောဂါသည်၊ မိသားစုဆိုလို့ သူတို့နှစ်ယောက်ပဲ ရှိတယ်၊ စာတောင်မှ မနည်းရေးတတ်အောင် ကြိုးစား ရေးနေရတာ၊ ပြီးတော့ ရပ်ကွက်ထဲက လူတွေရဲ့ ပြောစကားအရ အဘွားကြီးက နည်းနည်းလွတ်နေတယ်ဗျ"

ဦးဘဆွေက တစ်ချက်ငြင်းမလို့ ပြင်လိုက်သော်လည်း ဥက္ကဋ္ဌက ဆက်ပြီး ပြောနေသောကြောင့် ငြိမ်နေလိုက်ရသည်။

"ဒီတော့ အရင်ခြောက်လ ရှေ့ပိုင်းမှာ နေခဲ့တဲ့ရပ်ကွက်ကိုလည်း စုံစမ်းပြီးသွားပြီ၊ အဲ့ဒီရပ်ကွက်က လူတွေကလည်း အဘွားကြီး အကြောင်းကို ကျွန်တော်တို့ရပ်ကွက်ကအတိုင်းပဲ ပြောလိုက်ကြတယ်၊ အဘွားကြီးက သူဈေးရောင်းတဲ့ ရပ်ကွက်ထဲမှာလည်း ဘာတွေ ပြောမှန်းမသိ ပြောလေ့ ရှိတယ်တဲ့၊ ဟား. . . ဟား. . . အဲ့ဒါကို ခင်ဗျားက အကောင်းထင်ပြီး သမ္မတကြီးဆီ စာပို့သေးတယ်. . . . ဟား. . . . ဟား"

ကျန်တဲ့ လူလေးယောက်ကလည်း ဦးဘဆွေကို လှောင်ပြုံးပြုံးပြီး ကြည့်နေကြလေသည်။

ဦးဘဆွေကလည်း ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေသည်။



ဥက္ကဋ္ဌရုံးခန်းထဲရှိ ပန်ကာ၏လေကြောင့် စားပွဲပေါ်တင်ထားသော သမ္မတကြီးဆီ ပို့လိုက်သည့် အဘွားကြီးစာနှင့် သူ့ရဲ့ စာမှာ တဖျတ်ဖျတ် လွင့်နေလေသည်။

ဥက္ကဋ္ဌနှင့် လူလေးယောက် ပြောနေသည့် စကားများကို ကြားရတော့ဘဲ ဦးဘဆွေ မျက်လုံးထဲတွင် ထိုတဖျတ်ဖျတ် လွင့်နေသော စာကိုသာ တွေ့ရလေ၏။

တကယ်တော့ ဦးဘဆွေမှာ အဘွားကြီးနဲ့ ပတ်သက်၍ ဘာမှ ပြောစရာမရှိပါ။

သူ့အကြောင်းလည်းမသိ၊ နာမည်တောင် စာထဲမှာ ရေးထား၍ သိရသည်။

ထို့ကြောင့် ဥက္ကဋ္ဌပြောတာကိုပဲ လက်ခံရမလို ဖြစ်နေသည်။ တကယ်တော့လည်း အဘွားကြီးပြောသည့်စာပါ အကြောင်းများကို လက်ခံသောကြောင့် မဟုတ်ဘဲ စာက သူ့ထံသို့ အကြောင်းအမျိုးမျိုးနဲ့ ပြန်ရောက်လာ၍သာ ပို့လိုက်ခြင်းဖြစ်သည်။

"ခင်ဗျား. . . နောက်ထပ် ဘာမှ မလုပ်နဲ့တော့"

ဥက္ကဋ္ဌက သတိပေးသည်။

"ဟုတ်ကဲ့ပါ. . . ဥက္ကဋ္ဌ၊ ကျွန်တော် မသိလို့ လုပ်လိုက်မိတာပါ"

ရုံးခန်းထဲရှိ လူများမှာ ဦးဘဆွေအပြောကို သဘောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် ဦးဘဆွေမှာ ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ရုံးခန်းအပြင်ရောက်သောအခါ သူ့ကို ဝိုင်းကြည့်နေကြသော ရပ်ကွက်ထဲက လူများကို တွေ့လိုက်ရလေသည်။

ပို၍ဆိုးသည်က အိမ်ပြန်ရောက်သောအခါ သူ့မိန်းမက ထိုကိစ္စနှင့်ပတ်သက်ပြီး ဆူပူခြင်းပင် ဖြစ်သည်။

ဦးဘဆွေကလည်း သူမှားနေသောကြောင့် ဘာမှ ပြန်မပြောနိုင်ဘဲ ၊ ထိုတစ်ညလုံး ငြိမ်နေလိုက်ရသည်။

■

ထိုသို့ဖြင့် တိုင်ကြားစာများ စုံစမ်းရေးအဖွဲ့သည် အဘွားကြီးရဲ့စာကို အောက်ခြေအဆင့်ဆင့် စုံစမ်းစစ်ဆေးပြီးနောက် သမ္မတကြီးထံသို့ တစ်ဖက်ပါအတိုင်း အစီရင်ခံ တင်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

သမ္မတရုံး

တိုင်စာစိစစ်ရေးအဖွဲ့

ရက်စွဲ - ------------------

အကြောင်းအရာ။ ။ -------ရက်၊ ------နှစ် ရက်စွဲပါ ဒေါ်အုန်းရီ၏ တိုင်စာအပေါ် တွေ့ရှိချက်များ တင်ပြခြင်း။

၁။ ဒေါ်အုန်းရီသည် ------ရက်၊ ------လတွင် သေဆုံးသွားပြီးဖြစ်သော -------- ရပ်ကွက်နေ ပဲပြုတ်သည် အဘွားကြီးတစ်ဦး ဖြစ်ပါသည်။

၂။ သူမအား ရပ်ကွက်နေ ပြည်သူများက စာမတတ်သည့်သူ ဖြစ် သည့်အပြင် အသက်ကြီးသည့် လူတစ်ဦးဖြစ်သည့်အတွက် ပြောချင်ရာ ပြောတတ်သည့် အဘွားကြီးတစ်ဦးဟု ယူဆကြောင်းကို ပူးတွဲပါ အသံဖိုင်များအရ သိရှိပါသည်။

၃။ ယခု ရေးသားလိုက်သော တိုင်ကြားစာမှာလည်း အဘွားကြီး မသေခင်က စာအရေးအသား လေ့ကျင့်ခြင်း ဖြစ်ပုံရသည်ဟု ယူဆရပါသည်။

ထိုစာသည် အကြောင်းတိုက်ဆိုင်သောကြောင့် သမ္မတကြီးဆီကို ရောက်ရှိလာခြင်းဖြစ်ကြောင်း ကျွန်တော်တို့ တိုင်စာ စိစစ်ရေးအဖွဲ့မှ ယူဆပါသည်။



၄။ ထို့ပြင် တိုင်စာပါ အကြောင်းအရာမှာလည်း သူမ ပဲပြုတ်ရောင်းရာတွင် အသုံးပြုလေ့ရှိသည့် သတင်းစာထဲမှ (သို့) ဂျာနယ်ထဲမှ (သို့) နိုင်ငံခြား ရေဒီယိုထဲမှ ကိစ္စများကို စာအရေးအသား လေ့ကျင့်ရာတွင် ထည့်သွင်းရေးသားမိခြင်း ဖြစ်ပုံရသည်ဟု ထပ်မံ ယူဆရပါသည်။

၅။ သို့ဖြစ်ပါ၍ အဆိုပါ ဒေါ်အုန်းရီ၏ တိုင်ကြားစာမှာ အခြေအမြစ်မရှိကြောင်း တင်ပြအပ်ပါသည်။

ဆွေလှိုင်

ခေါင်းဆောင်

တိုင်စာစိစစ်ရေးအဖွဲ့

သမ္မတရုံး

ပူးတွဲ

(၁) ရပ်ကွက်နေ ပြည်သူများ၏ အသံဖိုင်များ

(၂) အဘွားကြီး၏ သေဆုံးပြီးကြောင်း ဆေးရုံမှစာ

(၃) အဘွားကြီးနေအိမ် ဓာတ်ပုံများ

(၄) အဘွားကြီး၏ တိုင်ကြားစာမူရင်း

(၅) ဦးဘဆွေ၏ ပေးပို့စာမူရင်း

www.burmeseclassic.com

www.burmeseclassic.com



## ရပ်တွက်နေပြည်သူများ၏ အသံဖိုင်များ

### ရပ်တွက်နေသူတစ်ဦး

ကျွန်မနာမည်က မအေးမာပါ။ ဈေးထဲမှာ ဟင်းသီးဟင်းရွက် ရောင်းပါတယ်။ အခုဆုံးသွားတဲ့ အဘွားကြီးကို ဒီရပ်ကွက်ထဲ ပြောင်းလာပြီး ဈေးထဲရောက်မှ သိတာပါ။ သိတာကလည်း ကျွန်မ အနီးအနားမှာ ဈေးလာရောင်းလို့ သိရတာပါ။

စသိတုန်းက သူက စာမတတ်ပါဘူး။ ပိုက်ဆံ အပေါင်းအနုတ်လောက်ပဲ တတ်တယ်။

နောက်တော့ သူက သူပဲပြုတ် ထုပ်ပေးတဲ့ သတင်းစာစက္ကူထဲက စာသားတွေကို ဖျင်းလို့ ဖတ်ပြပါလို့ ပြောတယ်။ ပထမတော့ ဈေးအရောင်းပါးတဲ့ အချိန်တွေမှာ သူ့ကို ဖတ်ပြပါတယ်။ နောက်တော့ ကျွန်မလည်း မအားလည်း မအားတာရော၊ စိတ်မရှည်တာရော ပေါင်းပြီး သူ့ကို မဖတ်ပြဖြစ်ပါဘူး။

ဒီတော့ သူ့ကို စာသင်ပေးပါလားဆိုပြီး တောင်းဆိုတယ်။ ကျွန်မလည်း အဲ့ဒီတုန်းက စိတ်ပါတာနဲ့ တစ်နေ့တစ်နေ့ သင်ပြပေးတယ်။ နောက်ပိုင်း သတင်းစာထဲက ဟာတွေကို စာလုံးပေါင်းဖတ်တတ်၊ ပြန်ရေးတတ် ဖြစ်လာပါတယ်။

ဒီလိုလူမျိုးက သမ္မတကြီးဆီကို တိုင်စာပို့ချင်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အဘွားကြီးက စာရေးတတ်ခါစဆိုပြီး



သူတွေ့တဲ့ စာသားတွေကို စိတ်ကူးယဉ် လျှောက်ရေးထားတာ ထင်တယ်။ အဲ့ဒါကို သမ္မတကြီးဆီ ပို့တဲ့လူကလည်း ပို့လိုက်သေးတယ်။

### ရပ်ကွက်နေသူ နောက်တစ်ဦး

'အဘွားကြီးက တစ်ခါတစ်ခါဆို ခပ်ကြောင်ကြောင်ပါ။ ဘာတွေပြောလို့ ပြောမှန်းလည်း မသိဘူး။ စာကလည်း မတတ်ဘူး။ ဒါပေမယ့် ပြောလိုက်ရင်တော့ လေကြီးလေကျယ်နဲ့။ ကျွန်မတို့ကလည်း အသက်ကြီးတဲ့လူဆိုတော့ ဖေးဖေးမမနဲ့ ဟုတ်လားအဘွား၊ အင်း. . . ဟုတ်တာပေါ့ဆိုပြီး သူစိတ်ကျေနပ်အောင် ပြန်ပြန်ပြောရတယ်။ ဒါပေမယ့် တစ်ဈေးလုံးက သူပြောတာကို ဘယ်သူမှ မယုံပါဘူး'

### အဘွားကြီးကို ပိုက်ဆံချေးဖူးသူ

'ကျွန်မဆီကတောင် ပိုက်ဆံချေးပြီး ဈေးထွက်နေရတာ။ ဘယ်လိုလုပ်ပြီး တိုင်စာတွေဘာတွေ ပို့ချင်တာ ဖြစ်နိုင်မှာလဲ။ ပြီးတော့ သူရေးထားတာလည်း အခြေအမြစ် မရှိဘူး'

### အဘွားကြီးရဲ့အိမ်ပိုင်ရှင်

'ကျွန်မက အဘွားကြီးရဲ့ အိမ်ပိုင်ရှင်ပါ။ လက်ကုန်ရင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီကို အိမ်လခ သွားတောင်းရတယ်လေ။ အိမ်ပေါ်ရောက်ပြီဆိုရင် အဘွားကြီးက သူ့သေတ္တာထဲက ပစ္စည်းတွေကို ထုတ်ထုတ်ကြည့်နေတာ တွေ့ရတယ်။

ကျွန်မ ဝင်လာပြီဆိုရင် ပစ္စည်းတွေ ပြာပြာသလဲ သိမ်းပြန်ရော။ ကျွန်မက ရယ်ချင်တာပေါ့။ သူ့ပစ္စည်း စုတ်စုတ်ပြတ်ပြတ်တွေကို ကျွန်မက ဘာလုပ်မှာမို့လို့လဲ။ အဲ့ဒီအကြောင်းကို ကျွန်မက ရပ်ကွက်ထဲမှာ ပြန်ပြောတော့ ရပ်ကွက်ထဲက လူတွေက ရယ်ကြရော’

ရပ်ကွက်ဥက္ကဋ္ဌ

‘ဦးဘခွေက ရိုးတော့ ရိုးသားပါတယ်။ ဒါပေမယ့် တစ်ခါတစ်ခါတော့ ကြောင်တောင်တောင်နိုင်တဲ့သူပါ။

အခုကိစ္စမှာလည်း အဘိုးကြီးနဲ့ အဘွားကြီး သေဆုံးတာကို ပထမဆုံး တွေ့တဲ့သူဆိုတော့ စိတ်ထဲစွဲပြီး မြင်ချင်တာ မြင်တာဖြစ်မှာပါ။

■

(၃၁)

လက်ထောက်ကိုယ်ရေးအရာရှိ ဦးတင်မြင့်သည် သမ္မတကြီးဆီ တင်ထားသည့် သမ္မတကြီး ဖတ်ပြီး မှတ်ချက်ချပေးထားသော စာများကိုယူကာ ရုံခန်းထဲမှ ပြန်ထွက်လာ၏။

မိမိရုံးစားပွဲသို့ ရောက်သောအခါ မှတ်ချက်များကို တစ်ခုချင်းစိစစ်ကာ သမ္မတကြီး အမိန့်ချထားသည့်အတိုင်း အလျင်အမြန် လုပ်ဆောင်ရလေ၏။

‘နိုင်ငံခြားရေးဝန်ကြီးဆီသို့ ပို့ရန်’

(၁) လွန်ခဲ့သည့် တစ်လခန့်က တင်ထားသော သံတမန်ရေးရာ ဖိုင်ကို တင်ပြရန်

(၂) နိုင်ငံခြားရေး၏ သံတမန်ဖိုင်များကို အမြန်တင်ရန်

(၃) မနက်ဖြန်ညနေ ရုံးခန်းသို့လာရန်

နိုင်ငံခြားရေး ခြင်းထဲသို့ ထည့်လိုက်သည်။ နောက်ထပ်စာစောင်မှာလည်း နိုင်ငံခြားရေးနှင့် ပတ်သက်သောကြောင့် ထိုနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ခြားရေးခြင်းထဲသို့ ထပ်ထည့်လိုက်သည်။

ပြီးနောက် အခြားဝန်ကြီးဌာနများ၏ တင်စာများကို မှတ်ချက်များနှင့်အတူ သက်ဆိုင်ရာခြင်းထဲသို့ ထည့်လိုက်ပြန်သည်။

'သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးမှ ခုံရုံးဖွဲ့၍ အရေးယူရန်'

ဝန်ထမ်းတစ်ယောက်ကို တိုင်ကြားထားသော စာအား တိုင်ကြားစာများ စိစစ်ရေးအဖွဲ့မှ စိစစ်ပြီး ရေးသားထားသော တင်ပြချက်အောက်တွင် ရေးသားထားသည့် သမ္မတကြီး၏ မှတ်ချက်ဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပို့ဆောင်ရန်အတွက် တိုင်စာများကို သီးသန့် ထပ်ဖတ်ရပြန်သည်။

မကြာမီအချိန်တွင် တိုင်စာတော်တော်များများ ပြီးသွားပြီး နောက်ဆုံးတိုင်စာတစ်ခုသာ ကျန်ရှိတော့၏။

ထိုတိုင်စာကို ကြည့်လိုက်ကတည်းကပင် ဦးတင်မြင့် မှတ်မိလိုက်သည်။ မည်သို့ဆိုသော် ထိုတိုင်စာတွင် အဘွားကြီးတစ်ယောက်၏ ခနော်ခနဲ့ လက်ရေးများကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဦးတင်မြင့်သည် သမ္မတကြီး၏ မှတ်ချက်ကို အလျင်အမြန် ဖတ်ကြည့်လိုက်၏။

'ဖိုင်တွဲပြီး အမှု ပိတ်သိမ်းရန်'

ဦးတင်မြင့် တစ်ချက်ပြုံးလိုက်သည်။ တိုင်စာကို စဖတ်ကတည်းက အခြေအမြစ်မရှိသည့် တိုင်စာမှန်း သိသာသောကြောင့်ဖြစ်သည်။

သို့သော် မည်သည့် တိုင်စာမဆို လေ့လာဆန်းစစ်ရန်



လိုအပ်သောကြောင့် အသေးစိတ်စစ်ဆေးပြီး အခုလို ပြုလုပ်ရခြင်းဖြစ်သည်။

များမကြာမီအချိန်တွင် ဦးတင်မြင့် စားပွဲပေါ်ရှိ စာများသည် သက်ဆိုင်ရာဌာန အသီးသီးသို့ ရောက်ရှိသွားလေ၏။

ထိုအထဲတွင် ပါရှိသော အဘွားကြီး၏ စာကတော့ 'ပိတ်သိမ်းပြီး အမှုတွဲဖိုင်များ'ထားသည့် အခန်းထဲသို့ ရောက်ရှိသွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

နေသည် ခြစ်ခြစ်တောက် ပူနေလေ၏။ အခုတလော ရာသီဥတုက မည်သို့ဖြစ်နေသည်မသိ။ မိုးရွာလိုက်၊ နေပူလိုက်နှင့် မတည်မငြိမ် ဖြစ်နေသည်။

ထိုကဲ့သို့ ရာသီဥတု ပူပြင်းနေသော်လည်း ခမ်းနားလှသော အဆောက်အဦကြီး တစ်ခုထဲတွင် လူအများ အလုပ်ရှုပ်နေကြလေသည်။

အဆောက်အဦအတွင်းရှိ အဲယားကွန်းများကြောင့် အပြင်က ရာသီဥတုကို ဂရုမပြုမိကြသော်လည်း မိမိတို့ အလုပ်များကြောင့် စိတ်မောလူမော ဖြစ်နေကြလေသည်။

တချို့က ခုံများကို ရွှေ့နေကြပြီး၊ တချို့ကတော့ မိုက်ကရိုဖုန်းများကို ပြင်ဆင်နေလေသည်။

တချို့က နောက်ခံပိတ်စများကို ချိတ်နေပြီး၊ တချို့ကတော့ ရေဘူးများ၊ အစားအသောက်များ ပြင်နေလေသည်။





ထိုအထဲမှာမှ လူတစ်ယောက်သည် စာရွက်စာတမ်းများကို ကိုင်ပြီး ပြုလုပ်ထားသည့်အရာများကို လိုက်လံကြည့်ရှုနေလေ၏။

သူ့နောက်ကလည်း လူနှစ်ယောက်က သူတို့ပြုလုပ်ထားသည် များကို သေချာရှင်းပြနေလေ၏။

"ဒါက ဝန်ကြီးသုံးပါး ထိုင်ရမယ့် နေရာပါ"

တစ်ယောက်က ရှင်းပြသည်။

"သူတို့ ရေးချင်တဲ့ ကိစ္စ၊ မှတ်ဖို့ကိစ္စတွေရှိရင် ရေးရအောင် စာရွက်တွေ ချပေးထားလား"

"အကုန် လုပ်ပြီးသွားပါပြီ"

"လာမယ့် လူတွေကို ဧည့်ခံကျွေးမွေးဖို့ရော"

"တစ်ဖက်အခန်းမှာ ပြင်ထားပါတယ်"

"လုံခြုံရေးကိစ္စရော"

"ကင်မရာနဲ့ သက်ဆိုင်ရာပစ္စည်းတွေပဲ ယူခိုင်းထားပါတယ်"

လိုက်လံကြည့်ရှုနေသောသူက ဘာမှ မပြောပဲ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ထို့နောက် ဝန်ကြီးသုံးပါးထိုင်ရန် ပြုလုပ်ထားသော စားပွဲနှင့် ခုံများနောက်ရှိ နောက်ခံပိတ်စပေါ်က စာများကို တစ်ချက်ကြည့် လိုက်သည်။

**စာနယ်ဇင်းမီဒီယာများနှင့် တွေ့ဆုံပွဲ**

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် အောက်ဘက်က စာသားက စောင်းနေသလို ဖြစ်နေသည်။

"ဒီစာသားကြီးက စောင်းနေသလိုပဲ"

သူ့နောက်က လိုက်လာတဲ့ သူနှစ်ယောက်ကလည်း သေချာ ကြည့်ကြသည်။

"အင်း. . . နည်းနည်းတော့ စောင်းနေတယ်"

ဟုဆိုပြီး နီးစပ်ရာ လူနှစ်ယောက်ကို ချက်ချင်းပြန်တည့်ခိုင်း ကြလေသည်။

ဤသို့ဖြင့် မကြာမီအချိန်တွင် သမ္မတရုံးတွင် ပြုလုပ်သော ဝန်ကြီးသုံးပါး၏ စာနယ်ဇင်းမီဒီယာများနှင့် တွေ့ဆုံပွဲသည် ပြန် တည့်သွားလေ၏။

"အခု ဆယ်နာရီခွဲပြီ၊ ပွဲက ဆယ့်တစ်နာရီ ဆယ့်ငါးလောက် စမှာဆိုတော့ ကဲ. . . မင်းတို့နှစ်ယောက် ငါ့အခန်းထဲ လိုက်ခဲ့ဦး"

"ဟုတ်ကဲ့"

တာဝန်ရှိသူ ဦးသာလှိုင်သည် ပွဲပြင်ဆင်ထားမှုကို နောက်ဆုံး အနေနဲ့ စစ်ဆေးလိုက်ပြီး နောက်ခန်းမထဲမှ ထွက်လိုက်သည်။

သူ၏ ရုံးခန်းမှာ 'တွေ့ဆုံပွဲ'ခန်းမနှင့် သိပ်မဝေးချေ. . .။ ခေါင်းထဲမှာလည်း ဆက်လုပ်ရမည့် အလုပ်များကို စီတန်းစဉ်းစားရင်း လမ်းကို ခပ်သွက်သွက် လျှောက်လာလိုက်သည်။



ထိုစဉ်-

**"ဒုန်း"**

"ဟင်"

ထွက်ပေါ်လာသော အသံကြောင့် ရုတ်တရက် လန့်သွား သည်။

■

www.burmeseclassic.com

www.burmeseclassic.com



"သမ္မတရုံးကို မြန်မြန်လေး မောင်းပေးပါ"

ဟု ပြောလိုက်၏။

ဘာပဲဖြစ်ဖြစ် အမြဲတမ်း ပြာယာခတ်နေရသော မိမိကိုယ်ကိုသာ အပြစ်တင်နေမိသည်။

ထို့ကြောင့် သူမ၏ ဂျာနယ်တိုက်က လူများက သူမ နာမည်အရင်း 'ခက်ခက်ခိုင်'ကို 'ပြာယာခိုင်'ဟု စနောက်ခေါ်ကြခြင်း ဖြစ်သည်။

■

(၃၃)

လက်ကနာရီကို တစ်ချက်ကြည့်လိုက်သည်။ ၁၁ နာရီ ထိုးတော့မည် ဖြစ်သည်။

"ဒုက္ခပဲ မြန်မြန်လုပ်မှ"

အဝတ်အစားလဲပြီးနောက် ကင်မရာနှင့်အိတ်ကို ကမန်းကတန်း ယူကာ ဟိုတယ်ထဲမှ ထွက်လိုက်သည်။

ဒီနေ့ကျမှ အိပ်ရာထကလည်း နောက်ကျနေသေးသည်။ ဂျာနယ်တိုက်ကို သတင်းတွေ တစ်ညလုံး ပို့နေရသောကြောင့် ဖြစ်သည်။

ဒီနေ့ပွဲကတော့ သမ္မတရုံးမှာ လုပ်သည့်ပွဲ။ အရေးကြီးသည့် ပွဲတစ်ပွဲလည်း ဖြစ်သည်။

တစ်ချက် စဉ်းစားလိုက်သည်။ ကင်မရာ၊ ပိုက်ဆံအိတ်၊ ဖုန်း၊ ဝန်ထမ်းကတ်၊ မှတ်ပုံတင်၊ စာရေးရန်အတွက် ဖိုင်များ၊ အရေးကြီးတာတွေ စုံသောကြောင့် တည်းခိုခန်းရှေ့တွင် တွေ့သည့် ဆိုင်ကယ်ကယ်ရီကို တက်ခွလိုက်ရင်း-

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

**“ဒုန်း”**

“ဟင်”

“ဘာ. . . ဘာအသံကြီးလဲ”

ဦးသာလှိုင်အပြင် အနောက်က လိုက်လာသော လူနှစ်ယောက်မှာလည်း အသံကြောင့် ရပ်သွားကြလေသည်။

ထို့ပြင် အခြားအခန်းထဲက လူများနှင့် စကြံလမ်းပေါ်ရှိ လူများမှာလည်း ဦးသာလှိုင်တို့နားသို့ ပြေးလာကြပြီး-

“ဆရာ. . . ဘာဖြစ်တာလဲ”

“မသိဘူး. . . ဒီအခန်းထဲက ထွက်လာတာပဲ”

“သော့ခတ်ထားတယ်. . . သော့သွားယူစမ်း”

နီးစပ်ရာ လူတစ်ယောက်က ပြေးပြီး သွားယူသည်။

အသံထွက်ပေါ်လာရာ အခန်းရှေ့တွင် တဖြည်းဖြည်းနဲ့ လူများလာလေသည်။ အထဲက အသံများကလည်း တိုးသွားလိုက်၊



ကျယ်လာလိုက်နှင့် ဖြစ်နေလေသည်။

ဦးသာလှိုင်သည် နာရီကို တစ်ချက်ကြည့်လိုက်၏။ စာနယ်ဇင်းတွေ့ဆုံပွဲအတွက် ၁၅ မိနစ်ခန့် လိုသေးသည်။

ခဏအကြာတွင် သော့သွားယူသောလူမှာ ပြန်ရောက်လာပြီး အခန်းတံခါးကို အလျင်အမြန် ဖွင့်လိုက်၏။

“ဗွီး”

“ဟင်”

“ဟာ”

အထဲ စာရွက်များ လွင့်ထွက်လာပြီး အခန်းအပြင်တွင် ပလူပျံသွား၏။ အခန်းထဲတွင် စာရွက်များနှင့် ဖိုင်တွဲများမှာလည်း ဖရိုဖရဲဖြစ်နေပြီး တစ်ခန်းလုံး ရှုပ်ပွနေလေသည်။

“ဘာဖြစ်တာလဲ”

“အခန်းမီးဖွင့်စမ်း”

အခန်းမှာ စတိုခန်းဖြစ်ပြီး ပိတ်သိမ်းပြီး အမှုတွဲများထားသည့် ဖိုင်များသိမ်းရာ အခန်းဖြစ်သည်။

အခန်းထဲရှိ ဖိုင်တင်ထားသော စင်ကြီးတစ်ခုမှပြိုလဲပြီး အခြားစင်များကိုဆင့်ကာ ဆင့်ကာ ဖိမိနေခြင်းဖြစ်သည်။

ထို့ကြောင့် ဖိုင်များ၊ စာရွက်စာတမ်းများမှ အခန်းတစ်ခုလုံးပွကဲနေပြီး တချို့မှာ အခန်းအတွင်း တပ်ထားသော Fan ကြောင့် စာရွက်များ လေပေါ်ပျံဝဲနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာလှိုင်သည် အခန်းအတွင်း အခြေအနေများကို ကြည့်ပြီး နောက်၊ သူ့နောက်တွင် ပါလာသော လူတစ်ယောက်ကို-

"စာနယ်ဇင်းတွေ့ဆုံပွဲပြီးရင် ဒီအခန်းကို သေချာပြန်ရှင်း ထားလိုက်ပါ"

"ဟုတ်ကဲ့ဆရာ"

"အခုတော့ တံခါးပိတ်ထားလိုက်ဦး၊ အလုပ်တွေ ရှိသေးတယ်"

ဦးသာလှိုင်သည် ထိုသို့ပြောပြီးနောက် အခန်းအပြင်ကို ထွက် သွားလေသည်။

ကျန်တဲ့လူများကလည်း သူ့နောက်က လိုက်လာပြီး နောက်ဆုံး ကျန်ခဲ့တဲ့နှစ်ယောက်ကတော့ စကြံမှာ ပျံ့နေသော စာရွက်များကို အခန်းထဲထည့်ရင်း၊ 'ပိတ်သိမ်းပြီး အမှုတွဲများထားသည့်အခန်း'ကို ပြန်ပိတ်လိုက်လေ၏။

ထို့နောက် ဦးသာလှိုင်နောက်သို့ လိုက်သွားကြလေသည်။ သူတို့ထွက်သွားပြီး မကြာခင်မှာ စကြံလမ်းပေါ်တွင် ဘယ်က ဝင်လာမှန်းမသိသည့် လေလေးတစ်ချက်က ဝှေ့တိုက်သွားသည်။

အခန်းထဲက လက်ကျန်လေပင် ဖြစ်ပေလိမ့်မည်။ ထိုလေ တိုက်ချက်ကြောင့် စကြံနလမ်းပေါ်ရှိ အလှထားသော ပန်းအိုးကြီး နောက်ကနေ စာလေးတစ်စောင် မြောက်တက်သွားလေသည်။

ထိုသို့ မြောက်တက်သွားကြောင်းကို မည်သူ တစ်ဦးတစ်ယောက် မှ သတိမထားမိချေ။



ထိုစာသည် အခန်းထဲမှ ထွက်လာပြီး မည်သူမှ မတွေ့လိုက်ဘဲ အခန်းအပြင်၌ ကျန်ခဲ့သော စာလေးတစ်စောင်ပင် ဖြစ်ပေလိမ့်မည်။

မည်သို့ဆိုသော် ထိုစာပေါ်တွင် 'နိုင်ငံတော်သမ္မတရုံး'ဆိုသည့် တံဆိပ်တုံး ထုထားပြီး အောက်ဘက်တွင်လည်း 'ပိတ်သိမ်းပြီး' ဆိုသည့် တံဆိပ်တုံးငယ် ထုထားသောကြောင့် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

12 : 30 P.M

(၃၅)

"ကျွန်တော်တို့ ဝန်ကြီးတွေ အနေနဲ့ကလည်း ဒီကိစ္စကို . . . ဂျစ် . . . ဂျစ် . . . ဗျစ် . . . ဗျစ် . . . လုပ်ဆောင်ပေးဖို့ အစီအစဉ် . . . ဂျစ် . . . ဂျစ် . . . ရှိပါတယ်၊ သို့သော်လည်းပဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

"ဂျလောက်"

အရှေ့က စကားလုံးများကို မကြားရသောကြောင့် အသံဖမ်းရီကော်ဒါကို ပြန်ရစ်ပြီး နားထောင်လိုက်သည်။

"ကျွန်တော်တို့ ဝန်ကြီးတွေအနေနဲ့ကလည်း ဒီကိစ္စကို . . . ဂျစ် . . . ဂျစ် . . . ဗျစ် . . . ဗျစ် . . . လုပ်ဆောင်ပေးဖို့ အစီအစဉ် . . . ဂျစ် . . . ဂျစ် . . . ရှိပါတယ်၊ သို့သော်လည်းပဲ . . . သမ္မတကြီးက ကျွန်တော်တို့ကို ဒီနေ့ . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ပြန်ပိတ်လိုက်သည်။

အခန်းထဲမှာ အသံနည်းနည်းဆူနေ၍ သိပ်မကြားရခြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နားကြပ်တပ်ပြီး နားထောင်ပါက သေသေချာချာ ကြားနိုင်မည် ဖြစ်သည်။

သို့သော်လည်းပဲ သူမ ထုံးစံအတိုင်း နားကျပ်က တည်းခိုခန်းမှာ ကျန်ခဲ့သည်။

ထို့နောက် ဗိုက်ဆာလာသောကြောင့် မိမိရှေ့ရှိ မုန့်တစ်ခုကို ကောက်ယူကာ ဝါးလိုက်သည်။

စာနယ်ဇင်းတွေ့ဆုံပွဲက ပြီးသွားပြီဖြစ်သောကြောင့် တက်ရောက်လာသော သူများကို ညှော်ခံကျွေးမွေးနေခြင်းဖြစ်သည်။

တစ်ဝိုင်းထဲတွင် ထိုင်နေသော သူများမှာလည်း မိမိနှင့်သိတဲ့ လူတစ်ယောက်မှ မရှိချေ။

အဘယ့်ကြောင့်ဆိုသော် သူမသည် စာနယ်ဇင်းသို့ ဝင်ရောက် လုပ်ကိုင်သည်မှာ သိပ်မကြာသေးသောကြောင့် ဖြစ်သည်။

အခုလို ခရီးထွက်ပြီး သတင်းယူရသည်မှာ မိမိအတွက် ဒုတိယ အကြိမ်မြောက်သာ ရှိသေးသည်။

ပထမအကြိမ်တုန်းက တာဝန်ခံတစ်ယောက်နှင့် လာရခြင်း ဖြစ်ပြီး အခုအချိန်မှာ မိမိတစ်ယောက်တည်းသာ လာရခြင်းဖြစ်သည်။

ထို့ကြောင့် မှားယွင်းမှုမရှိတောင် သေချာပြန်စစ်နေခြင်း ဖြစ်သည်။ အသံစစ်ခြင်း၊ ရုံးက မေးမြန်းခိုင်းထားသော မေးခွန်းများ ပါဝင်ခြင်း ရှိ၊ မရှိ၊ အခြား ခိုင်းထားသော အင်တာဗျူးရန် လူများကို ဗျူးပြီးခြင်း ရှိ၊ မရှိ စစ်ဆေးနေခြင်းဖြစ်သည်။



အယ်ဒီတာချုပ်ကလည်း သူမကို စိတ်မချလို့လားမသိ သွားခါနီး-

"ဘာမှ မေ့မကျန်နဲ့နော်"

ဟု အထပ်ထပ် မှာတာကို ပြန်ကြားယောင်နေမိသည်။

မည်သို့ဆိုသော် သူမသည် နမော်နမဲ့နိုင်ပြီး မေ့တတ်သော သူတစ်ဦးဖြစ်သောကြောင့် ဖြစ်သည်။

ခန်းမမှာ ကျယ်ဝန်းပြီး တက်ရောက်လာသော သတင်းသမား များမှာလည်း တော်တော်များလေသည်။

တချို့လူများကတော့ စကားတပြောပြောနှင့် မိမိတို့၏ သတင်း များကို ဆွေးနွေးနေကြ၏။

သူမမှာသာ အသိမရှိသောကြောင့် အခြားသူများကို ဟိုကြည့် ဒီကြည့် လုပ်နေရင်း ညှော်ခံသော မုန့်များကို စားနေမိသည်။

ကြာလာသောအခါ ပျင်းလာသောကြောင့် ကင်မရာထဲမှ ပုံများကို ပြန်ကြည့်နေလိုက်သည်။

"........ဂျာနယ်က ခက်ခက်ခိုင် ရှိပါလား ခင်ဗျာ"

ရုတ်တရက် သူမနာမည် ကြားလိုက်ရသောကြောင့် ထိတ်လန့် သွားပြီး ခေါင်းနပမ်း ကြီးသွားလေသည်။

"........ဂျာနယ်က မခက်ခက်ခိုင် ရှိပါလား ခင်ဗျာ"

"ဟုတ်... ဟုတ်... ရှိပါတယ်ရှင့်"

ခပ်မြန်မြန် မတ်တတ်ရပ်ပြလိုက်သည်။ အမှားအယွင်း သာများဖြစ်လို့လဲဆိုပြီး ထိတ်ထိတ်လန့်လန့် ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက လည်း သူမကို ကြည့်နေကြပြီ ဖြစ်သည်။

လှမ်းအော်နေသူမှာ သမ္မတရုံးမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး သူ့ဆီသို့ လှမ်းလာနေ၏။

"ဒါ ညီမ ဖိုင်လား"

ဖိုင်တစ်ခုကို လှမ်းပေးသည်။

ထိုအခါမှပဲ မိမိဖိုင်ကို စာနယ်ဇင်းတွေ့ဆုံပွဲ၏ ခုံပေါ်တွင် တင်ထားမိကြောင်း သတိရမိလိုက်လေသည်။

"ဟုတ် . . . ဟုတ်ပါတယ်"

"အင်း . . . ဖိုင်ပေါ်မှာ နာမည်တပ်ထားလို့ တော်သေးတာပေါ့ ဖိုင်ပေါ်မှာရှိတဲ့ စာရွက်တွေကိုလည်း ဖိုင်ထဲ ပြန်ထည့်ထားလိုက်တယ် စစ်ကြည့်ဦး"

"ရပါတယ်၊ မစစ်ကြည့်တော့ပါဘူး၊ ကျေးဇူးပါပဲ"

ထိုရုံးဝန်ထမ်းက သူမကို နှုတ်ဆက်ပြီးနောက် ပြန်ထွက်သွားလေသည်။

သူမကလည်း သူမကိုကြည့်နေသော သူများကို ရှက်ရှက်နဲ့ ရယ်ပြလိုက်ပြီး ခုံမှာ ပြန်ထိုင်လိုက်သည်။

အမယ်လေး . . . တစ်ခေါက်ဆို တစ်ခေါက်။ အမှားအယွင်း ဖြစ်တော့တာပဲ . . . ။

ဟု မိမိကိုယ်ကို အပြစ်တင်လိုက်မိသည်။

■

BURMESE CLASSIC .com

(၃၆)

"အား . . . "

ရုတ်တရက် အိပ်ရာမှ လန့်နိုးသွားလေသည်။

တစ်ကိုယ်လုံး ချွေးစေးတွေပြန်နေပြီး ခုတင်ပေါ်မှ ရုတ်တရက် ထထိုင်မိလိုက်သည်။ အိပ်မက်ဆိုးတွေမက်ပြီး ကြောက်လန့်တကြား နိုးလာခြင်းဖြစ်သည်။

ထို့နောက် တစ်ခန်းလုံး မှောင်မည်းနေသောကြောင့် နံရပ်ကပ်မီးကို အရင်ဖွင့်လိုက်သည်။ ပြီးမှ ခဏနားကာ အသက်ကို မှန်မှန်ရှူနေရသည်။

"ငါ အိပ်မက်ဆိုးတွေ မက်နေတာပဲ"

တကယ်မဟုတ်ဘဲ အိပ်မက်ပဲဆိုတာကို သိရသောကြောင့် နည်းနည်းစိတ်သက်သာရာ ရသွားသည်။

တစ်ခါမှ ထိုသို့ အိပ်မက်ဆိုး မမက်ဖူးသောကြောင့် ကတုန်ကယင် ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်က ဆင်းပြီး မီးဖိုချောင်ထဲဝင်ကာ ရေတစ်ဖန်ခွက် အပြည့် မော့ချလိုက်သည်။

သူမ၏ အဖေနဲ့ အမေကတော့ အခန်းထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလောက်ပြီး သူ့အော်သံကို ကြားမည့်ပုံ မပေါ်ချေ။

ရေပုလင်းနဲ့ ဖန်ခွက်ကိုယူပြီး အခန်းထဲ ပြန်ဝင်လိုက်သည်။ ပြန်မအိပ်ချင်ပဲ မျက်လုံးက ကြောင်နေသောကြောင့် စာရေးစားပွဲတွင် ဝင်ထိုင်လိုက်သည်။

စာရေးစားပွဲတွင်တော့ မနက်ဖြန်တွင် အယ်ဒီတာချုပ်ကို ပေးရမည့် ရေးပြီးစ စာမူများကို တွေ့ရသည်။

ဘာရယ်မဟုတ် ထိုစာမူများကို ကောက်ယူပြီး ပြန်ဖတ်ကြည့်နေမိသည်။ အိပ်မက်က ဆန်းတော့ ဆန်းသား. . .။

အတွေးက အိပ်မက်ဆီ ရောက်သွားပြန်သည်။ ထူးဆန်းတာက အိပ်ရာမှ နိုးလာသော်လည်း သူမ မက်ခဲ့သော အိပ်မက်ကို ကောင်းကောင်းကြီး မှတ်မိနေသည်။

အိပ်မက်မှာ အိပ်မက်ဆိုးဟု မဆိုနိုင်သော်လည်း ထိတ်ထိတ်လန့်လန့် ရှိလှသည်။

အိပ်မက်ထဲတွင် သူနှင့်မသိသော အဘွားကြီးတစ်ယောက်က အိမ်တစ်လုံးကို လက်ညှိုးထိုးပြရင်း လေဟာနယ်ထဲ ပြုတ်ကျသွားတာကို တွေ့လိုက်ရသောကြောင့် လန့်ပြီး ထအော်မိခြင်း ဖြစ်သည်။

"ဟူး"



လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ရေတစ်ခွက် သောက်လိုက်သည်။

လက်ထဲက စာမူကို ပြန်ချလိုက်ပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်သွားသည်။

နာရီကို ကြည့်လိုက်တော့ မနက် သုံးနာရီပဲ ရှိသေးသည်။ ပြန်လည်း မအိပ်ချင်သောကြောင့် ရှုပ်ပွနေသော မိမိစားပွဲကို ရှင်းရန် စိတ်ကူးလိုက်သည်။

"အခုမှပဲ စားပွဲ ရှင်းရတော့တယ်"

ဟု ရေရွတ်ရင်း စားပွဲပေါ်ရှိ စာအုပ်များ၊ ဖိုင်များ၊ ရေးလက်စ စာမူများ၊ ရေးပြီး စာမူများကို တစ်ခုချင်း စီကာ ဖုန်တချို့ကို သုတ်လိုက်သည်။

"ခွပ်"

"ဒုန်း"

"ခွမ်း"

လက်က ရေဖန်ခွက်ကို တိုက်မိပြီး စားပွဲပေါ်ကို ရေများ မှောက်ကျသွားလေသည်။

"အာ. . . ဖြစ်ပြီ"

နီးစပ်ရာ အဝတ်တစ်ခုကို မြန်မြန်ယူပြီး ရေများကို သုတ်လိုက်ရသည်။

ဒါတောင် ရေအချို့က ဖိုင်များပေါ် ဖိတ်စင်သွားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖိုင်များကို ခပ်မြန်မြန် ပြန်သုတ်ရသည်။

ထိုဖိုင်တစ်ခုကို ရေများသုတ်နေရင်း ထိုဖိုင်ထဲကနေ စာရွက်တစ်ရွက် ပြုတ်ကျလာ၏။

ရေရှိတဲ့နေရာကို ရောက်သွားမှာ စိုးသောကြောင့် ခပ်မြန်မြန် ကောက်ယူလိုက်ရသည်။

"ဟင်"

ထိုစဉ် စာရွက်အောက်ရှိ တံဆိပ်တုံးနှင့် နာမည်တစ်ခုကို မြင်လိုက်ရလေသည်။

တံဆိပ်တုံးမှာ 'နိုင်ငံတော်သမ္မတရုံး'ဆိုသည့် တံဆိပ်တုံးဖြစ်ပြီး အောက်ဆုံးတွင် လက်မှတ်ရေးထိုးထားသူမှာ 'ဦးဘဆွေ'ဆိုသည့် နာမည်ဖြစ်သည်။

ထိုအရာများကို ကြည့်ပြီး နည်းနည်းတွေဝေသွားသောကြောင့် စာကို ဖတ်ကြည့်မလို့ ပြင်စဉ်တွင်-

"ဒေါက်. . . ဒေါက်"

"သမီး"

အပြင်က တံခါးခေါက်သံကြောင့် သူ့အဖေအသံကို ကြားလိုက်ရသည်။

"ရှင်. . . အဖေ"

"ဘာဖြစ်တာလဲ. . . အသံကြားလို့"

ဖန်ခွက်ကွဲသံကြောင့် သူမ အဖေနှင့် အမေ လန့်နိုးသွားပုံရသည်။



လက်ထဲက စာရွက်ကို နီးစပ်ရာ အံဆွဲထဲ ထိုးထည့်လိုက်ပြီး အခန်းတံခါးကို သွားဖွင့်ပေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး အဖေ. . . ဖန်ခွက် ကွဲသွားတာပါ"

"သမီးက အခုချိန်ထိ မအိပ်သေးဘူးလား"

အဖေက သူမအခန်းထဲကို တစ်ချက်ငေ့ကြည့်ရင်း မေးသည်။

"အိပ်မက်ဆိုးတွေမက်ပြီး အိပ်မရတာနဲ့ ရေးပြီးစာမူတွေ ဖတ်ကြည့်နေတာ"

"ဩော်. . . သမီးရယ်၊ ခရီးက ပြန်လာတာဆိုတော့ ပင်လည်း ပင်ပန်းထားတယ်၊ မနက်ဖြန်ကျရင်လည်း ရုံးသွားရဦးမှာမှတ်လား၊ ကဲ. . . ပြန်အိပ်တော့. . . ကျန်းမာရေး ထိခိုက်မယ်"

"ဟုတ်ကဲ့"

တံခါးကို ပြန်ပိတ်ကာ အခန်းထဲဝင်၊ မီးမှိတ်ပြီး ပြန်ကွေးနေလိုက်သည်။

ခဏကြာတော့ အိပ်ပျော်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃၇)

"နှင်. . . ဘာအမှားတွေ ဖြစ်ခဲ့လဲ"

အခန်းထဲ ဝင်ဝင်ချင်း ဆရာချစ်ဦးမောင်က ရယ်ရယ်ပြုံးပြုံးနှင့် လှမ်းမေးသည်။

သူမကလည်း လှမ်းရယ်ပြရင်း-

"ဖိုင်မေ့ကျန်ခဲ့တာကလွဲလို့ပေါ့ ဆရာရယ်"

ဟု ပြန်ပြောရင်း ရေးပြီးသားစာမူကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"ဟင်. . . ဖိုင်မေ့ကျန်ခဲ့တယ်ဆိုတာ. . ."

"မဟုတ်ပါဘူး ဆရာရယ်. . . သမ္မတရုံးက တစ်ယောက်တလာပြန်ပေးတယ်"

"ဩော်. . . ဒါဆို သမ္မတရုံးက နှင့်ကြောင့် အလုပ်ရှုပ်သွားတာပေါ့. . . ဟား. . . ဟား"

"အဟီး"



သူမကလည်း ရယ်ပဲရယ်နေလိုက်သည်။ ဆရာချစ်ဦးမောင်မှာ သူမတို့ ဂျာနယ်၏ အယ်ဒီတာချုပ် ဖြစ်သည်။ သဘောကောင်းပြီး ဝန်ထမ်းတွေအပေါ်လည်း တစ်ပြေးညီ ဆက်ဆံသောကြောင့် တစ်ရုံးလုံးက ချစ်ခင်ကြသည်။

"နှင်ရေးပြီးသား စာမူတွေ ထားခဲ့လေ၊ ပြီးတော့ ခရီးသွားထားတာဆိုတော့ နေ့တစ်ဝက် နားလိုက်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

"ဩော်. . . ဒါနဲ့ ငါ့မိန်းမက လူကြုံပေးခိုင်းလိုက်တဲ့ ပစ္စည်းတွေရော ပေးဖြစ်ခဲ့ရဲ့လား"

"အင်း. . . ပေးခဲ့ပါတယ်"

"အေး. . . အေး၊ နှင်က မေ့တတ်တော့ ပြန်မေးနေရတယ်"

ပြီးနောက် ဆရာချစ်ဦးမောင် အခန်းထဲက ပြန်ထွက်ခဲ့လိုက်သည်။ ဒီနေ့ နေ့တစ်ဝက်နားရမယ်ဆိုသော်လည်း အိပ်မပြန်ချင်သေးပေ။ ထို့ကြောင့် တစ်နေရာရာသွားရန် စဉ်းစားလိုက်သည်။ စဉ်းစားလိုက်ကာမှ ဘယ်သွားလို့ သွားရမှန်း မသိချေ။

"တီ. . . တီ. . . တီ. . . တီ"

ဖုန်းဝင်လာသည်။

သူ့သူငယ်ချင်းတစ်ယောက်ဆီမှ ဖုန်းဖြစ်သည်။

"ဟဲ့. . . ထူးထူးဆန်းဆန်း ငါ့ဆီ ဖုန်းတွေဆက်လို့ပါလား"

ဖုန်းကို ဖွင့်ဖွင့်ချင်းပင် ထိုသို့ ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးဟေ့. . . ငါလည်း အလုပ်ရှုပ်တာနဲ့ မဆက်ဖြစ်တာ ငါ နင့်ကို မနေ့ထဲက ဖုန်းခေါ်နေတာ မရဘူး ဖြစ်နေတယ်"

"ဟုတ်တယ်. . . ငါ မနေ့က ခရီးသွားနေလို့"

"သြော်. . . အဲ့ဒါကြောင့်ဖြစ်မယ်"

"ပြောပါဦး. . . ဘာကိစ္စရှိလို့လဲ"

"ငါတို့ အိမ်ပြောင်းသွားလို့၊ နင့်ကို ဒီနေ့ အိမ်တက် ဖိတ်မလို့ ဖုန်းဆက်တာ၊ အိမ်တက်ကတော့ မနက်ပိုင်းလုပ်တာပါ၊ နင်က ရုံးနဲ့ဆိုတော့ ညနေ ငါ့ဆီဝင်ခဲ့လေ"

"ဟယ်. . . အတော်ပဲ၊ ငါလည်း ဒီနေ့ နေ့တစ်ဝက် နားရတယ်၊ ဘယ်သွားရမှန်းမသိ ဖြစ်နေတာ၊ ငါ နင့်ဆီ အခု လာခဲ့မယ်"

"အဲ့ဒါဆို ကောင်းတာပေါ့၊ ငါ လိပ်စာပြောပြမယ်"

"အေး. . . ခဏလေး. . . ငါ မှတ်ဖို့စာအုပ် ထုတ်လိုက်ဦးမယ်"

■

(၁၈)

လက်ထဲက လိပ်စာစာရွက်ကို ကိုင်ရင်း အိမ်ရှာနေသည်မှာ တစ်နာရီခန့်ပင် ရှိနေပြီဖြစ်သည်။

လမ်းမှာတွေ့သော လူများကို မေးကြည့်ရင်း သူတို့ ညွှန်ပြရာ နေရာများကို သွားသော်လည်း ဒီနေရာမှာပဲ လည်နေသည်ဟု ထင်မိသည်။

"ဒီမှာရှင့်၊ 'ရိုးရိုးလေးလမ်း'က ဘယ်နားမှာလဲ"

လမ်းမှာ ထပ်တွေ့သော လူတစ်ယောက်ကို မေးလိုက်ပြန်သည်။

"သြော်. . . ရှေ့မှာ လမ်းတစ်လမ်း တွေ့လား"

လက်ညှိုးညွှန်ပြရာနေရာကို ကြည့်တော့ လမ်းတစ်လမ်းကို တွေ့ရသည်။

"ဟုတ်ကဲ့. . . တွေ့ပါတယ်"

"အဲ့ဒီလမ်းကနေ စပြီးရေတွက်သွား၊ သုံးလမ်းမြောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် လမ်းထဲဝင်၊ ဝင်ပြီးတာနဲ့ နည်းနည်းလေး လျှောက်သွားလို့ရှိရင် လမ်းချိုးလေးတစ်ခု တွေ့လိမ့်မယ်၊ အဲ့ဒီလမ်းချိုးလေးထဲ ဝင်ပြီးသွားလို့ ခဏကြာရင် 'မကြီးလမ်း'၊ 'မငယ်လမ်း'၊ 'ရိုးရိုးလေးလမ်း'ဆိုပြီး လမ်းချိုးလေးတွေ တွေ့ရလိမ့်မယ်"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲ"

သူမလည်း ညွှန်ပြရာလမ်းကနေ စတင်ရေတွက်လာရာ သုံးလမ်း မြောက်ရောက်သောအခါ လမ်းထဲသို့ ချိုးကွေ့ ဝင်လိုက်သည်။ နေရာမှာ ရပ်ကွက်တစ်ခုသာဖြစ်ပြီး အိမ်အကောင်း စားကြီးများကို မတွေ့ရချေ။

ပျဉ်ထောင်အိမ်ကလေးများသာ တွေ့ရသည်။ တစ်ခါတစ်ရံ ဝါးထရံကာ အိမ်လေးတွေလည်း တွေ့ရ၏။

သာမန်လူတန်းစားများနေသော ရပ်ကွက်တစ်ခုဟု ဆိုရပေမည်။

"အမယ်လေး"

အတွေးနဲ့ လျှောက်လာရင်း ကလေးတစ်ယောက်က ဖြတ်ပြေးသွားသောကြောင့် လန့်ပြီး အော်မိလိုက်သည်။

လမ်းပေါ်မှာ ကလေးတွေ ကစားနေတာကို အတွေးနဲ့မို့ မတွေ့ဘဲ ဖြစ်သွားသည်။

သူမ အော်သံကြောင့် အဒေါ်ကြီးနှစ်ယောက်က သူတို့ အိမ်ထဲကနေ ထွက်ကြည့်သည်။

သူမလည်း မသိချင်ယောင်ဆောင်ပြီး ဆက်လျှောက်လာခဲ့သည်။



လမ်းကတော့ ထုံးစံအတိုင်း ချိုင့်ခွက်တွေနဲ့ပဲ ဖြစ်သည်။

ဟော. . . ရှေ့မှာ လမ်းချိုးတစ်ခု ထပ်တွေ့ရပြန်ပြီ။ ခြေလှမ်းများ သွက်လာပြီး ထိုလမ်းချိုးကွေ့ထဲသို့ ခပ်မြန်မြန်ဝင်လိုက်သည်။

ရှေ့က ရေအိုင်တစ်ခုကို လှမ်းရှောင်ရင်း လူပင် ယိုင်နဲ့နဲ့ ဖြစ်သွားသေးသည်။ အိမ်တစ်အိမ်၊ နှစ်အိမ်ရှေ့တွင် အမျိုးသမီးအချို့ ထွက်ထိုင်နေကြပြီး သူမကို ကြည့်နေကြတာကို တွေ့ရသည်။

ဒါနဲ့ သူမလည်း သူ့ကိုကြည့်နေသော အဒေါ်ကြီးတစ်ယောက်ကို-

"ရိုးရိုးလေးလမ်းက ဒီကနေ သွားရတာလား"

ဟု လှမ်းမေးလိုက်၏။

ပထမတော့ အဒေါ်ကြီးက ကြောင်တောင်တောင်နဲ့ ကြည့်နေပြီး နောက်မှ သူ့ကို မေးမှန်းသိကာ-

"အေး. . . ဟုတ်တယ်၊ လမ်းဆုံးထိ မရောက်ခင် တွေ့ရလိမ့်မယ်"

ဆိုကာ အလျင်အမြန် ပြန်ဖြေလေ၏။

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

ဒီတစ်ခေါက်တော့ သေချာပါပြီဟုတွေးရင်း ရှေ့တည့်တည့် လျှောက်လာခဲ့ပြီး ခဏအကြာတွင် သူမ၏ ခြေလှမ်းများသည် တစ်နေရာ၌ ရပ်တန့်သွားလေ၏။

"ဟင်. . ."

ရုတ်တရက် ထိတ်လန့်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြေလှမ်းပင် ဆက်မလှမ်းနိုင်ဘဲ ထိုနေရာမှာပဲ ရပ်နေမိသည်။

မည်သို့ဆိုသော် ခပ်လှမ်းလှမ်းတွင် တွေ့ရသော အိမ်လေးမှာ ညတာ အိပ်မက်ထဲတွင် အဘွားကြီး ပြသွားသော အိမ်နှင့် တူနေသောကြောင့် ဖြစ်သည်။

အိမ်မှာ ခနိမိုး၊ ထရံကာဖြစ်ပြီး အိပ်မက်ထဲက အိမ်ဖြစ်ကြောင်း သေချာတာကတော့ ထိုအိမ်ရှေ့တွင် သရက်ပင်တစ်ပင် ရှိနေခြင်းပင် ဖြစ်သည်။

(၃၉)

"ဘယ်လို. . . နင့်အိပ်မက်ထဲက အိမ်နဲ့ ငါတို့ရပ်ကွက်ထဲမှာ ရှိတဲ့အိမ်နဲ့တူလို့ ဟုတ်လား. . .၊ နင့်ဟာကလည်း သေချာလို့လား၊ ခနိမိုး၊ ထရံကာအိမ်တွေက နေရာတိုင်းမှာ ရှိနေတာပဲ၊ ပြီးတော့ ဆောက်တဲ့အိမ်တွေကလည်း ပုံစံအတူတူပဲဆိုတော့ နင့်ဟာက မဖြစ်နိုင်ဘူး"

"သေချာတယ်၊ ငါ့အိပ်မက်ထဲက အိမ်ရှေ့မှာ သစ်ပင်တစ်ပင် ရှိသလို၊ ငါ အခု တွေ့ခဲ့တဲ့ အိမ်ရှေ့မှာလည်း သစ်ပင်တစ်ပင် ရှိနေတယ်"

"အံ့မယ်. . . အဲ့ဒီလိုသာဆိုရင် ငါ့အိမ်ရှေ့မှာလည်း သစ်ပင် ရှိတာပဲ"

သူမ သူငယ်ချင်းက ဘယ်လိုပြောပြော မယုံဘူး ဖြစ်နေသည်။

သူမကလည်း ထိုအိမ်မှာ ညကမက်သော အိပ်မက်ထဲက အိမ်ပင်ဖြစ်သည်ဟု ယုံကြည်နေမိသည်။

"ပို့သေချာတာ ငါပြောပြရမလား"

"အေး. . . ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိပ်မက်ထဲက အိမ်ရဲ့ဝါးထရံကို ဝါးလုံးတစ်လုံးနဲ့ ထောက်ထားရတယ်၊ အခု ငါတွေ့ခဲ့တဲ့ အိမ်ကလည်း အဲ့ဒီလိုပဲ ဝါးလုံးနဲ့ ထောက်ထားတယ်၊ အတိုအရှည်လည်း အတူတူလောက်ပဲ၊ ပြီးတော့ ငါ့အိပ်မက်ထဲက သစ်ပင်က သရက်ပင်၊ အပြင်က အိမ်ရှေ့မှာ ပေါက်နေတာလည်း သရက်ပင်"

သူမ သူငယ်ချင်းမျက်နှာမှာ ဖြူဆုပ်သွားပြီး အနည်းငယ် ထိတ်လန့်သွားကြောင်း သတိထားမိလိုက်သည်။

"နင်. . . နင်ပြောတဲ့အိမ်က အဘွားကြီး ဒေါ်အုန်းရီရဲ့ အိမ်ထင်တယ်"

"ဟုတ်လို့လား"

"ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သရက်ပင်ရှိတဲ့အိမ်ဆိုလို့ ဒီရပ်ကွက်ထဲမှာ အဲ့ဒီအိမ်တစ်အိမ်ပဲ ရှိတယ်"

"အခု အဲ့ဒီ အဘွားကြီးတို့ နေနေတာပေါ့"

"ဘယ်သူမှ မနေကြဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အဲ့ဒီအိမ်မှာ နောက်ဆုံးနေခဲ့တဲ့ အဘွားကြီး ဒေါ်အုန်းရီနဲ့ သူ့ယောက်ျားက တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ ဆုံးသွားကြတာ"

"ဟာ. . . ဒါဆို ငါ့အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့အဘွားကြီးက. . ."

ဆက်မပြောနိုင်ဘဲ ရပ်တန့်သွားလေသည်။

■

(၄၀)

"ဦးဘဆွေ. . . ဦးဘဆွေ"

စိတ်ထဲက အကြိမ်ကြိမ် ရေရွတ်နေမိသည်။ ထိုနာမည်ကို သူဘယ်မှာ မြင်ဖူးနေမှန်းမသိ ဖြစ်နေသည်။

သေချာတာက ထိုနာမည်ကို ရင်းရင်းနှီးနှီး သိနေခြင်းဖြစ်သည်။ ထို့ပြင် သူမ တစ်ခါမှ မရောက်ဘူးသော ရပ်ကွက်တစ်ခုရှိ အိမ်တစ်လုံးသည် သူမ၏ အိပ်မက်ထဲသို့ အဘယ်ကြောင့် ရောက်နေရသနည်း။

စဉ်းစားလေ အဖြေမရနိုင်သောကိစ္စ ဖြစ်နေသည်။ ပြီးတော့ မိမိအိပ်မက်ထဲတွင် မြင်မက်ခဲ့ရသော အိမ်၌ အဘိုးကြီးနဲ့ အဘွားကြီး နှစ်ဦးစလုံး သေဆုံးခဲ့ရသည်။

သေဆုံးခဲ့သော အဘွားကြီးမှာလည်း သူမအိပ်မက်ထဲက မြင်တွေ့ရသော အဘွားကြီး ဟုတ်မဟုတ် မသေချာသော်လည်း ဖြစ်လိမ့်မည်ဟု တထစ်ချ ယုံကြည်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို အဘွားကြီးက သူ့အိမ်ကို လက်ညှိုးထိုးပြီး ဘာကို ပြောစေချင်တာလဲ။

အပြန်တွင် စဉ်းစားလမ်းလျှောက်ရင်း ရပ်ကွက်ထိပ်ပင် ရောက်နေပြီ ဖြစ်သည်။

ကားဂိတ်ကိုလည်း ရှေ့ခပ်လှမ်းလှမ်းမှာ မြင်နေရပြီ ဖြစ်သည်။

"ငါတောင် ဒီရပ်ကွက်ထဲမှာ ငါ့အမျိုးတွေရှိလို့ သိနေရတာ၊ ဒီရပ်ကွက်ထဲမှာတော့ အဲ့ဒီအိမ်က သရဲခြောက်တယ်လို့ ထင်နေကြတာ"

"ဘာဖြစ်လို့လဲ"

"အဘွားကြီးမဆုံးခင် သူက သမ္မတကြီးဆီကို လိပ်မူပြီး တိုင်စာတစ်စောင် ရေးသွားသေးတယ်တဲ့"

"ဘာအကြောင်းအရာလဲ"

"အဲ့ဒါတော့ ငါလည်း မသိဘူး၊ ဒါပေမယ့် အဲ့ဒီတိုင်စာကို အဲ့ဒီ အဘွားကြီးတို့အိမ်နားက ဦးဘဆွေကရသွားပြီး ရပ်ကွက်ထဲက ပြောစကားအရ ပြန်ပြောရရင် အဘွားကြီးစာက သူ့ဆီကို ခဏခဏ ပြန်ရောက်လာနေလို့ သူပို့ချင်တဲ့ သမ္မတကြီးဆီ ပို့စေချင်လို့ ထင်တာနဲ့ ပို့လိုက်တာပါတဲ့"

"ဟင်... သူက သမ္မတကြီးဆီ တကယ်ပို့လိုက်တယ် ဟုတ်လား"

"အေး... ဟုတ်တယ်၊ နောက်တော့ သမ္မတရုံးကလို့ ထင်ရတဲ့ လူတွေရောက်လာပြီး စုံစမ်းမေးမြန်းရော၊ တကယ်တော့



အဘွားကြီးက သေခါနီးဆိုတော့ စိတ်ကူးပေါက်တာ ရေးလိုက်တာ ဖြစ်မှာပါဟယ်၊ ဒါကို ဦးဘဆွေက လိပ်မူထားတဲ့လူဆီ ပို့ခိုင်းတယ်လို့ထင်ပြီး ပို့ဖြစ်အောင် ပို့လိုက်တယ်"

"ဩော်... ဒီတော့ ဘာဆက်ဖြစ်သွားလဲ"

"မမှန်မကန် တိုင်စာဆိုပြီး သတ်မှတ်လိုက်တယ်လို့ ပြောတာပဲ၊ စာပို့ပေးတဲ့ ဦးဘဆွေကိုလည်း တစ်ရပ်ကွက်လုံးက ဝိုင်းပြီး အပြစ်ပြောလိုက်ကြတာ ဦးဘဆွေမှာ အိမ်ထဲက အိမ်ပြင်တောင် သိပ်မထွက်နိုင်ကြဘူး၊ ဘာဖြစ်လို့ဆို သမ္မတရုံးက လူတွေရှေ့မှာတောင် သူက အဘွားကြီးဘက်က ရှိနေသေးတာလေ"

"သမ္မတရုံးဘက်ကလူတွေ... သမ္မတရုံးဘက်ကလူတွေ"

ပါးစပ်က တိုးတိုးရေရွတ်ရင်း ဘတ်စ်ကားဂိတ်ဆီသို့ သွားတဲ့ ခြေလှမ်းများကို ရပ်ပစ်လိုက်သည်။

မည်သို့ဆိုသော် သူမ၏ စိတ်ထဲတွင် သမ္မတရုံး တံဆိပ်ထုထားသည့် တိုင်ကြားစာကို သတိရသွားပြီး ထိုစာဘေးရှိ နာမည်ကို သတိရသွားသောကြောင့် ဖြစ်သည်။

ဟုတ်တယ်... အသေအချာပဲ။

ညကတွေ့ခဲ့သော စာထဲရှိနာမည်မှာ ဦးဘဆွေဆိုသည့် နာမည်ဖြစ်သည်။

ထို့ကြောင့် Taxi တစ်စီးကို အမြန်တားလိုက်သည်။ ဘတ်စ်ကား စီးရင် နောက်ကျနေမှာ စိုးသောကြောင့် Taxi စီးပြီး အိမ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကာ သူထင်တာ ဟုတ်မဟုတ် ပြန်ကြည့်ရမည်ဖြစ်သည်။ သေချာသည်ဆိုပါက-

■

(၄၁)

ရှုံးအပြန် ကားပေါ်မှ ဆင်းဆင်းချင်း အိတ်ထဲမှ ထီးကို တမန်းကတန်း ရှာရသည်။

လွယ်အိတ်ထဲရှိ ဖိုင်များကြားထဲညှပ်နေပြီး အောက်ဘက် ရောက်နေ၏။

နေကလည်း ဘယ်အညှိုးနဲ့မှန်းမသိ ပူပြင်းနေလေသည်။

"ဦးဘဆွေ ပြန်လာပြီလား"

"ဩော်. . . အင်း၊ ပြန်လာပြီ"

ထီးကိုဖွင့်နေရင်း ပြန်နှုတ်ဆက်နေရသေးသည်။

အခုတစ်လော သူသည် ရပ်ကွက်ထဲက လူတွေကို ရှောင်လေ့ ရှိသည်။ မဖြစ်မနေ ထိပ်တိုက်တွေ့မှသာလျှင် နှုတ်ဆက်လေ့ ရှိသည်။

ထိုနှုတ်ဆက်တဲ့ သူတွေကပင် သူ့ကို လှောင်သလိုလို ပြောင်သလိုလို ကြည့်သည့်အကြည့်တွေကို သူ မခံနိုင်ချေ။

အခုလည်း အိမ်ကို ပြန်သည့်အခါ လမ်းမကြီးကနေ မပြန်ဘဲ လူရှင်းသည့် လမ်းကြိုလမ်းကြားကနေ အိမ်ကို ပြန်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေက သူ့ကို ကြည့်သည့် အကြည့်တစ်မျိုးကို သူ မခံနိုင်ချေ။ တချို့က နှုတ်မဆက်ပေမယ့် သူ့ကိုကြည့်ပြီး ပြုံးပြုံးသွားတတ်ကြသည်။

အဘွားကြီးစာနဲ့ပတ်သက်ပြီး တစ်ရပ်ကွက်လုံးက သူ့ကို အထင်သေး ရှုတ်ချနေသောကြောင့် ဦးဘဆွေလည်း ဘာမှ ပြန်မရှင်းတော့ဘဲ အချိန်တစ်ခုထိ သည်းခံနေရန် ဆုံးဖြတ်ထားသည်။ ကြာလာရင်တော့ မေ့သွားလိမ့်မည်ဟု ထင်မိသည်။

သူ့မိန်းမ မထားရီကလည်း ထိုကိစ္စနဲ့ပတ်သက်ပြီး သူ့ကို အမြင်မကြည်ဖြစ်နေသည်။

ရပ်ကွက်ထဲက လူတွေက 'နင့်ယောက်ျားကလေ၊ နင့်ယောက်ျားကလေ'ဆိုပြီး လာလာပြောတတ်သောကြောင့် ရပ်ကွက်ကို မျိုတင်းလေ သူ့ကို ပိုမဲလေ ဖြစ်နေသည်။

'ရှင်အသုံးမကျလို့ . . . ရှင့်ကိုက အလုပ် မဟုတ်တာ' စသည်ဖြင့် ထမင်းစားခါနီးလည်း ကြားရ၊ ရုံးက ပြန်လာရင်လည်း ကြားရသည့် စကားလုံးများ ဖြစ်နေသည်။

အခုလည်း အိမ်ပြန်လာရင် ထပ်ကြားရပေဦးမည်။

"ဦးဘဆွေကြီး"

ခေါ်သံကြောင့် လှည့်ကြည့်မိသည်။

ကလေးတစ်ယောက် ငွေလိမ့်ရင်း သူ့ကို လှမ်းခေါ်နေခြင်း ဖြစ်သည်။



"ဘာလဲ"

"အနော်လည်း . . . အနော့် ဆရာမကို တိုင်စာပေးချင်လို့"

"ခွေးကောင်လေး"

နီးစပ်ရာ ခဲလုံးနဲ့ ကောက်ထုရန် ဟန်ပြလိုက်သောကြောင့် ကလေးမှာ နောက်ပြောင်ရင်း ထွက်ပြေးသွားလေသည်။

ဩော် . . . ကလေးတွေတောင် ငါ့ မလေးစားတော့ပါလားဟု တွေးရင်း မိမိအိမ်ခြံဝင်းထဲသို့ လှမ်းဝင်လိုက်သည်။

အိမ်ပေါက်ဝတွင် ရပ်နေသော သူ့မိန်းမကို တွေ့လိုက်ရသည်။

"ဟင်း"

သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြင်းထန်သည့် စကားလုံးတွေ ကြားရဦးမည်။

"ဦးဘဆွေ"

သူ့မိန်းမ စိတ်ဆိုးနေရင် သူ့ကို နာမည်အပြည့်အစုံ ခေါ်လေ့ရှိသည်။ ထို့ကြောင့်-

"အေး . . . ပြော"

ဟုဆိုကာ ခေါင်းကို ငုံ့ထားပြီး ပြန်ထူးလိုက်သည်။

"ဒီမှာ ရှင့်ကို မိန်းကလေးတစ်ယောက်က တွေ့ချင်လို့ဆိုပြီး စောင့်နေတယ်"

"ဟင် . . ."

■

www.burmeseclassic.com

www.burmeseclassic.com

(၄၂)

"ဘာ. . . ထူးဆန်းတဲ့တိုင်စာ ဟုတ်လား"

"ဟုတ်တယ် ဆရာ"

ခက်ခက်ခိုင်သည် သူကြုံတွေ့ရသည့် အဖြစ်အပျက်များ အဘိုးကြီး အဘွားကြီး ရပ်ကွက်အတွင်းရှိ ဖြစ်ရပ်များ၊ ဦးဘဆွေကို မေးမြန်းသည့် မေးမြန်းချက်များအားလုံးကို အသေးစိတ် ရှင်းပြလိုက်သည်။

"နင်က အဲ့ဒါတွေ ဘယ်လို သိရတာလဲ"

"သမီးလည်း မသိပါဘူး ဆရာ၊ မနေ့က အိပ်မက်ထဲမှာ အဘွားကြီးတစ်ယောက်က သူ့အိမ်ကို လက်ညှိုးထိုးပြီး ဖြုန်းဆို ပျောက်သွားတယ်၊ အဲ့ဒါနဲ့ သူငယ်ချင်းတစ်ယောက် အိမ်ဘက် သွားရင်းနဲ့ အဲ့ဒီရပ်ကွက်ထဲမှာ သမီး အိပ်မက်ထဲကအိမ်ကို တွေ့မိ လိုက်တာပဲ ဆရာ"

ဆရာ ချစ်ဦးမောင်က ခက်ခက်ခိုင်စကားကို မယုံမကြည် ဖြစ်နေပုံရသည်။ သူမကလည်း ဆက်ပြောနေလေ၏။

"အဲ့ဒါနဲ့ သမီးလည်း စုံစမ်းရင်း အဲ့ဒါတွေ သိရတာပဲ"

"နင် စိတ်စွဲပြီး ဖြစ်တာနေမှာပါ"

"မဟုတ်ဘူးဆရာ၊ သမီး အဲ့ဒီရပ်ကွက်ကိုလည်း မရောက်ဖူး ပါဘူး၊ အဲ့ဒီသတင်းကိုလည်း မကြားဖူးပါဘူး"

"နင့်အိပ်မက်ထဲက အိမ်ဆိုတာရော ဟုတ်ရဲ့လား"

"သေချာတယ် ဆရာ၊ ဝါးထရံကာတဲ့ အိမ်ကို၊ ဝါးလုံး တစ် ချောင်းက ထရံကို ထောက်ထားတယ်၊ ပြီးတော့ အိမ်ရှေ့မှာ သရက် ပင်တစ်ပင် ရှိတယ်ဆရာ"

ဆရာချစ်ဦးမောင်က ခေါင်းကို ခါယမ်းလိုက်သည်။

"ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် သမီးလက်ထဲကို ဦးဘဆွေ ရေးထားတဲ့ အပေါ်စာက ရောက်နေတယ်ဆရာ"

သူ့စားပွဲပေါ် ရောက်နေသောစာကို တစ်ချက်ကြည့်လိုက် သည်။ စာကတော့ သမ္မတရုံးက စာဖြစ်သည်။

သို့သော်လည်း ဒီကိစ္စတွင် ယုံကြည်ရန် ခက်ခဲသော၊ ဒဏ္ဍာရီ ဆန်ဆန် စိတ်ကူးယဉ်မှုများ ပါနေသောကြောင့် မယုံမကြည် ဖြစ်နေမိသည်။

"ဒါဆို သမီးက ဒီကိစ္စကို"

"သတင်းအနေနဲ့ ထည့်ပေးစေချင်လို့ပါ"

"အင်း. . . အဲ့ဒါတော့ မဖြစ်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသာ ယုတ္တိ ယုတ္တာ မရှိတဲ့ ကိစ္စတွေကို ဖော်ပြခဲ့မယ်ဆိုရင် စာဖတ်ပရိသတ်က ဆရာတို့ဂျာနယ်ကို ဝေဖန်မှုတွေ များသွားမှာပေါ့"

"မဟုတ်ဘူး ဆရာ၊ အဲ့ဒါက တကယ်ဖြစ်ခဲ့တာပဲလေ"

ခက်ခက်ခိုင်က ယုံယုံကြည်ကြည် ပြောနေသောကြောင့် ဆရာချစ်ဦးမောင်လည်း လက်ကို ကာပြကာ-

"ဟုတ်ပြီ. . . ဆရာ့ဆီမှာ သမ္မတရုံးက စာကိုထားခဲ့. . . သတင်းထည့်သင့်၊ မထည့်သင့်တော့ ဆရာ စဉ်းစားလိုက်ဦးမယ်"

ထိုအခါမှပဲ ခက်ခက်ခိုင်က ကျေနပ်သွားပုံရသည်။

တကယ်တော့ ခက်ခက်ခိုင်ပြောသော သတင်းနှင့် အဖြစ်အပျက်ကို သူ့အနေနဲ့ အယုံအကြည် မရှိချေ။

သမ္မတရုံးက လူများကလည်း အသေးစိတ် လာစစ်ပြီးသွားပြီဆိုတော့ ဒီကိစ္စက သေချာသလောက် ရှိနေသည်။ လာမစစ်ရင်တော့ တစ်မျိုးပေါ့။

အခုဟာက အရေးတယူ စစ်ဆေးပြီးမှ မဖြစ်နိုင်ဟု ယူဆထားသောကိစ္စကို မိမိတို့ဂျာနယ်မှ အိပ်မက်တစ်ခုနှင့် လူတစ်ယောက်ရဲ့ စာကို ခဏခဏ ပြန်ရမှုတို့ကြောင့် ထိုကိစ္စကို ထည့်ရမည်လား။

မဖြစ်နိုင်ချေ။ လူတွေ စတန့်ထွင်ပြောတာ ဖြစ်နိုင်ဖို့များသည်။ ထို့ကြောင့် ဂျာနယ်၏ သတင်းထောက်မလေး စိတ်ကျေနပ်ရန်အတွက် ကြည့်လုပ်ပေးမည်ဟု ပြောလိုက်ရခြင်း ဖြစ်သည်။

တစ်ဆက်တည်း သမ္မတရုံးကစာကို ယူထားလိုက်သည်။



မိမိရုံးခန်းထဲမှ ခက်ခက်ခိုင် ထွက်သွားပြီးနောက် ထိုစာကို မိမိရုံးခန်း အံဆွဲထဲ၌ ထည့်ထားလိုက်သည်။

ထို့နောက် လုပ်လက်စအလုပ်ကို ပြန်ကိုင်လိုက်သည်။ ပြီးမှ ဒီနေ့ ဖောင်ပိတ်ရက်မှန်း သတိရသွားပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

အိမ်ရှိ သူ့မိန်းမထံ ဖုန်းဆက်ခြင်းဖြစ်ပြီး ဒီနေ့ အိမ်ပြန်နောက်ကျမယ်ဟု လှမ်းပြောခြင်းဖြစ်သည်။

အလုပ်ကအပြန် အိမ်ပြန်ရောက်တော့ သူ့မိန်းမနှင့် ကလေးတွေ အိပ်ပျော်နေပြီ ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၃)

**"အား. . ."**

အိပ်ပျော်ပြီး ခဏအကြာတွင် သူ့မိန်းမ အော်သံကြောင့် ရုတ်တရက် လန့်နိုးသွားလေသည်။

"ဘာ. . . ဘာဖြစ်တာလဲ မိန်းမ"

ချွေးများပြန်ပြီး ရုတ်တရက် ထထိုင်နေသော သူ့မိန်းမကို စိုးရိမ်တကြီး ဖြစ်သွားသည်။

ခဏကြာသည်အထိ ပြန်မဖြေနိုင်သေးပဲ "ရေ. . . ရေ" ဟု တောင်းနေသောကြောင့် နောက်ဖေးကိုသွားပြီး ရေအမြန်ခပ်ပေးရသည်။

ရေကို တစ်ဖန်ခွက်လုံး ကုန်အောင်သောက်ပြီး ခဏ အမောဖြေနေသည်။

"ဘာဖြစ်တာလဲ"

"ကျွန်. . . ကျွန်မ အိပ်မက်မက်လို့"



ထိုအခါမှ ချစ်ဦးမောင်လည်း စိတ်သက်သာရာ ရသွားပြီး. . .

"မိန်းမရယ် အိပ်မက်မက်တာများ အဲ့ဒီလောက်တောင် အော်ရသလား"

ဟု အပြစ်တင်လိုက်မိသည်။

"ရှင် ဘာသိလို့လဲ. . . အိပ်မက်က ကြောက်စရာမကောင်းပေမယ့် တကယ်ဖြစ်နေသလိုဖြစ်လို့ ကျွန်မလည်း လန့်အော်မိတာပေါ့"

သက်ပြင်းချလိုက်သည်။ သူ့မိန်းမကိုလည်း ပိုပိုလွန်းသည်ဟု ထင်မိသည်။

အိပ်မက်မက်တာက အကြောင်းမဟုတ်။ မနက်ကျရင် ထိုအိပ်မက်ကိုတွေးပြီး ကောင်း၏၊ မကောင်း၏ဆို စဉ်းစားကာ ခေဒင်တွက်ဘာတွက် လုပ်ဦးမည်။

ဒါတွေကို ချစ်ဦးမောင်တို့က နောကျေနေပြီ ဖြစ်သည်။

ထို့ကြောင့် အိပ်ရာပေါ်ကို ပြန်လှဲချလိုက်သည်။ သူ့မိန်းမကတော့ မအိပ်သေးဘဲ ခုတင်ပေါ်မှာ ထိုင်နေသေး၏။

သူကတော့ အိပ်ပျော်အောင် အိပ်ရမည်။ မည်သို့ဆိုသော် မနက်ဖြန် အင်တာဗျူးတစ်ခုအတွက် ချိန်းထားသောကြောင့် ဖြစ်သည်။

"ရှင်သိလား. . . ကျွန်မမက်တဲ့ အိမ်မက်က. . ."

တစ်ဖက်ကိုလှည့်ပြီး ဖက်လုံးကို ဖက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဘက်လှည့်နေပါက နားထောင်နေရမှာစိုးသောကြောင့် ဖြစ်သည်။ သူမိန်းမက တစ်ခုခုဖြစ်ပြီဆိုရင် မပြီးဆုံးနိုင်တတ်မှန်း သိထားသည်။

အခုလည်း ဘာမဟုတ်သည့် အိပ်မက်ကိုပြောဖို့ သူ့ကို လှုပ်နှိုးနေ၏။

သူလည်း မသိချင်ယောင်ဆောင်ပြီး အိပ်နေဟန်ပြုထားလိုက်သည်။ ဒါတောင် သူက ပြောနေသေး၏။

"အိပ်မက်ထဲမှာ အဘွားကြီးတစ်ယောက်က အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြတယ်။ အဘွားကြီးကလည်း တော်တော်အိုနေပြီ"

"ထူးဆန်းတာက အရင်တုန်းက အိပ်မက်တွေလိုမျိုး မဟုတ်ဘူးရှင့်. . . အိပ်ရာကနိုးပြီးတာတောင် ရှင်းရှင်းလင်းလင်း ကြီး ပြန်သတိရသေးတယ်"

". . . . . . . . . . . . . . . အိပ်မက်ထဲမှာ အဘွားကြီးက ကျွန်မကို အိမ်တစ်လုံးကို လက်ညှိုးထိုးပြတာ အိမ်ကတော့ ဝါးထရံကာ ခနိမိုးပဲ. . . ပြီးတော့ ထရံက ကွာကျတော့မှာမို့လို့ ဝါးလုံးတစ်ချောင်း ထောက်ထားတယ်"

"ဟင်. . ."

ချစ်ဦးမောင်သည် အိပ်ချင်ယောင်ဆောင်နေရာမှ မျက်လုံးပြူးသွားလေသည်။

ထို့ပြင် ဆက်ပြောလိုက်သော စကားကြောင့် အိပ်ရာပေါ်မှ



ရှုတ်တရက် ထထိုင်မိလေသည်။

"အဲဒီ အိမ်ရှေ့မှာလည်း သရက်ပင်တစ်ပင် ရှိတယ်"

"ဘာ. . ."

ရုတ်တရက် ထထိုင်လိုက်သောကြောင့် သူ့မိန်းမမှာ လန့်သွားလေသည်။

"ဘာဖြစ်တာလဲရှင်. . . လန့်လိုက်တာ. . ."

"နေပါဦး. . . မင်းက အဲ့ဒါတွေ ဘယ်လိုသိနေတာလဲ"

သူ့စကားကြောင့် သူ့မိန်းမမှာ ကြောင်တောင်တောင် ဖြစ်သွားပြီး-

"ဘာကို ကျွန်မက ဘာတွေသိရမှာလဲ"

နေ့ခင်းက ခက်ခက်ခိုင် ပြောလိုက်သောအိမ်မက်ကို သူ့မိန်းမက သိ၍ စိတ်စွဲမက်ခြင်းဟု ထင်လိုက်မိသည်။

သို့သော် သေချာပြန်စဉ်းစားသောအခါတွင် ဒီနေ့ သူအိမ်ပြန်နောက်ကျလေသည်။ အိမ်ရောက်တော့လည်း သူ့မိန်းမနှင့် ကလေးတွေက အိပ်နေကြပြီ ဖြစ်သည်။

သူလည်း အိပ်ရာထဲသို့ တန်းဝင်ခဲ့သည်။ သူ့မိန်းမနှင့် စကားတစ်ခွန်းမှ မပြောရသေးပေ။

ထူးတော့ ထူးဆန်းသည်။ နေ့ခင်းက ခက်ခက်ခိုင် ပြောပြသော အိပ်မက်သည် ယခု သူ့မိန်းမမက်သော အိပ်မက်နှင့် အတူတူပဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမကတော့ သူဖြစ်ပျက်နေတာကို သတိမထားမိချေ။

"အဲ့ဒီ အဘွားကြီးက ချောက်ထဲလိုလို အမှောင်ထဲ ပြုတ်ကျ သွားတာကြောင့် ကျုပ်လည်း လန့်အော်မိတာ. . . မပြုတ်ကျခင် တော့ ပြောသွားသေးတယ်"

"ဘာပြောတာလဲ"

"သူ့ကို ကူညီပါတဲ့"

"ဟင်. . ."

ထိုပြောသည့် အကြောင်းကတော့ ခက်ခက်ခိုင် ပြောစကား ထဲတွင် မကြားရပဲနဲ့ သူ့မိန်းမ အိပ်မက်ထဲမှာပဲ ကြားရခြင်းက ပိုထူးဆန်းနေလေသည်။

■

## (၄၄)

ရုံးရောက်ရောက်ချင်း ခက်ခက်ခိုင်ကို အရင်ရှာရသည်။

"ခက်ခက်ခိုင်ကို တွေ့လား"

"မတွေ့သေးဘူးဆရာ. . . သူဒီနေ့ နည်းနည်းနောက်ကျမယ် လို့တော့ ပြောသွားတယ်"

"ဟာ. . . ဒုက္ခပဲ"

တွေ့ချင်ပါတယ်ဆိုတဲ့နေ့မှ မရှိဖြစ်နေသောကြောင့် ချစ်ဦးမောင် ခေါသထွက်သွားလေသည်။

"သူ့မှာ ဖုန်းရှိတယ်မှတ်လား၊ သူ့ဖုန်းကိုဆက် အရေးကြီးလို့ မြန်မြန်လာပါလို့"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ"

ဒီနေ့ အင်တာဗျူးမယ့်သူကို ကိစ္စလေးတစ်ခုရှိ၍ နည်းနည်း နောက်ကျမည်ဖြစ်ကြောင်း လှမ်းပြောထားလိုက်သည်။

မိမိအလုပ်စားပွဲမှာ ဝင်ထိုင်လိုက်သော်လည်း စိတ်က ဗျာ

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်ဖြစ်နေလေသည်။ ချစ်ဦးမောင်မှာ အိပ်မက် သရဲတစ္ဆေ နတ်တို့ကို ယုံကြည်တဲ့သူတစ်ဦးတော့ မဟုတ်ချေ။

သို့သော် မိမိတပည့်မနှင့် မိမိမိန်းမတို့သည် တူညီသော အိပ်မက်ကို မက်မိသည်ဆိုတာကိုတော့ လက်ခံရပေမည်။

မိမိမိန်းမနှင့် မိမိတပည့်တို့သည် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ရှိသည့် သူများလည်းမဟုတ်။ ထို့ကြောင့် ထိုကိစ္စကို တစ်ဦးမက်တာ သိ၍၊ ကြား၍ နောက်တစ်ဦးက လိုက်မက်သည်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ချေ။ ထို့နောက် အကြည့်က အံဆွဲဆီသို့ ရောက်သွားပြီး မနေ့က ခက်ခက်ခိုင် ပေးထားသောစာကို သတိရသွားလေသည်။

တကယ်တော့ ထိုစာကို မဖတ်ကြည့်ရသေးချေ။

ထို့ကြောင့် စာကိုထုတ်ယူပြီး ဖတ်ကြည့် မိလေသည်။

စာမှာ ယုံကြည်နိုင်ဖွယ်မကောင်းသော်လည်း ရေးသားထားသည်မှာ အပိုအလိုမပါပဲ ရိုးရိုးသားသား ရေးထားမှန်းတော့ သိသာသည်။

စာတစ်စောင်က သူဆီ ခဏခဏပြန်ရောက်နေ၍ စာမှာ လိပ်စာတပ်ထားသည့် သမ္ဘတကြီးဆီသို့ ပို့ပေးသည့်အကြောင်းကို အပေါ်စာ ရေးသားထားခြင်း ဖြစ်သည်။

"ဟင်း. . ."

သက်ပြင်းတစ်ချက် ချလိုက်သည်။ စိတ်ထဲတွင် ဘာအကြောင်း



အရာမှန်းမသိသော စိတ်လေးလံမှု တစ်ခုဖြစ်သွားလေသည်။

စိတ်ကူးယဉ်ဆန်လွန်းသော်လည်း သတင်းသမားတို့ ထုံးစံအတိုင်း နောက်ကြောင်းရာဇဝင်နှင့် အကြောင်းအရာကို ဟုတ်၏ မဟုတ်၏ဆိုတာကိုတော့ သိချင်သေးသည်။

ထို့နောက် စားပွဲပေါ်က လက်စမသတ်ရသေးသော ဆောင်းပါးတစ်ပုဒ်ကို လက်စသတ်ရေးနေလိုက်တာ တံခါးခေါက်သံကြားမှပဲ အချိန် တော်တော်ကြာသွားမှန်း သိတော့သည်။

"ဝင်ခဲ့လေ"

နောက်ဆုံးစာကြောင်းကို အဆုံးသတ်ရင်း လှမ်းအော်ပြောလိုက်သည်။

"ဆရာ. . . သမီးကို တွေ့. . . တွေ့ချင်လို့ဆို"

အခန်းထဲသို့ ဝင်လာသော ခက်ခက်ခိုင်ကို တွေ့လိုက်ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၄၅)

ခဏအကြာတွင် ခက်ခက်ခိုင်သည် သူကြားခဲ့ရသော အဘိုးကြီးနှင့် အဘွားကြီးအကြောင်း၊ ဦးဘဆွေအကြောင်း၊ ရပ်ကွက်အကြောင်းကို အသေးစိတ်ပြန် ပြောပြနေ၏။

ဆရာချစ်ဦးမောင်ကလည်း ခက်ခက်ခိုက်ပြောသည့် စကားများကို သေချာနားထောင်ကာ မှတ်သင့်တာများကို လိုက်မှတ်နေ၏။

ခက်ခက်ခိုင် စကားပြောပြီးသောအခါတွင် ဆရာ ချစ်ဦးမောင်ကလည်း သူ့မိန်းမညက အိပ်မက်မက်ပုံ၊ ထိတ်လန့်ပုံ၊ အိပ်မက်တူညီနေပုံများကို ပြန်ပြောပြလိုက်ရာ ခက်ခက်ခိုင်မှာ တအံ့တဩဖြစ်နေလေ၏။

"ဒါနဲ့ အဘွားကြီးရဲ့ စာထဲမှာ ဘာအကြောင်းတွေ ရေးထားတာလဲ"

ဆရာချစ်ဦးမောင်က အဓိကလိုရင်းကို မေးလိုက်သည်။



"ဦးဘဆွေ ပြောပြချက်အရတော့. . . စာထဲမှာပါတာ သိပ်မများဘူးတဲ့၊ အဘွားကြီးကလည်း စာသိပ်မတတ်တော့ သိပ်မရေးထားဘူးတဲ့. . . လက်မှတ်နေရာမှာတော့ သူ့လက်ဗွေရာ နှိပ်ထားတယ်တဲ့"

"အင်း"

"စာက ထူးထူးဆန်းဆန်း မဟုတ်ပေမဲ့ စာထဲက အကြောင်းအရာက ပြတ်သားတယ်တဲ့ ဆရာ"

"သူက ဘာရေးထားတာလဲ"

ခက်ခက်ခိုင်မှာ သူ့အိတ်ထဲကနေ စာတစ်စောင်ထုတ်ပြီး ဆရာချစ်ဦးမောင် ရှေ့သို့ ထိုးပေးလိုက်သည်။

ခက်ခက်ခိုင်လက်ရေးဖြင့် ရေးသားထားသေ အဘွားကြီး၏ စာဖြစ်သည်။

သို့

သမ္မတကြီး

အဲ့ဒီကောင်မလေးကို ကျွန်မသား မသတ်ပါ။ ဆင်းရဲတဲ့အတွက် အမှန်ကို မပြောခဲ့ရပါ။ ပြောလည်း ပြောလို့မရပါ။

သတ်သူကိုလည်း ကျွန်မ မသိပါ။ ကျွန်မသားလေး ပြောစကားအရ အာဏာနှင့် ငွေရှိတဲ့လူတစ်စုက အဓမ္မင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ကျွန်မသားလေးကို လုပ်ကြံဖန်တီး ကြတာပါ။

အခုနေ ကျွန်မသားလေးရှိရင် ကျွန်မတို့ ဒီလောက် ဆင်းဆင်းရဲရဲ မရှာစားရဘူးလို့ ယုံကြည်မိပါတယ်။

"စာထဲမှာ ဒါပဲရေးထားတာလား"

"ဟုတ်တယ်"

"ဘာမှလည်း မပြည့်စုံဘူး"

"အင်း. . . ဟုတ်တယ်၊ မသေခင် သူစိတ်ထဲရှိတာ ရေးသွားပုံရတယ်။ စာကလည်း မရေးတတ်တော့ အဲဒီအချိန်မှာ ဖြစ်နေတဲ့ စိတ်ခံစားချက်အတိုင်း ရေးခဲ့ပုံရတယ်"

"သူ့သားကရော ဘယ်သူလဲ၊ ဘာအမှု ဖြစ်ခဲ့တာလဲ"

"အဲ့ဒါလည်း မသိဘူး"

"အင်း. . . ဒါဆို ဒီကိစ္စကို ဘယ်လို စလုပ်ရမှာလဲ"

ဆရာချစ်ဦးမောင်မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။

သတင်းသမားများမှာ မိမိစိတ်ခံစားချက်အတိုင်း၊ မိမိထင်မြင်ချက်များအတိုင်း လိုရာတွေးနိုင်သော သတင်းမျိုးကို ဖော်ပြ၍ မရချေ။

အခုကိစ္စမှာလည်း ဘာမှ ရေရေရာရာမရှိသော စိတ်ကူးယဉ်မှုတစ်ခုဟု ပြောရပေမည်။



သို့သော် စိတ်ခံစားမှုမှသည် အမှန်တရားများ ဖြစ်လာကြသည်ဟု ယုံကြည်မိသည်။

"ဆရာ. . . သမီး တစ်ခုလောက်ပြောချင်တယ်"

"အင်း. . . ဘာလဲ"

"ဒီကိစ္စကို သမီးကတော့ စိတ်ဝင်စားပါတယ်"

"ဆရာလည်း စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ဘယ်ကနေ ဘယ်လိုလုပ်မှာလဲ၊ အကြောင်းအရာ မသိဘဲနဲ့ ဆရာတို့ ဒါကို ပြန်ဖော်လို့ မရဘူး"

"စိတ်ထဲ ထင်နေတာတစ်ခုရှိတယ်"

"ဘာလဲ"

"အဘွားကြီးက သူ့အိမ်ထဲကို လက်ညှိုး ထိုးပြတာကို အိပ်မက်မြင်မက်ရတော့ သူ့အိမ်ထဲမှာ တစ်ခုခု ရှိမယ်ထင်တယ်"

"ဖြစ်နိုင်ပါ့မလား"

"နောက်တစ်ခု ရှိသေးတယ်ဆရာ"

"ဘာလဲ. . ."

"ဦးဘဆွေက အဲ့ဒီအဘွားကြီးအိမ်ထဲမှာ သေတ္တာတစ်လုံးရှိတယ်။ အဲ့ဒီအထဲမှာ ဘာတွေမှန်းမသိတဲ့ အရာတွေရှိပြီး ဆောင်လေးတစ်ယောက် ဓာတ်ပုံလည်း ရှိတယ်လို့ပြောတယ် ဆရာ"

■

www.burmeseclassic.com

www.burmeseclassic.com

(၄၆)

မိုးသည် အချိန်အခါမဟုတ် ရွာနေပြန်သည်။ မိုးရွာချိန် မကြာသော်လည်း ရပ်ကွက်ထဲတွင် ချက်ချင်းဆိုသလိုပင် ရေများ ပြည့်လျှံသွား၏။

ကလေးတွေက လမ်းမထွက်ပြီး အော်ကြီးဟစ်ကြယ် ကစား နေကြသည်။ လူကြီးတွေကတော့ တတွတ်တွတ်အော်ဟစ်ရင်း မိမိ တို့ အိမ်ရှိ ရေယိုသောနေရာများကို အိမ်ရှိခွက်များဖြင့် လိုက်ခံ နေရသည်။

ကားတစ်စီးဖြတ်သွားပြီး ရေလှိုင်းကလေးများထသွားသော ကြောင့်ကလေးများ ပျော်နေကြသည်။

အဒေါ်ကြီးတစ်ယောက်နဲ့ အပျိုအရွယ် မိန်းမပျိုတစ်ဦးက တော့ ထဘီကိုမရင်း ရေတောထဲမှ ခဲရာခဲဆစ် လျှောက်နေရ လေသည်။

ထီးက တစ်ဖက်၊ ခြင်းတောင်က တစ်ဖက်နှင့် ထဘီကိုလည်း



နေထားရသေးသည်။

ကလေးတစ်ယောက်က ကစားရင်း ရေစင်သွားသောကြောင့် 'တဲ့. . . ကလေးတွေ နင်တို့က တစ်မျိုး' ဟု ပြန်အော်နေလေ၏။

ထိုစဉ် Taxi တစ်စီးသည် ရေပြည့်နေသော လမ်းကလေးထဲသို့ ဖြည်းဖြည်းချင်း ဝင်လာနေ၏။

ကလေးများကလည်း ကားဝင်လာသောကြောင့် 'ဟေး' ခနဲ အော်ဟစ်ပြီး ခုန်ပေါက်နေကြလေသည်။

Taxi သမားမှာလည်း ကားကို ထိန်းမောင်းရင်း ချိုင့်တွေ၊ မြောင်းတွေထဲ မရောက်အောင် သတိထားနေရလေသည်။

အရေးထဲ ကလေးတွေက ကားဘေးနားမှာ ခုန်ပေါက်ရင်း လိုက်လာသဖြင့် သူတို့ကိုလည်း ကြည့်နေရသေးသည်။

"ဘယ်လို ရပ်ကွက်ပါလိမ့်"

ဟု ကားမောင်းသမားက ကားမောင်းနေရင်း တွေးနေမိ သည်။

"အင်း. . . ဟိုရှေ့က အိမ်ပဲဦး၊ အဲ့ဒီရှေ့မှာ ရပ်လိုက်"

ကားထဲကပါလာသော ကောင်မလေးက အိမ်တစ်အိမ်ကို သတ်ညိုးထိုးပြရင်း ကားကို ရပ်ခိုင်းလိုက်သည်။

နာရီကို တစ်ချက်ကြည့်လိုက်သည်။ ကွက်တိပဲဟု တွေးရင်း အိတ်ထဲက ထီးကို အပြင်ကို အရင်ထုတ်ပြီး ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလည်း အိတ်ကို ကိုင်ထားရင်း ရေပြည့်နေသော လမ်းပေါ်သို့ Taxi ပေါ်မှ ဆင်းလိုက်သည်။

မိုးသည် ခုနကလို ဝုန်းခနဲ မဟုတ်သော်လည်း တဖွဲဖွဲတော့ ရှိနေသေး၏။

လှမ်းမြင်နေရသော အိမ်ထဲသို့ ဝင်လိုက်သည်။ ထီးကို ပိတ်ချလိုက်ပြီး ရေစစ်နေတုန်း အိမ်ရှေ့တွင် ထိုင်နေသော အဒေါ်ကြီးကို လှမ်းမေးလိုက်သည်။

"ဦးဘဆွေ ရုံးကပြန်ရောက်ပြီးလား အဒေါ်"

■

(၄၇)

မြင်မြင်ချင်းပင် အိမ်တစ်လုံး၏ ယိုင်နဲ့နေမှုကို တွေ့ရ၍ အိမ်ပေါ်သို့ တက်မှတက်လို့ရပါမလားဟု သံသယ ဝင်သွားလေသည်။

ရှေ့ကသွားနေသော ဦးဘဆွေက အိမ်ပေါ်ကို တက်လိုက်သောကြောင့် သူမလည်း လှမ်းတက်လိုက်သည်။

ဦးဘဆွေ မိန်းမ ဒေါ်ထားရီက သူ့ယောက်ျားကို ဒီအိမ်သို့ မသွားစေချင်သောကြောင့် ကာဆီးကာဆီး လုပ်နေသေးသည်။

သူမက မနည်းတောင်းတောင်းပန်ပန် ဝင်ပြောမှသာ မကြည်မသာနဲ့ လွှတ်လိုက်လေ၏။

ဒါတောင် သူ့အိမ်ပေါက်ကနေထိုင် ကြည့်နေသေးသည်။ အိမ်သည် တံခါးဖွင့်ထားသောအိမ် ဖြစ်သည်။ ရပ်ကွက်က လူများက ဒီအိမ်ထဲက ရှိသည့်ပစ္စည်းများကို စိတ်မဝင်စားသည့်အပြင် ယူလည်း မယူရဲကြပေ။

ဒီအိမ်ပိုင်ရှင်ကိုယ်တိုင်က ကြိုက်တဲ့သူ ယူစေချင်၍ ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် သူမတို့အနေဖြင့်လည်း မည်သူမှ ခွင့်မတောင်းတော့ဘဲ အိမ်ပေါ်သို့ တက်လာခဲ့လိုက်သည်။

အိမ်အတွင်းပိုင်းကို ဝါးများဖြင့် ခင်းထားပြီး တစ်အိမ်လုံး မိုးယိုထားသောကြောင့် ရွှဲရွှဲစိုနေလေသည်။

ပစ္စည်းဟူ၍ ကြီးကြီးမားမားတစ်ခုမှမရှိဘဲ အိမ်၏ထောင့်တွင် ကပ်ထားသော သေတ္တာတစ်လုံး၊ အိပ်ရာတစ်ခုနှင့် အိုးခွက်အနည်းငယ်သာရှိသည်။

ဦးဘဆွေသည် သေတ္တာရှိရာသို့ ဦးတည်သွားနေသောကြောင့် သူမလည်း ဦးဘဆွေနောက်မှ ကပ်လိုက်သွားရသည်။

"ဒါ. . . ဦးပြောတဲ့ အဘွားကြီးရဲ့သေတ္တာပဲ"

သေတ္တာရှေ့၌ ထိုင်ချလိုက်သည်။

သေတ္တာသည် သံသေတ္တာဖြစ်ပြီး သော့ခတ်ထားခြင်း မရှိချေ။ သံချေးအနည်းငယ်တက်နေရုံမှအပ အကောင်း ပကတိအတိုင်း ရှိနေသည်။

သေတ္တာရှေ့တွင် ထိုင်ချလိုက်သော်လည်း ချက်ချင်းမဖွင့်ရဲသေးပဲ ဖြစ်နေသည်။

တစ်စုံတစ်ခုများ ထွက်လာမလား ဆိုတဲ့စိုးရိမ်မှုမျိုး မဟုတ်ဘဲ ထိုသေတ္တာထဲရှိ အရာများက သူမကို အိပ်မက်ထဲမှာ အဘွားကြီး ညွှန်ပြခဲ့သည့်အရာများ ဖြစ်လိမ့်မည်ဟု တွေးမိပြီး ချက်ချင်းမဖွင့်ရဲ



သေးပဲ ဖြစ်နေသည်။

"ဖွင့်ကြည့်လိုက်လေ သမီး"

ဦးဘဆွေ သတိပေးမှပင် အသိဝင်လာပြီး သေတ္တာကို ဖွင့်ကြည့်လိုက်မိသည်။


■

www.burmeseclassic.com

www.burmeseclassic.com

သေတ္တာထဲတွင် အခြားပစ္စည်းများနှင့်အတူ
မိသားစုနှင့်သက်ဆိုင်သည့် ပစ္စည်းအဖြစ်
ဓာတ်ပုံတစ်ပုံကို စတွေ့ရသည်။

(၁) မိသားစုဓာတ်ပုံ




ထိုဓာတ်ပုံ၏ နောက်ကျောတွင် လက်ရေးခပ်သော့သော့ဖြင့်
ရေးထားသောလူငယ်လက်ရေးတစ်ခုကို တွေ့ရသည်။
ယင်းမှာ အနည်းငယ် မှိန်နေသောကြောင့်
မနည်းဖတ်ရသည်။

" ဖေဖေ ဦးဖိုးထင်နှင့် မေမေ ဒေါ်အုန်းရီ၊ သား အောင်ကျော်
နယ်ဘာ့ရှားပွဲအမှတ်တရ "

www.burmeseclassic.com


www.burmeseclassic.com

(၂) ဒေရှင်နရီ စာအုပ်တစ်အုပ်




စာအုပ်မှာ လွန်စွာဟောင်းနွမ်းနေပြီး သေသေချာချာ
ကိုင်ကြည့်ရသည်။ အောင်ကျော် အင်္ဂလိပ်စာသင်တန်းတက်တုန်းက
အသုံးပြုခဲ့သည့် စာအုပ်ဖြစ်ပုံရသည်။
မည်သို့ဆိုသော် စာအုပ်ရှေ့စာမျက်နှာထိပ်တွင်
အောင်ကျော်၏ နာမည်ကို အင်္ဂလိပ်လိုရေးထားပြီး
သင်တန်းနာမည်တစ်ခုကိုလည်း ရေးထားလေ၏။

(၃) သတင်းစာဖြတ်ပိုင်းတစ်ခုပုံ



**နိုက်ကလပ်တစ်ခုတွင် လူသတ်မှုတစ်ခုဖြစ်ပွား**

. . . လ . . . . ရက်

ရန်ကုန်မြို့ရှိ အထက်တန်းလွှာများသာ လာရောက်သော နိုက်ကလပ်တစ်ခုတွင် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ ဖြစ်စဉ်မှာ မ . . .။ အသက် (၂၃) နှစ်အရွယ် အမျိုးသမီးလေးတစ်ဦးမှာ နိုက်ကလပ်ရှိ ကားပါကင်တွင် လဲကျသေဆုံးနေကြောင်း သိရှိရ၍ တာဝန်ရှိသူများက ချက်ချင်းစစ်ဆေးရာတွင် သူမှာ ဝမ်းဗိုက်တွင် ဓားနှင့် ထိုးသွင်းအထိုးခံရာရှိကာ လဲကျသေဆုံးနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သက်ဆိုင်ရာမှ နိုက်ကလပ်ကို ချက်ချင်းပိတ်ကာ အတွင်းရှိလူများအားလုံးကို စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် နိုက်ကလပ်ယောကျ်ားအိမ်သာထဲမှ သွေးစွန်းဓါးတစ်လက်နှင့် သွေးစွန်းအင်္ကျီ တစ်ထည်အား တွေ့ရှိခဲ့ရသည်။ စစ်ဆေးချက်များအရ ဓားပေါ်ရှိလက်ဗွေရာနှင့် အင်္ကျီပိုင်ရှင်မှာ နိုက်ကလပ် ဝန်ထမ်း မောင်အောင်ကျော် (၁၁) ဦးစိုးလင်း၏ လက်ဗွေရာနှင့် တူညီများဖြစ်နေသောကြောင့် ၎င်း မောင်အောင်ကျော်အား ပုဒ်မ ( ) အရ အရေးယူထား ကြောင်းသိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄၈)

"ဒါလွန်ခဲ့တဲ့ (၁၀)နှစ်လောက်က အမှုပဲ"

ဆရာချစ်ဦးမောင်သည် လက်ထဲက သတင်းစာဖြတ်ပိုင်းကို စားပွဲပေါ် ပြန်ချထားလိုက်သည်။

ထို့နောက် သူ့ရှေ့တွင်ရှိနေသော ဒေရှင်နရီ အဟောင်းကို ဟိုကြည့်ဒီကြည့် လုပ်နေပြန်၏။

"အမှုကတော့ စိတ်ဝင်စားစရာပဲ၊ ဒါပေမယ့် သူဟာ တကယ်ပဲ သတ်လို့ ထောင်ကျသွားတာလား၊ ဒါမှမဟုတ် တစ်ခုခုကြောင့်ပဲလားဆိုတာ အမှုအကြောင်းကို အသေးစိတ်သိမှရမယ်"

"ဘယ်လိုလုပ်ကြမလဲ ဆရာ"

"ဒီသတင်းဖြတ်ပိုင်းမှာပါတဲ့ ရဲစခန်းမှာ ဆရာအသိ တစ်ယောက် ရှိတယ်။ သူ့ကို အကူအညီတောင်းပြီး အမှုကိုပြန်ရှာကြည့်ရ ထင်တယ်"

"အမှုက ကြာပြီဆိုတော့ ရှိမှရှိပါတော့မလား ဆရာ"




"ရှိမယ်ထင်တာပဲ"

"ဆရာ"

"ဟေ. . ."

"ဒီအမှုဟာ အဘွားကြီးရေးထားသလို အာဏာပိုင်အချို့နဲ့ ပတ်သက်နေမယ်ဆိုရင်ရော ဘယ်လိုလုပ်မလဲ ဆရာ"

ဆရာ ချစ်ဦးမောင် နည်းနည်း တွေဝေသွားတာကို တွေ့ရသည်။

သို့သော် ချက်ချင်းဆိုသလိုပဲ-

"ဒီအမှုကို သေချာပြန်ကြည့်သေးတာပေါ့၊ အကယ်၍ တစ်ခုခုနဲ့ ပတ်သတ်နေပြီဆိုရင်တော့ ဆရာတို့ဘက်က လုပ်ရဲရမှာပေါ့"

ခက်ခက်ခိုင်သည် ဆရာချစ်ဦးမောင် စကားကို ထောက်ခံသည့်အနေဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

ထိုစဉ် ဆရာ ချစ်ဦးမောင်သည် တစ်စုံတစ်ခုကို တွေ့လိုက်ရသည့်အနေဖြင့် မျက်မှောင်ကြုတ်သွားသည်ကို တွေ့လိုက်ရလေသည်။

ခက်ခက်ခိုင်လည်း သူ့ဆရာကြည့်နေရာသို့ ကြည့်လိုက်ရာ အောင်ကျော်၏ ဒေရှင်နရီ အဟောင်းစာအုပ် ပထမစာမျက်နှာကို ကြည့်နေခြင်း ဖြစ်သည်။

"ဘာဖြစ်လို့လဲ ဆရာ"

"ဒီမှာ ကြည့်စမ်း၊ ဘာတွေ ရေးထားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့သို့ စာအုပ်ကို ထိုးပြသည်။

သူမလည်း စာအုပ်က ဟောင်းနေသောကြောင့် ဖြည်းဖြည်းလေး ကိုင်ပြီးကြည့်ရာ တစ်ဖက်ပါအတိုင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၄၉)

"ဒီအမှုကကြာပြီပဲ ဘာလုပ်မလို့လဲ"

တာဝန်ခံရဲမှူးက သူ့ဆရာ ရေးပေးလိုက်သောစာ ကိုကြည့်ပြီး ပြောလေ၏။

"အဲဒါတော့ မသိဘူး ဆရာ၊ ဆောင်းပါးလေးတစ်ခု ရေးစရာ ရှိလို့ မှတ်တမ်းလိုနေတာနဲ့ ကြည့်ချင်လို့ ပြောတာပဲ"

ရဲမှူးက သူမကို တစ်ချက်ကြည့်ပြီးနောက် ခပ်လှမ်းလှမ်းရှိ ရဲတပ်သားတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ဒီအမှုတွဲလေး ရှာပေးလိုက်ပါဦး"

လက်ထဲကစာကို လှမ်းပေးလိုက်သည်။

ရဲတပ်သားကလည်း သူ့ဆရာလက်ထဲမှစာကိုယူပြီး ထွက်သွားလေ၏။

"ဦးကလည်း ဒီမှာ တာဝန်ကျတာ တစ်နှစ်လောက်ပဲ ရှိသေးတယ်ဆိုတော့ အဲ့ဒီအမှုကို အသေးစိတ်မသိဘူး။ ဦး အရှေ့က ရဲမှူး



လည်း သိလောက်မယ် မထင်ဘူး။ ဒါပေမယ့် အရှေ့က ရဲမှူးတော့ အဲ့ဒီအမှုကို ကိုင်သွားတာ ဖြစ်လိမ့်မယ်။ သူက ရာထူးတက်ပြီး တစ်နေရာကို ပြောင်းသွားရတာလေ"

ရဲမှူးမှာ သဘောကောင်းပုံရသည်။ ရိုးသားပြီး စေတနာလည်း ရှိပုံရသည်။ အလုပ်လုပ်ရာမှာပြတ်သားပြီး မထင်ရင်မထင်သလို အော်ဟောက်လွှတ်ဖို့လည်း ဝန်လေးပုံမရပေ။

ယခုကိစ္စမှာလည်း မေးမြန်းခြင်း၊ စစ်ဆေးခြင်း မရှိဘဲ ကူညီလိုက်ခြင်းဖြစ်သည်။

ခဏကြာသောအခါ ရဲတပ်သားမှာ ပြန်ထွက်လာပြီး-

"အဲဒီ အမှုတွဲ မတွေ့ဘူးဆရာ"

"ဟေ. . . ဘာဖြစ်လို့လဲ"

"ဟို. . . ကြာပြီဆိုတော့ ပျောက်နေတာများလား မသိဘူး"

"Date အလိုက်၊ အမှုတွဲလိုက်စီထားတာ မဟုတ်ဘူးလား"

"ဟုတ်. . . ဟုတ်တော့ ဟုတ်ပါတယ် ဆရာ၊ အဲဒီအမှုတွဲဖိုင်ကို မရှိတာပါ"

ရဲတပ်သားမှာ သူ့ဆရာဆူမှာကို ကြောက်နေသည့်ပုံစံ ဖြစ်နေတာကို တွေ့ရလေသည်။

"မင်းက ဒီမှာလုပ်သက်အရင့်ဆုံးပဲ၊ မင်းတို့က ဖိုင်တွေကို သေချာထားရမှာပေါ့"

ထင်သည့်အတိုင်းပင် ရဲမှူးက သူ့တပည့်ကို ဆူလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခတ်ခက်ခိုင်မှာလည်း ကြားထဲက အားနာလာပြီး-

"ရပါတယ်ဆရာ၊ အသတ်ခံရတဲ့ ကောင်မလေးနာမည်နဲ့ တရားခံဘက်က လိုက်ခဲ့တဲ့ ရှေ့နေနာမည်ကို သိရင်ရရင် တော်ပါပြီ"

ရဲမှူးက သူမဘက်ပြန်လှည့် လိုက်ပြီး-

"အားလုံးက အမှုတွဲဖိုင်ထဲမှာ ရှိနေတာ၊ သီးသန့်အဲဒီလိုကြီး မှတ်ထားတာတော့ မရှိဘူး၊ ဒါပေမယ့် ဒီအမှုက သတင်းထဲမှာ တောင် ပါတယ်ဆိုတော့ နည်းနည်းတော့ နာမည်ကြီးလိမ့်မယ် ဟေ့ကောင်"

သူ့တပည့်ဘက် လှည့်ပြီးအော်လိုက်ခြင်း ဖြစ်သည်။

"ဒီအမှုဖြစ်တဲ့ အချိန်မှာ မင်းရှိနေပြီလား"

ရဲတပ်သားမှာ ကြောက်ကြောက်လန့်လန့်နဲ့ ခေါင်းငုံ့နေပြီး-

"ရှိနေပါပြီ ဆ. . . ဆရာ"

"ဒါဆို မင်းမှတ်မိလား"

ရဲတပ်သားမှာ ခေတ္တတွေဝေနေပြီး-

"အ. . . အမှုတွေကများတော့ မမှတ်မိဘူး ဆရာ"

ရဲမှူးက ဘာမှမပြောနိုင်တော့။ ရဲတပ်သားပြောသည့် စကားမှာလည်း မှန်သည်။ နေ့စဉ်အမှုပေါင်း သောင်းခြောက်ထောင်နဲ့ ကြုံနေရတာဆိုတော့ လွန်ခဲ့တဲ့ (၁၀)နှစ်ခန့်ကအမှုကို သူ ဘယ်လိုလုပ် မှတ်မိနိုင်မှာလဲ။



ရဲမှူးသည် ခက်ခက်ခိုင်ဘက်သို့ ပြန်လှည့်လိုက်ပြီး-

"ကဲ. . . နင့်ဆရာကို ပြန်ပြောလိုက်တော့၊ အမှုက ကြာပြီဆိုတော့ ရဲစခန်းမှာတောင် အမှုတွဲ မရှိတော့ဘူးလို့"

"ဟုတ်ကဲ့ပါ ဆရာ"

သူမလည်း စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး ရဲမှူးကို နှုတ်ဆက်ကာ ရဲစခန်းထဲမှ ပြန်ထွက်လိုက်လေသည်။

ခဏအကြာတွင် ထိုရဲစခန်းထဲရှိ တာဝန်ခံရဲမှူးမှာ ခရိုင်မှူးက တွေ့ချင်တယ်ဆို၍ အလုပ်ကိစ္စများကို ပစ်ထားပြီး ရဲစခန်းမှ အလျင်အမြန် ထွက်သွားလေ၏။

ထို့ကြောင့် ရဲစခန်းထဲတွင် တာဝန်ခံ ရဲအုပ်တစ်ယောက်နှင့် ခုနက ဖိုင်ရှာပေးသော ရဲတပ်သားတစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

အပြင်မှာတော့ ရဲတပ်သား အစောင့်များ ရှိနေသေးသည်။

"ဆရာ. . . ကျွန်တော် အပြင်ခဏထွက်ပြီး ဖုန်းဆက်လိုက်ဦးမယ်"

"ဒီမှာ ဆက်လေ"

"ရပါတယ် ဆရာ. . . Personal ဆက်စရာရှိလို့ အပြင်ပဲထွက်ဆက်လိုက်မယ်"

ရဲအုပ်ကလည်း အလုပ်လုပ်နေရင်းမှ "အေး. . . အေး" ဟုသာ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်သားသည် ရဲစခန်းထဲမှထွက်ပြီး ခပ်လှမ်းလှမ်းရှိ ဖုန်းဆိုင်ထဲသို့ ဝင်လိုက်သည်။

ဖုန်းခွက်ကို ကောက်ကိုင်ပြီး ဂဏန်းအချို့ကို နှိပ်လိုက်သည်။

"ဟယ်လို"

တစ်ဖက်မှ ဖုန်းပြန်ထူးသံ ကြားလိုက်ရသည်။

"ဟယ်လို. . . ဆရာ၊ ကျွန်တော်ပါ"

"ဘယ်သူလဲ"

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်တုန်းက ဆရာ့တပည့်လေ၊ တပ်သားနိုင်မင်းလေ"

တစ်ဖက်က မှတ်မိသွားပြီးနောက် တပ်သားနိုင်မင်းသည် ဘေးတစ်ဖက်တစ်ချက်ကို ကြည့်လိုက်ပြီး သူ့အသံကို တိုးချလိုက်လေသည်။

■

(၅၀)

"ကဲ. . . ပြော၊ ဘာကိစ္စလဲ. . . နင်တို့သတင်းထောက်တွေဆိုရင် ငါက ခပ်လန့်လန့်ပဲ"

ထောင်မှူးက ခက်ခက်နိုင်ကို မျက်နှာထားတည်တည်နဲ့ ကြည့်လိုက်ပြီး ပြန်ပြော၏။

အောင်ကျော် အကျဉ်းချခံရသည့်ထောင်ကို စုံစမ်းပြီးနောက် ထိုအကျဉ်းထောင်၏ ထောင်မှူးကို လာရောက်တွေ့ဆုံခြင်း ဖြစ်သည်။

"ဟို. . . ဆရာတို့ဆီမှာ အကျဉ်းကျခဲ့ဖူးတဲ့ အောင်ကျော်ဆိုတဲ့ အကျဉ်းသားအကြောင်း သိချင်လို့ပါ"

"ဘာလုပ်မလို့လဲ"

ထောင်မှူးက ခပ်ပြတ်ပြတ် ခပ်မာမာပြောလိုက်သောကြောင့် ခက်ခက်နိုင်မှာ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးနာမည်မှာ ဦးမောင်ထွေးဖြစ်ပြီး ဒီထောင်၏ လုပ်သက်အရင့်ဆုံး ထောင်မှူးဖြစ်သည်။

အပြင်က ကြားခဲ့ရသည့်သတင်းများအရ ထောင်မှူး ဦးမောင်ထွေးမှာ ခက်ထန်သူတစ်ဦးဖြစ်ပြီး သူ့အကျိုးအတွက် မဟုတ်ပါက မည်သည့်ကိစ္စမှ မလုပ်ဟု သိထားလေသည်။

အခုလည်း အောင်ကျော်အကြောင်းကို စကားပင် စလို့မရ ဖြစ်နေလေသည်။ အခန်းထဲတွင် ထောင်းမှူးနှင့် သူမအပြင်အခန်းကို သန့်ရှင်းရေးလုပ်နေသော ထောင်သားတစ်ဦး ဖြစ်ပုံရ သည့် (အင်္ကျီနှင့် ပုဆိုးအဖြူများ ဝတ်ထားသည်)သူ တစ်ဦးကိုလည်း တွေ့ရသည်။

"ဟို. . . သူ့အကြောင်း ဆောင်းပါးလေး ရေးချင်လို့ပါ"

"ဒီကောင်က ဘာကောင်မို့လို့ သူ့အကြောင်း ရေးရမှာလဲ"

ထောင်မှူး၏ လေသံမှာ နည်းနည်းမာလာသည်။

သူမ၏ စိတ်ထဲမှာလည်း ဒေါသ အနည်းငယ် ထွက်သွားသော်လည်း စိတ်ကို ပြန်ထိန်းလိုက်ရသည်။

"ဟို. . . ဘာရယ်မဟုတ်ပါဘူးရှင်၊ ကျွန်မအသိတစ်ယောက်နဲ့ မိတ်ဆွေဖြစ်နေလို့ ဘာရယ် မဟုတ်ပါဘူး"

ဟုတ်၏၊ မဟုတ်၏ မတွေးတော့ဘဲ စိတ်ထဲရှိတာကို ပြောချလိုက်သည်။

"သူကတော့ ထောင်ဆေးရုံမှာသေပြီ၊ ဒီတော့ သူ့အကြောင်းနဲ့



ပတ်သက်ပြီး ဘာမှ သိစရာမရှိတော့ဘူး"

"ရှင်. . . သူသေပြီ ဟုတ်လား"

ရုတ်တရက် နည်းနည်း အံ့သြသွားသော်လည်း မျက်နှာကို ပြန်တည်ထားလိုက်သည်။

"ဘာ. . . ဘာရောဂါနဲ့ ဆုံးတာလဲ ဆရာ"

"မသိဘူး"

ထောင်မှူးမှာ သူမကို စိတ်မရှည်တော့ဘဲ မေးခွန်းများကို ဆက်ဖြေချင်ပုံ မရတော့ချေ။

"ဆရာ. . . ကျွန်တော်ပြီးပြီ ဆရာ၊ ဘာလုပ်ရဦးမလဲ"

သန့်ရှင်းရေးလုပ်နေသော ထောင်ကျက ထောင်မှူးကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

"အေး. . . မင်းသွားပြီး ကိုယ့်အလုပ်ကို ကိုယ်ပြန်လုပ်တော့"

"ဟုတ်ကဲ့. . . ဆရာ"

ထိုသူထွက်သွားပြီးသောအခါတွင် ထောင်မှူးက သူမဘက် လှည့်လိုက်ပြီး-

"ကဲ. . . ညည်းလည်း ပြန်တော့. . . ကျုပ်မှာ လုပ်စရာတွေက တစ်ပုံကြီး ရှိသေးတယ်"

"ဟို. . . အသတ်ခံရတဲ့ ကောင်မလေးနာမည်နဲ့ သူ့ကို လိုက်ပေးတဲ့ ရှေ့နေနာမည်လေးများ သိရမလား ဆရာ"

နောက်ဆုံးအနေနဲ့ ရလိုရငြား မေးကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးက သူ့ကို မျက်မှန်ပေါ်ကနေ တစ်ချက် ကျော်ကြည့်ပြီး-

"ကောင်မလေးနာမည်တော့ မသိဘူး၊ ရွှေနေကိုတော့ မှတ်မိသေးတယ်၊ သူက အစိုးရရှေ့နေ ရွှေနေဦးဝေသာတဲ့၊ ကဲ. . . ဒါပဲမှတ်လား"

ဆက်မေးလည်း ဘာမှ မရတော့မှန်း သိသောကြောင့် နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။

ထောင်မှူးရုံးခန်းကနေ ဂိတ်ပေါက်ဝရောက်ဖို့ အတော်ကြီး လမ်းလျှောက်ရပေဦးမည်။

■

(၅၁)

"ဒီမှာ. . . ဒီမှာ"

ရုတ်တရက် လှမ်းခေါ်သံကြောင့် အတွေးနှင့် လမ်းလျှောက်လာသော သူမမှာ ဟိုကြည့်၊ ဒီကြည့် လျှောက်ကြည့်မိသည်။

ရုံးခန်းကနေ ဂိတ်ပေါက်ဝကို လျှောက်ရာလမ်းမှာလည်း လူသွားလာမှုမှာ ကျိုးတိုးကျဲတဲသာ ရှိသည်။

သူတို့ကလည်း သူတို့လမ်း သူတို့ သွားနေကြ၏။ ဘယ်သူ ခေါ်တာပါလိမ့်။

"ဒီမှာ. . . ဒီကခေါ်တာ သမီး"

ညာဘက် ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ လမ်းမတစ်ဖက်တစ်ချက်တွင် သံဇကာများဖြင့် ကာရံထားပြီး ထိုသံဇကာများနောက်တွင် စိုက်ခင်းများ ရှိလေသည်။

ထိုစိုက်ခင်းများတွင် လွတ်ရက်နီးသော ထောင်သားများ အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှ တစ်ယောက်က သံဇကာနားကပ်ပြီး သူမကို လှမ်းခေါ်နေခြင်း ဖြစ်သည်။

ပထမတော့ သူမကို နောက်ပြောင်သည် အထင်ဖြင့် လမ်းဆက်လျှောက်မလို့ ပြင်စဉ်တွင်-

"ဟို ခုနက ထောင်မှူးအခန်းမှာ တွေ့ခဲ့တဲ့ သူပါ။ အောင်ကျော် . . . အောင်ကျော်အကြောင်းလေး ပြောပြချင်လို့"

အောင်ကျော်ဆိုသည့် နာမည်ပါလာသောကြောင့် စိတ်ဝင်စားသွားပြီး သံဇကာနားသို့ တိုးကပ်သွားမိသည်။

ထိုထောင်သားမှာ အသက်အရွယ် အနည်းငယ်ကြီးနေပြီဖြစ်သည်။ ထောင်စောင့်များအလစ်တွင် သံဇကာနားကပ်ပြီး သူမကို စကားလှမ်းပြောရန် ကြိုးစားနေခြင်း ဖြစ်သည်။

"ဘာကိစ္စများလဲ ဦး"

"ထောင်မှူးအခန်းထဲမှာ အောင်ကျော့်အကြောင်း သမီးမေးနေတာတွေ့လို့ လှမ်းခေါ်တာပါ"

"ဟုတ်ကဲ့ . . . ပြောပါဦး"

"ဦးက အောင်ကျော်မသေခင် အောင်ကျော်နဲ့ ဆေးရုံမှာ ခုတင်ဘေးချင်းကျတဲ့ လူနာတစ်ယောက်ဖြစ်ဖူးတယ်၊ ကောင်လေးက ရိုးရိုးသားသားလေးပါ၊ ကောင်မလေးကိုလည်း သူမသတ်ဘူးလို့ ပြောတယ်၊ ဘယ်သူယုံယုံ မယုံယုံ ဦးကတော့ သူ့ကို ယုံပါတယ်"

"ဘာဖြစ်လို့လဲ ဦး"



"သူ့ပုံစံက လူသတ်တဲ့ပုံစံမှ မရှိဘဲ သမီးရယ်၊ သူက အင်္ဂလိပ်စာ လေ့လာတာ ဝါသနာပါပုံရတယ်၊ သူထောင်ထဲရောက်တာ အင်္ဂလိပ်စာသင်တန်း တက်နေတုန်းရောက်တာ သူ့ဘဝအတွက် နာတယ်တဲ့၊ ဒါကြောင့် အချိန်ရှိတုန်း အင်္ဂလိပ် ဒေရှင်နရီလေးနဲ့ အင်္ဂလိပ်စာအုပ် လေးတွေနဲ့ အလုပ်ရှုပ်နေတာပဲ"

"သူ့ရဲ့လူသတ်မှုအကြောင်းကိုရော ဦးကို ပြောပြသေးလား"

"အဲ့ဒါတော့ မပြောပြဘူး၊ သူက စကားနည်းတယ်၊ စာအုပ်တွေမှာ ဟိုရေးဒီရေးနဲ့ပဲ အချိန်ကုန်နေတာ"

"သမီးကလည်း အဲ့ဒီကိစ္စကို ပြန်ဖော်ချင်လို့ လိုက်စုံစမ်းနေတာ"

ထိုစကားကို ကြားလိုက်ရသောကြောင့် ထောင်ကျဦးလေးကြီးမှာ အံ့သြသွားပုံရသည်။

ထိုအချိန်မှာပဲ ထောင်စောင့်က သံဇကာနား ကပ်နေသော သူ့ကို လှမ်းမြင်သွားပြီး လှမ်းအော်လေ၏။

ထောင်ကျဦးလေးကြီးကလည်း ကြောက်ကြောက်လန့်လန့်ဖြင့် သံဇကာနားကနေ ပြန်သွားပြီး အလုပ်ရှိရာသို့ ခပ်မြန်မြန် သွားလေ၏။

"ဦးလေးနာမည် ဘယ်လိုခေါ်လဲ"

လှမ်းအော်ပြီး မေးလိုက်သောကြောင့် ထောင်ကျဦးလေးကြီးက နောက်ကို ပြန်လှည့်ပြီး-

"ဦးစိန်ဝင်းလို့ခေါ်တယ် သမီး"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြေပြီးနောက် ဘာစိတ်ကူးပေါက်သွားသည်မသိ-

"သမီး"

"ရှင်"

"သူလည်း သေပြီဆိုတော့ ဒီကိစ္စကို ဆက်မလုပ်ပါနဲ့တော့"

"ဘာလို့လဲ ဦး"

"အောင်ကျော် တစ်ခါက ပြောဖူးတယ်၊ သူ တစ်ခုခုလုပ်ရင် သူ့အမေနဲ့ အဖေ ဒုက္ခရောက်မှာစိုးတယ်တဲ့. . . ဘာဖြစ်လို့လဲဆိုတော့ သူ့အမှုက အာဏာရှိတဲ့လူအချို့နဲ့ ပတ်သက်နေတယ်လို့ ပြောလို့ပါ"

ဟုပြောပြီး စိုက်ခင်းထဲသို့ အလျင်အမြန် ဝင်သွားလေသည်။

သူမလည်း ရုတ်တရက် ငိုင်ပြီး ကျန်ခဲ့လေသည်။

■

## (၅၂)

ရဲမှူးကြီးသည် ဖုန်းကိုချပြီးနောက် အချိန်အတော်ကြာသည်အထိ တွေဝေနေသေးသည်။

ဘယ်လိုပင်စဉ်းစားစဉ်းစား လွန်ခဲ့သော (၁၀)နှစ်က အမှုတစ်ခုသည် သူ့ကို မည်သို့မှ မထိခိုက်နိုင်ပေ။

မိမိတပည့်ဟောင်းတစ်ဦးက ယခုထိ မိမိကို သစ္စာရှိသေးကြောင်း သိရသောကြောင့် ဝမ်းလည်းဝမ်းသာရသည်။ လာစုံစမ်းသောသူမှာ အမျိုးသမီးတစ်ဦးဟု သိထားသည်။

ထို့ကြောင့် ဘယ်သူ၊ ဘယ်က၊ ဘာလုပ်ဖို့ စသည်တို့ကို အသေးစိတ် စုံစမ်းရန် ထိုတပ်သားကိုပဲ ညွှန်ကြားလိုက်ရသည်။

သို့မှသာ ဘာကိစ္စဖြစ်ဖြစ် မိမိက ကြိုသိနေမည် ဖြစ်သည်။ ယခုခေတ်အခြေအနေတွေက ပြောင်းလဲနေသည်။ ဘယ်လိုပဲပြောင်းလဲပြောင်းလဲ လွန်ခဲ့တဲ့ (၁၀)နှစ်ကကိစ္စတွေဟာ အခုချိန်မှာ မိမိကို မပြောင်းလဲနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဲမှူးကြီးသည် တစ်စုံတစ်ခုကို သတိရသွားပြီး မိမိဖုန်းကို ကောက်ကိုင်လိုက်သည်။

နံပါတ်တစ်ခုကို Search တွင် ပြန်ရှာလိုက်သည်။ လွန်ခဲ့သည့် သုံးလကပင် ကိစ္စတစ်ခု အကူအညီလို၍ ထိုဖုန်းကို ဆက်ထား သေးသည်။

ဟော. . . တွေ့ပြီ။ အင်္ဂလိပ်စာလုံး M နှင့် စသည့် နံပါတ်တွေ ခဏအကြာတွင် သူလိုချင်သော နံပါတ်ကို တွေ့လိုက်ရပြီး ချက်ချင်း ပင် ဖုန်းခေါ်လိုက်လေသည်။

အတော်ကြာသည်အထိ တစ်ဖက်က ဖုန်းမကိုင်သေးချေ။ အလုပ်မအားလို့လား၊ ဒါမှမဟုတ် ဘာများဖြစ်နေလို့လည်း မသိ။

ဖုန်းကျသွားသည်။ နောက်ထပ် နှစ်ခေါက်သုံးခေါက် ထပ်ခေါ် လိုက်သည်။ ဖုန်းမကိုင်ချေ။

သေချာသည်။ အလုပ်ရှုပ်နေလို့ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် Message box ကိုဖွင့်ပြီး Message တစ်ခု ပို့လိုက်သည်။

**လွန်ခဲ့သည့် (၁၀)နှစ်က ကိစ္စတစ်ခုကို အမျိုးသမီးလေး တစ်ဦးက လာစုံစမ်းသည်။ သတင်းမီဒီယာတစ်ခုမှဟု အကြမ်း ဖျင်း သိရှိထားပါသည်။**

■

(၅၃)

အိမ်ရောက်ရောက်ချင်းပင် ရေချိုးလိုက်သောကြောင့် နေ့ခင်းက ပင်ပန်းလာတာတွေအားလုံး ပြေပျောက်သွားလေသည်။

ထို့နောက် အဝတ်အစားလဲပြီး ခဏလှဲရန် ခုတင်ပေါ် မတက်ခင်တွင် ဒီနေ့ကိစ္စများကို သူ့ဆရာဆီ အကြောင်းကြားထားလိုက် သည်။

ဆရာက သတိထားပြီးလုပ်ဟု နောက်ဆုံး သတိပေးကာ ဖုန်းချသွားလေ၏။ ခုတင်ပေါ်ရောက်ပြီး ခဏမှေးမည်ဟု စိတ်ကူး ထားသော်လည်း အိပ်လို့မပျော်။

ဒီနေ့ တွေ့ဆုံခဲ့သည့်လူများ၊ စကားများကို ပြန်ကြားယောင် နေမိပြီး အိပ်မပျော်ဘဲ ဖြစ်နေခြင်းဖြစ်သည်။

"သူကတော့ ထောင်ဆေးရုံမှာ သေပြီ၊ ဒီတော့ သူ့အကြောင်း နဲ့ပတ်သက်ပြီး ဘာမှသိစရာ မရှိတော့ဘူး"

"ကောင်မလေးနာမည်တော့ မသိဘူး၊ ရွှေနေကိုတော့ မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ သူက အစိုးရရှေ့နေပဲ၊ ရှေ့နေဦးဝေသာတဲ့၊ ကဲ. . . ဒါပဲမှတ်လား"

အိပ်မပျော်သောကြောင့် ခုတင်ပေါ်မှ ထလိုက်ပြီး စာရေးစားပွဲမှာ ထိုင်ချလိုက်ပြန်သည်။

"ကောင်လေးက ရိုးရိုးသားသားလေးပါ၊ ကောင်မလေးတို့လည်း သူ မသတ်ဘူးလို့ ပြောတယ်၊ ဘယ်သူယုံယုံ မယုံယုံ ဦးကတော့ သူ့ကိုယုံပါတယ်"

ခေါင်းကို ခပ်ဖွဖွလေး ကုတ်လိုက်သည်။

ထောင်ကျဦးလေးကြီး၏ သတိပေးစကားကို ပြန်ကြားလာပြန်၏။

"သူလည်း သေပြီဆိုတော့ ဒီကိစ္စကို ဆက်မလုပ်ပါနဲ့တော့"

စာရေးစားပွဲပေါ်က သူ့အိတ်ကို လှမ်းယူလိုက်သည်။ လုပ်စရာမရှိဘဲ ပျင်းနေသောကြောင့် အခြားစိတ်ဝင်စားဖွယ် ဆောင်းပါးတစ်ပုဒ်များ ရေးလို့ရလိုရငြား ရေးရန်အတွက် စာရွက်နဲ့ ဘောပင်ကို အိတ်ထဲမှ လိုက်ရှာလိုက်သည်။

စာရွက်သာတွေ့ပြီး ဘောပင်ကို မတွေ့သောကြောင့် ချောင်ချိုချောင်ကြားထိ လိုက်ရှာသော်လည်း မတွေ့ဘဲ ရှိနေသောကြောင့် အိတ်ထဲရှိ ပစ္စည်းများကို စားပွဲပေါ်သို့ မှောက်ချလိုက်သည်။

ထိုအခါမှ စာအုပ်တစ်အုပ်ထဲတွင် ညှပ်နေသော ဘောပင်



တစ်ချောင်းကို တွေ့လိုက်ရသည်။

ညှပ်နေသည့် စာအုပ်မှာလည်း အောင်ကျော်၏ ဒေရှင်နရီစာအုပ်ဖြစ်၏။ ထိုစဉ် ထောင်ကျဦးလေးကြီး၏ စကားကို သတိရသွားခြင်း ဖြစ်သည်။

"သူက စာအုပ်တွေမှာ ဟိုရေးဒီရေးနဲ့ပဲ အချိန်ကုန်နေတာ"

ဒေရှင်နရီစာအုပ်ကို လှမ်းယူလိုက်သည်။ မနေ့က တွေ့ခဲ့သော စာအုပ်အရှေ့ရှိ အရာများကို ပြန်ကြည့်နေမိသည်။

လူတစ်ဦးတစ်ယောက်သည် မိမိပြောလိုသည့်အရာများကို ဖွင့်ပြောခွင့်မရပါက တစ်နည်းနည်းဖြင့် ထုတ်ဖော်ထားတတ်သည်။

ယခုလည်း အောင်ကျော်မှာ သူ ထုတ်ဖော်ပြောခွင့် မရသည်များကို သူကိုင်နေကျ ဒေရှင်နရီစာအုပ်လေးထဲတွင် ရေးမိရေးရာ ရေးထားသလားဆိုသည့် မျှော်လင့်ချက်ဖြင့် ကြည့်နေခြင်း ဖြစ်သည်။

သို့သော် အဓိပ္ပာယ်ရှိသော စကားလုံးများနှင့်မဟုတ်ဘဲ ဂဏန်းများစွာဖြင့် ရှုပ်ထွေးနေသော အရှေ့စာမျက်နှာကို တွေ့ရလေသည်။

အထဲရှိ အင်္ဂလိပ်စာလုံးများမှာလည်း ဟိုခြစ်ဒီခြစ်ဖြင့် ရှုပ်ထွေးနေလေသည်။ ထို့ကြောင့် ဘာရယ်မဟုတ်ဘဲ သူရေးထားသည့် အရာများကို စာရွက်အလွတ်ထဲ ပြန်ကူးရေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



⇨ 195 / 309

(94) 325 / CC 448

ထိုနှစ်ကြောင်းပဲ ဖတ်လို့ရသည်။ ကျန်သည့် စာလုံးများက ဖတ်လို့မရဘဲ ဖြစ်နေသည်။ တချို့က ရေစိုထားပြီး ပျက်နေသည်။ တချို့ကတော့ ဘာရေးထားမှန်း မသိချေ။

ဒါနဲ့ သူမလည်း ထိုစာနှစ်ကြောင်းကိုပဲ အပြန်အလှန် ကြည့်နေလိုက်သည်။ အင်္ဂလိပ်စာ လေ့ကျင့်ထားသည့် အရိပ်အယောင်တော့ မတွေ့ရချေ။

မြားပုံစံနှင့် ကွင်းစကွင်းပိတ်များ၊ ဂဏန်းများကိုသာ တွေ့ရသည်။ နံပါတ်တွေက သူ ထောင်ထဲမှာနေတဲ့ ထောင်သားနံပါတ်လား၊ အခန်းနံပါတ်လား။

ဒါတွေဆိုရင်လည်း နေ့စဉ်အသုံးပြုနေရ၍ မှတ်ထားစရာ အကြောင်း မရှိချေ။

ဒါဆို ထိုနံပါတ်တွေက ဘာကို ဆိုလိုချင်တာလဲ။ ဒီစာအုပ်ရဲ့ စာမျက်နှာ နံပါတ်တွေလား။

ထိုကိစ္စကတော့ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ထင်မိသည်။ ဘာရယ်မဟုတ် သူရေးထားသည့် နံပါတ် 195 ကို စာအုပ်၏ စာမျက်နှာအဖြစ် လှန်ကြည့်မိသည်။




ထိုစာမျက်နှာတွင် အခြားစာမျက်နှာတွေလို ခြစ်ရာမှတ်ရာများ ရှိမနေဘဲ ရှင်းနေလေသည်။

သို့သော် စာလုံးတစ်လုံးအောက်တွင်တော့ မင်နီတားထားလေသည်။


her /hɜ:(r)/ pron (used as the object of a v or prep) female person or animal mentioned earlier: I love ~. ○ Give it to ~. her only belonging to her: That's ~ book, not

Her (သူမ)ဆိုသည့် စာလုံးလေးဖြစ်သည်။ ထို့ကြောင့် နောက်နံပါတ်တစ်ခုဖြစ်သော 309 ဆိုသည့် စာမျက်နှာကို ထပ်လှန်လိုက်သည်။

ဒီစာမျက်နှာမှာလည်း ရှင်းနေပြီး စာလုံးတစ်လုံးကိုတော့ မင်နီတားထားတာကို တွေ့ရပြန်သည်။


phone /fəʊn/ n [C], v [I, T] short for TELEPHONE. 'phone book n [C] ⇨ TELEPHONE DIRECTORY (TELEPHONE). 'phone-box (also 'phone booth) n [C] = TELEPHONE-BOX (TELEPHONE). 'phone-in n [C] radio or television programme in which telephoned questions and answers from the public are broadcast. 'phone number = TELEPHONE NUMBER (TELEPHONE).

www.burmeseclassic.com

www.burmeseclassic.com



Phone (တယ်လီဖုန်း)ဆိုသည့် စကားလုံးဖြစ်သည်။

ထို့ကြောင့် ပထမစာကြောင်းမှာ Her Phone (သူမ၏ဖုန်း) ဆိုသည့် အဓိပ္ပာယ် သက်ရောက်နေလေသည်။

Her Phone

'သူမ၏ဖုန်း'ဆိုတာ ဘာကို ဆိုလိုတာပါလိမ့်။ တွေးရကြပ်သွားသည်။

ထို့ကြောင့် အောက်က စာမျက်နှာများကို ထပ်ရှာကြည့်ရာ အောက်ပါစာကို တွေ့ရသည်။

**(Court) (တရားရုံး) - Pregnant ကိုယ်ဝန်**

**- CCTV လုံခြုံရေးကင်မရာ**

သေချာတာကတော့ သူ့အမှုနဲ့ပတ်သက်ပြီး တစ်ခုခု ရေးမှတ်ခဲ့ပုံရသည်။

စာလုံးတွေ၏ အဓိပ္ပာယ်သိသော်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်၍ မရသေးပေ။

ထို့ကြောင့် ဒေရှင်နရီစာအုပ်ကိုပင် ဖင်တစ်ပြန်၊ ခေါင်းတစ်ပြန် လှန်ကြည့်နေရာ စာအုပ်၏ ရှေ့ပိုင်းတစ်နေရာတွင် Using the Dictionary (အဘိဓာန် အသုံးပြုနည်း)ဆိုသည့် အခန်းကို တွေ့ရလေ၏။



"ဟင်"

မင်နီတားထားသည့် စာသားအချို့ကို တွေ့လိုက်ရသောကြောင့် စာရွက်အလွတ်တစ်ခုယူပြီး ထိုမင်နီတားထားသော သင်္ကေတများ နေရာ၌ ရှင်းထားသည့် စာသားများကို ကူးယူလိုက်လေသည်။

**Brackets ( )**

Brackets ( ) are used to show that words may be omitted from a phrase or sentence. For example:

**get sth over (with)** means that *get sth over* and *get sth over with* are both possible expressions.

**The arrow ⇨**

The arrow ⇨ is used to show a cross-reference. It guides you to another part of the dictionary where you will find more information:

**make**[1] ... **make up ground** ⇨ GROUND[1].

ထို့ပြင် The arrow ဆိုသည့် စာတန်းရှည်တွင် စကားစုတစ်ခုကို မင်နီဖြင့် မျဉ်းတားထားလေ၏။

You will fine more information.

(သတင်းအချက်အလက်တွေကို ပိုပြီး ရှာတွေ့လိမ့်မယ်)

Brackets ဆိုသည့် စာတန်းရှည်တွင်လည်း ထိုနည်းအတိုင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

May be omitted from.

(တစ်ခုခုမှ ချန်လှပ်ထားခြင်း ဖြစ်နိုင်သည်)

ထို့ကြောင့် ခုနက စာသားများနှင့် ဆက်စပ်လိုက်သောအခါ-

(၁) သူမ၏ဖုန်းတွင် သတင်းအချက်အလက်တွေကို ပို့ပြီး ရှာတွေ့လိမ့်မယ်။

(၂) တရားရုံးက တစ်ခုခုကို ချန်လှပ်ထားခြင်း ဖြစ်နိုင်သည်။

(၁) ကိုယ်ဝန်

(၂) လုံခြုံရေးကင်မရာ

စာရွက်ကို ကိုင်ထားသော သူမ၏ လက်များသည် တဆတ်ဆတ် တုန်နေလေ၏။

သူ၏ ဆိုလိုရင်းကို အတိအကျ မသိသော်လည်း ရိပ်ဖမ်းသံဖမ်းတော့ နားလည်လိုက်သည်။

ထို့ကြောင့် စာရွက်ကို သူမအိတ်၏ တစ်နေရာတွင် ခေါက်သိမ်းထားလိုက်၏။

မနက်ဖြန်တွင် အောင်ကျော် အမှုကို လိုက်ပေးခဲ့သော အစိုးရရှေ့နေနှင့် သွားတွေ့ရပေဦးမည်။

■

(၅၄)

ခြံကြီးက မြင့်မားလွန်းလှသည်။ ထို့ပြင် ခြံအုတ်တံတိုင်းအပေါ်တွင်လည်း သံဆူးကြိုးများဖြင့် ကာရံထား၏။

ခြံအပေါက်ဝတွင်လည်း လုံခြုံရေးနှစ်ယောက်က စောင့်နေသေးသည်။ အပြင်ကနေ ကြည့်ခြင်းအားဖြင့် ထိုခြံသည် သူဌေးကြီး (သို့) အရာရှိကြီးတစ်ဦး ပိုင်ဆိုင်သည့် အိမ်မှန်း သိသာသည့်အိမ်ဖြစ်သည်။

ခြံထဲကို ကြည့်မည်ဆိုပါက စိမ်းလန်းသော ဥယျာဉ်လေးနှင့်အတူ ပန်းမျိုးစုံများက ခန့်မြူးလှပနေလေသည်။

ရေကူးကန်လေးတစ်ခုနှင့် အပန်းဖြေစရာ ဘားကောင်တာလေးကိုလည်း တွေ့ရသည်။

ထိုခြံဝန်းထဲမှာတော့ အတွေ့အကြုံရှိ ဥယျာဉ်မှူးများနှင့် ဝန်ထမ်းများက အမြဲတမ်း အလှဆင်နေကြသည်ကို မြင်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံ၏ ထောင့်တိုင်းတွင်လည်း CCTV ကင်မရာများကိုတပ်ထားပြီး တစ်အိမ်လုံး၏ လုံခြုံရေးကို ခြံဝန်းထောင့်ရှိ တိုက်ပုလေးတစ်ခု အတွင်းမှ စောင့်ကြည့်နေမည် ဖြစ်သည်။

ထိုတိုက်ပုလေး၏ ဘေးတွင်တော့ ဂိုဒေါင်အကြီးကြီးတစ်ခုကို တွေ့နိုင်ပြီး အထဲတွင် နောက်ဆုံးပေါ် ကားမျိုးစုံကို တွေ့ရမည် ဖြစ်သည်။ ကာလာစုံ၊ အမျိုးအစားစုံနှင့် အရွယ်စုံပင်ဖြစ်သည်။

ထို့နောက်မှ ဝန်ထမ်းများနေသည့် တန်းလျားတစ်ခုကို တွေ့ရမည်ဖြစ်ပြီး ခြံဝန်း၏ အလယ်တွင်တော့ ကြီးမားစွာ ဆောက်လုပ်ထားသော ခမ်းနားသည့် အိမ်ကြီးကို တွေ့မြင်ကြရမည် ဖြစ်သည်။

အနောက်တိုင်းဆန်ဆန် ဆောက်လုပ်ထားသည့် အိမ်ကြီးဖြစ်ပြီး တပ်ဆင်အသုံးပြုထားသော ပစ္စည်းများမှာလည်း အဖိုးတန်ပစ္စည်းများဖြင့် တန်ဆာဆင်ထားလေသည်။

အချို့မှာ ပြည်တွင်း၌ပင် မရနိုင်သော ပစ္စည်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရသည်။ အိမ်ကြီးမှာ အခန်းပေါင်းများစွာရှိပြီး မိသားစုကြည့်နိုင်သော ရုပ်ရှင်ရုံ အသေးစားလေး တစ်ခုလည်း ပါဝင်သည်။

အပန်းဖြေ အားကစားကွင်းနှင့် အိမ်တွင်း ရေကူးကန်လည်း ရှိသည်။ အိမ်တွင်းရှိ အသုံးအဆောင် ပစ္စည်းများမှာတော့ အဖိုးတန် ပစ္စည်းတွေချည်းပဲ ဖြစ်သည်။

အိမ်မှာ ကြီးမားသောကြောင့် ဝန်ထမ်းများမှာ သူ့အလုပ်



သူရှုတ်နေကြသည်။

သန့်ရှင်းရေး၊ ပြင်ဆင်ရေး၊ အစားအသောက် စသည် စသည်ဖြင့် သူ့နေရာနှင့်သူ ဟိုပြေးသည်ပြေး လုပ်နေကြရခြင်း ဖြစ်သည်။

အိမ်၏ ထမင်းစားခန်းမှာလည်း သာမန်အိမ်တစ်လုံးရှိပြီး ထမင်းစားခုံမှာလည်း တန်ဖိုးရှိလှသော ကျွန်းခုံကြီးဖြစ်ကာ အနုစိတ် အနုပညာလက်ရာများဖြင့် ဖော်ကျူးထားလေသည်။

ထိုစားပွဲပေါ်တွင် အိမ်၏ ပိုင်ရှင်ဖြစ်ပုံရသော သူက ထိပ်ဆုံးတွင် ထိုင်နေပြီး တစ်ဖက်တစ်ချက်တွင် အမျိုးသမီးကြီး တစ်ဦးနှင့် ကလေးနှစ်ယောက်တို့ ထိုင်နေပြီး ထမင်းစားနေကြလေသည်။ တစ်ဦးမှာ ယောကျ်ားလေးဖြစ်ပြီး နောက်တစ်ဦးမှာ မိန်းကလေး တစ်ဦး ဖြစ်သည်။ အိမ်ပိုင်ရှင်၏ မိန်းမနှင့် သားသမီးများ ဖြစ်ပုံရသည်။

ဘေးဘက်တွင်လည်း အိမ်အကူသုံးယောက်ကရပ်နေပြီး ထမင်းဟင်းများနှင့် လိုအပ်တာများကို ပြုလုပ်ပေးနေလေသည်။

ထိုစဉ် ထမင်းစားခန်းထဲသို့ လူတစ်ယောက်ဝင်လာပြီး အိမ်ပိုင်ရှင်ဖြစ်ပုံရသော သူ့ရှေ့သို့ စာရွက်သေးသေးလေးနဲ့ ရေးထားသော စာတစ်စောင်ကို ထိုးပေးသည်။

ထိုသူကလည်း ဇွန်း၊ ခက်ရင်းကို ခဏချထားလိုက်ပြီး စာကို တစ်ချက် ဖတ်လိုက်သည်။

မိန်းမနှင့် ကလေးနှစ်ယောက်ကတော့ သူ့ကိုမကြည့်ဘဲ ဆက်

www.burmeseclassic.com

www.burmeseclassic.com



စားနေလေ၏။

ခက်ခက်ခိုင်

သတင်းထောက်

..............................ကြာနယ်

- အောင်ကျော်ရဲ့ အဖေအမေအိမ်ရောက်ပြီး
- အောင်ကျော် ထောင်ကျသည့် ထောင်မှူးကြီး
  ဆီသို့ ရောက်ပြီး
- ထောင်မှူးဆီမှ ရွှေ့နေနာမည်ကို သိသွား
- အမှု ပြန်ဖော်မည်ဟု ထင်ရသည်။

စာကို လုံးချေလိုက်ပြီး သူ့ဘေးနားက ရပ်နေသော စာလာပေးသူကို ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ထိုသူကလည်း သူ့ဆရာ ဘာဆိုလိုသည်ကို သဘောပေါက်ပုံရသည်။

“ကျွန်တော် ဖုန်းဆက်ပြီး သတိပေးလိုက်ပါ့မယ်”

“အေး. . . ကောင်းပြီ”

ထိုသို့ပြောပြီး ထမင်းကို ဆက်စားနေလေသည်။ သူတပည့်က သူလုံးခြေထားသောစာကိုယူပြီး အပြင်ရောက်သောအခါ စာကို



မီးရှို့လိုက်၏။ ထို့နောက် ဖုန်းကို ထုတ်ကာ နံပါတ်တချို့ကို နှိပ်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၅၅)

စုံစမ်းလို့ရသည့်အတိုင်းဆိုရင် ရွှေနေဦးဝေသာအိမ်သည် ယခု သူမရပ်နေသော ရွှေကအခန်းပင် ဖြစ်ပေလိမ့်မည်။

၅ လွှာ၊ ၅ အေ၊ . . .။ လက်ထဲက လိပ်စာကို သေချာ ပြန်ကြည့်လိုက်သည်။

အခန်းကလည်း ၅ အေဟု ရေးထားလေသည်။ ထို့ပြင် အခန်းရှေ့တွင်လည်း ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။

ရွှေနေ ဦးဝေသာ

**LL.B, LL.M, D.B.L, D.I.L**

အခန်းတွင်တပ်ထားသော ဘဲလ်ကို နှိပ်လိုက်သည်။ ခဏကြာသည်အထိ ထွက်မလာသေးသောကြောင့် နောက်တစ်ချက် ထပ်နှိပ်လိုက်သည်။



ထိုအခါမှ အထဲကတံခါးဖွင့်သံကြားရပြီး အသက်ကြီးကြီး ဦးလေးကြီးတစ်ယောက်၏မျက်နှာကို တွေ့လိုက်ရသည်။

"ဘာကိစ္စရှိလို့လဲ"

အသံခပ်မာမာနဲ့ မေးသောကြောင့် ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသည်။

"ဟို. . . ရွှေနေကြီး ဦးဝေသာနဲ့ တွေ့ချင်လို့ပါ"

"ကျုပ်ပဲ၊ ဘာကိစ္စလဲ"

ရွှေနေကြီးမှာ အသံခပ်မာမာနဲ့ ပြောနေသော်လည်း တစ်ခုခုကို ထိတ်လန့်နေပုံပေါက်သည်။

"သမီးက သတင်းထောက် တစ်ယောက်ပါ ဦး၊ ဟို. . . အမှုလေးတစ်ခုအကြောင်း သိချင်လို့. . ."

ဟု စကားပင် မဆုံးသေးခင်-

"အလုပ်ရှုပ်နေတယ် အလုပ်ကိစ္စမဟုတ်ရင် ဘာမှမပြောနိုင်ဘူး"

ဟု ဆိုပြီးတံခါးကို ဆောင့်ပိတ်သွားလေ၏။

ဒီလိုဖြစ်မယ်မှန်း မသိသောကြောင့် သူမပင် ကြောင်တောင်တောင်ဖြစ်သွားလေ၏။ ပြီးနောက် စိတ်လည်း တိုသွားလေသည်။ ရွှေနေတစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် ဆက်ဆံရေး ညံ့ရသလားဆိုပြီး ဒေါသထွက်သွားခြင်း ဖြစ်သည်။

ထို့ကြောင့် ဘဲလ်ကိုပဲ ထပ်ကာထပ်ကာ နှိပ်လိုက်သည်။ ခဏ

www.burmeseclassic.com

www.burmeseclassic.com



ကြာသောအခါ အထဲက ဘဲလ်သံပါ ပျောက်သွားလေ၏။ ဘဲလ်ခလုတ်ကြိုးကို ဖြုတ်လိုက်ပုံရသည်။

သူမလည်း ပို၍ စိတ်တိုသွားကာ တံခါးကိုလက်ဖြင့် အထပ်ထပ် အခါခါ ထုလိုက်သည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

ထိုအခါမှ အထဲက တံခါးပွင့်လာပြီး-

"ဒီမှာ ကလေးမ၊ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲခံချင်လို့လား"

သူမကလည်း ဒေါသထွက်နေသောကြောင့်-

"ဒီမှာ ရွှေနေကြီး၊ ပိုင်နက်ကျူးလွန်မှုနဲ့ ဆွဲရအောင် သမီးက အိမ်ထဲ ရောက်နေလို့လား။ အမှုအကြောင်းလေးတစ်ခု လာမေးတဲ့ သူကို ဒီလိုပဲ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရလား"

ရှက်လည်း ရှက်၊ ဒေါသကလည်း ထွက်နေတာကြောင့် စိတ်မထိန်းနိုင်ဘဲ ပြန်ပြောလိုက်မိသည်။

ထိုအခါမှ ရွှေနေကြီးက ငြိမ်သွားပြီး-

"ဘာကိစ္စ သိချင်တာလဲ"

"လွန်ခဲ့တဲ့ (၁၀)နှစ်က နိုက်ကလပ်မှာဖြစ်တဲ့ လူသတ်မှု အကြောင်း သိချင်တာပါ"

ရွှေနေကြီး မျက်နှာတစ်ချက်ပျက်သွားတာကို တွေ့လိုက်ရလေသည်။

"ကျုပ် မမှတ်မိတော့ဘူး"



"ဦးက အောင်ကျော်ဘက်က လိုက်ပေးခဲ့တဲ့ ရွှေနေ မဟုတ်ဘူးလား"

"ဟုတ် . . . ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် ကြာပြီဆိုတော့ ဘာမှ သိပ်မသိတော့ မမှတ်မိတော့ဘူး"

ရွှေနေကြီးက ဘူးခံငြင်းနေလေသည်။ အိမ်ထဲလည်း ဝင်လို့မရ၊ ဘာမှလည်း သိခွင့်မရ ဖြစ်နေသောကြောင့် စိတ်ပျက်သွားလေသည်။

"ဟို . . . အသတ်ခံရတဲ့ ကောင်မလေးနာမည်နဲ့ သူရဲ့ နေရပ်လိပ်စာကိုရော မသိဘူးလား။ မှတ်ထားမယ် ထင်ပါတယ်။ သမီးကို အဲဒါလေးပဲ ပြောပြပါလား"

တောင်းတောင်းပန်ပန်နဲ့ပဲ တစ်ခုခု ရလိုရငြား မေးလိုက်ရသည်။ ရွှေနေကြီးက သူမကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ ဘေးဘီဝဲယာကို တစ်ချက်ကြည့်လိုက်၏။

သူမလည်း ရွှေနေကြီး ကြည့်သလိုပင် တစ်ချက်ကြည့်လိုက်ရာ ဘယ်သူမှ မတွေ့ရပေ။

ထိုစဉ်မှာပဲ ရွှေနေကြီးက တံခါး ပြန်ပိတ်သွားလေသည်။ ခုနကလို တံခါးကို ဆောင့်ပိတ်သွားခြင်းမဟုတ်ဘဲ ခပ်ဖြေးဖြေး ပိတ်သွားခြင်း ဖြစ်သည်။

ဘာအဓိပ္ပာယ်မှန်း မသိသောကြောင့် သူမလည်း အခန်းဝါတံခါးဝမှာပဲ ရပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါတွင် တံခါးအောက်ကနေ စာရွက်လေး တစ်ရွက် ထွက်လာလေ၏။

"ဟင်. . ."

သူမကိုပေးမှန်း စိတ်ထဲက အလိုလိုသိနေသောကြောင့် ကောက်ယူပြီး ဖတ်ကြည့်မိသည်။

မေဟန်

အင်ကြင်းအဆောင်၊ ---------ရပ်ကွက်၊

(ဖတ်ပြီးပါ ဖျောက်ဖျက်ပစ်ရန်)

ရှေ့နေကြီးမှာ တစ်ခုခုကို ထိတ်လန့်နေကြောင်း စာကို ကြည့်ရုံနဲ့ သိလေသည်။

သို့သော် သူသိချင်တာ သိရပြီဖြစ်သောကြောင့် တိုက်ပေါ်မှ ပြန်ဆင်းခဲ့လိုက်သည်။

ထို့နောက် စာရွက်ကိုဖြဲပြီး အမှိုက်ပုံးထဲ ပစ်ထည့်လိုက်လေသည်။ ပြီးနောက် Taxi တစ်စီးကို လှမ်းတားကာ ခုနက လိပ်စာကို ပြောပြ လိုက်သည်။

Taxi ထွက်သွားပြီး ခဏအကြာတွင် လူတစ်ယောက်သည် အမှိုက်ပုံးထဲက စာရွက်အပိုင်းအစများကိုယူပြီး ဆက်စပ်နေတာကို



တွေ့လိုက်ရ၏။

ထို့နောက် ထိုစာရွက်အပိုင်းအစများကိုယူပြီး တိုက်အပေါ် ထပ်သို့ တက်ကာ ၅ လွှာ၊ ၅ (အေ) အခန်းရှေ့၌ ရပ်လိုက်လေ၏။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်လိုက်၏။ ခဏအကြာတွင် တံခါးဖွင့်သံကြားရပြီး လူတစ်ယောက်မျက်နှာ ပေါ်လာ၏။

"ဟင်. . ."

အခန်းတံခါးဝတွင် ရပ်နေသောသူကိုကြည့်ပြီး ထိတ်လန့်သွားလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၅၆)

## အင်ကြင်းအဆောင်

"ဟော. . . ဟိုအရှေ့မှာ တွေ့ပြီ ဦး. . . ဆိုင်းဘုတ် ရေးထားတယ်"

ကားသမားကို လှမ်းပြောလိုက်ပြီး အဆောင်ရှေ့တွင် ရပ်ခိုင်းလိုက်သည်။

ကျသင့်ငွေကိုရှင်းကာ ကားပေါ်မှဆင်းပြီး အဆောင်ကို တစ်ချက်ကြည့်လိုက်သည်။

ခြံဝန်းကျယ်တစ်ခုမှာ ဆောက်ထားပြီး သပ်သပ်ရပ်ရပ်ရှိသည့် အဆောင်တစ်ခုလည်း ဖြစ်သည်။

မိန်းကလေး သီးသန့်အဆောင်လည်း ဖြစ်သည်။

"ဟူး. . ."

သက်ပြင်းတစ်ချက် ချလိုက်သည်။ ဘာတွေများ တွေ့ဦးမလဲ



ဆိုပြီး တွေးမိကာ ရင်မောသွားခြင်းဖြစ်သည်။

အင်ကြင်းအဆောင်ဟုရေးထားသည့် ဆိုင်းဘုတ်အောက်ရှိ ဘဲလ်ကို နှိပ်လိုက်သည်။

ခဏကြာသောအခါ ကောင်မလေးတစ်ယောက် ပြေးထွက်လာပြီး-

"အဆောင်ငှားမလို့လား၊ အခန်းလွတ် မရှိတော့ဘူး"

ဟု ပြောလေ၏။

"အဆောင်ငှားမလို့ မဟုတ်ပါဘူး၊ ဒီက အဆောင်ပိုင်ရှင်နဲ့ တွေ့ချင်လို့ပါ"

ထိုကောင်မလေးက သူမကို တစ်ချက်ကြည့်လိုက်ပြီး-

"ဘယ်သူလို့ ပြောပေးရမလဲ"

"အစ်မက ဂျာနယ်တစ်ခုက သတင်းထောက်တစ်ယောက်ပါ၊ ကိစ္စလေးတစ်ခု မေးချင်လို့"

ကောင်မလေးမှာ အဆောင်ထဲသို့ ပြန်ဝင်သွားပြီး ခဏအကြာတွင် ပြန်ထွက်လာကာ တံခါးဖွင့်ပေး၏။

"တော်ပါသေးရဲ့"

ဟု စိတ်ထဲတွေးလိုက်ပြီး အဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

# (၅၉)

ဆက်သွယ်ရေးရုံးထဲတွင် လူနည်းနည်း ရှုပ်နေလေသည်။ ဖုန်းဘေလ်သွင်းရက်ဖြစ်သောကြောင့် ဒီလောက် လူများနေခြင်းဖြစ်သည်။

ခက်ခက်နိုင်သည် လူရှင်းနေသော ကောင်တာတစ်ခုသို့ သွားပြီး-

"သင်းသီရိကို ဘယ်မှာ တွေ့လို့ရမလဲရှင်"

ဟု မေးလိုက်၏။

ကောင်တာက အမျိုးသမီးက သူမကို တစ်ချက်မော့ကြည့်ပြီး-

"ဟိုဘက်အပေါက်က ဝင်သွားပါ၊ ပြီးရင် ပထမထပ်ကိုတက်ပြီး မေးကြည့်လိုက်ပါ"

လူအများကြားထဲကနေ တိုးဝှေ့ရင်း သူမညွှန်ပြသော အပေါက်ဝကနေဝင်ကာ ပထမထပ်ကို တက်လိုက်သည်။

ပထမထပ်တွင် အလုပ်စားပွဲတော်တော်များများကို တွေ့ရပြီး လူသိပ်မရှုတ်ချေ။

ထို့ကြောင့် နီးစပ်ရာစားပွဲက အစ်မကြီးတစ်ယောက်ကို-

"အစ်မ. . . သင်းသီရိ ရှိလားမသိဘူး"

"ဟိုထိပ်က စားပွဲမှာ"

"သြော်. . . ဟုတ်ကဲ့ ကျေးဇူးပဲ"

ထိပ်က စားပွဲရောက်တော့ သူမ၏ သူငယ်ချင်း သင်းသီရိကို တွေ့ရလေသည်။

"ဟဲ့. . . သင်းသီရိ"

"ဟယ်. . . ခက်ခက်. . . နင် ဘယ်လိုလုပ် ရောက်လာတာလဲ"

"နင့်ဆီပဲ လာတာပါ"

"ကိစ္စနဲ့ပေါ့. . . ထိုင်ဦး"

သင်းသီရိက သူမစားပွဲရှိ ထိုင်ခုံအလွတ်တစ်ခုကို ယူပေးသည်။

"ပြောပါဦး ဘာကိစ္စလဲ"

"ဖုန်းနံပါတစ်ခုရဲ့ နောက်ဆုံးခေါ်ထားတဲ့ Call list ကို သိချင်လို့"

"နင့်ဖုန်းလား"

"မဟုတ်ဘူး"

"ဒါဆို ဖုန်းစာအုပ်တွေ ဘာတွေပါမှ ပေးလို့ရမယ်"

"အဲ့ဒါလည်း ငါ့မှာ မရှိဘူး"

"ဘယ်သူ့ဖုန်းတုံး"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ခက်ခက်ခိုင်သည် သူ့သူငယ်ချင်းကို အကြောင်းစုံ ရှင်းပြလိုက်ရသည်။

သေဆုံးသွားတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဖုန်းနံပါတ်ဖြစ်ပြီး ထိုဖုန်းရဲ့ စာအုပ်နဲ့ စာရွက်စာတမ်းများကလည်း ပျောက်နေကြောင်း၊ ဖုန်းကို ခေါ်ကြည့်ရာတွင် ဖုန်းမှာ စက်ပိတ်ထားသည်ဟု ဖြေကြောင်း ရှင်းပြလိုက်သည်။

"နင်က ဒီဖုန်းနံပါတ် ဘယ်က ရတာလဲ"

"သူနေခဲ့တဲ့ အဆောင်ပိုင်ရှင်က ပေးလိုက်တာ၊ သူကလည်း အဲ့ဒီကောင်မလေးအကြောင်း သိပ်မသိဘူးတဲ့၊ သူ့အဆောင် လာနေတာ (၂)လပဲ ရှိသေးတယ်တဲ့၊ ပြီးတော့ ဆုံးသွားတာတဲ့"

"သူ့မိဘတွေဆီမှာတော့ အဲ့ဒီစာအုပ်စာရွက်တွေ ရှိမှာပေါ့"

"သူ့မိဘတွေကလည်း ဘယ်သူတွေမှန်း မသိဘူး၊ သေချာတာက အဲ့ဒီဖုန်းက ဘယ်သူမှ မကိုင်တော့တာပဲ"

"အဲဒီတော့... နင်က ဘာသိချင်တာလဲ"

"ငါသိချင်တာက သူ အသတ်ခံရတဲ့ နေ့......၊ ရက်....၊...... ခုနှစ်မှာ ခေါ်ခဲ့တဲ့ဖုန်းနံ့ အဲ့ဒီနောက်မှာ ဖုန်းအသုံးပြုသေးလား၊ မပြုဘူးလားဆိုတာ သိချင်တာ၊ ငါ့ကို ကူညီနိုင်ရင် ကူညီပါဟယ်"

"နင့်ဟာကလည်း လုပ်လိုက်ရင် ထိတ်ထိတ်လန့်လန့်နဲ့"

"လုပ်ပါဟယ်... ပြီးတော့ ကူညီလက်စနဲ့ သူ့ဆီခေါ်ထားတဲ့



ဖုန်းနံပါတ်တွေက ဘယ်သူကိုင်တဲ့ ဖုန်းတွေလဲဆိုတာပါ သိချင်တယ်"

"ဟယ်... နင်က ငါ့ကို ဒုက္ခပေးပြီ"

"လုပ်ပါဟယ်... ငါ အရေးကြီးလို့ပါ"

ငယ်သူငယ်ချင်းဖြစ်သောကြောင့် နှစ်ခါသုံးခါ မပြောလိုက်ရချေ။

"ဒါဆို ငါ့ကို ဖုန်းနံပါတ် ပေးထားခဲ့လေ၊ ငါ ကြိုးစားကြည့်လိုက်ဦးမယ်"

"အေး... အေး... ဒီမှာ"

စာရွက်သေးသေးလေးတစ်ခုပေါ်တွင် ရေးထားသော ဖုန်းနံပါတ်ကို ပေးလိုက်၏။

"ဒီနေ့တော့ ရမယ်မထင်ဘူး၊ မနက်ဖြန် ငါ့ကို ဖုန်းဆက်ကြည့်လိုက်၊ ငါရအောင်တော့ ကြိုးစားထားမယ်"

"အေးပါ၊ ငါ အားကိုးပါတယ်၊ ဒီဟာမှ မရရင် ငါဘာမှ လုပ်လို့မရတော့ဘူး ဖြစ်နေလို့ပါ"

"အေးပါ... ငါ လုပ်ထားပါ့မယ်"

"နင်လည်း အလုပ်ရှုတ်နေတော့ ငါ ပြန်လိုက်ဦးမယ်၊ မနက်ဖြန် ငါ ဖုန်းဆက်လိုက်မယ်"

"အေး... ဆက်လိုက်"

ထို့နောက် ဆက်သွယ်ရေးရုံးပေါ်က ဆင်းပြီး အောက်ရောက်သောအခါ-

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှ စာရွက်တစ်ရွက် ထုတ်လိုက်၏။ အောင်ကျော်၏ ဒေရှင်နရီ စာရွက်စာမျက်နှာမှ ဖော်ထုတ်ထားသည့် စာသားရှေ့တွင် အမှန်ခြစ်လိုက်သည်။

⇨ **သူမ၏ ဖုန်းမှ သတင်းအချက်အလက်တွေကို ပို့ပြီး ရှာတွေ့လိမ့်မယ်။**

အခု ဖုန်းထဲမှ ဘာတွေများ သိရမလဲဆိုတာကို မနက်ဖြန်လောက်ဆို သိရတော့မည်။

စာရွက်ထဲရှိ နံပါတ် (၂)ကို ဆက်ဖတ်လိုက်သည်။

(၂) တရားရုံးက တစ်ခုခုကို ချန်လှပ်ထားခြင်း ဖြစ်နိုင်သည်။

(၁) ကိုယ်ဝန်

(၂) လုံခြုံရေးကင်မရာ

ကိုယ်ဝန်၊ လုံခြုံရေးကင်မရာ. . .၊ ကိုယ်ဝန်၊ လုံခြုံရေးကင်မရာ. . .။ ထိုစာသားများကို ဖတ်ကြည့်ရင်း ဘာကို ဆိုလိုမှန်း မသိပေမယ့် လူသတ်မှုနဲ့ ဆက်စပ်တွေးတောနိုင်ရန် ရေးသားထားပုံရသည်။

လုံခြုံရေးကင်မရာကတော့ ကလပ်မှာရှိမည့် လုံခြုံရေးကင်မရာကို ပြောတာလား (သို့) ဘယ်က လုံခြုံရေး ကင်မရာကို ပြောတာမှန်း မသိ။

အနီးစပ်ဆုံး စဉ်းစားလို့ရတာက ကလပ်က လုံခြုံရေးကင်မရာဖြစ်နိုင်သည်။ အောင်ကျော်တွေးပုံအရဆိုရင် သူ့အမှုတွင် ကလပ်က လုံခြုံရေးကင်မရာ မှတ်တမ်းကို တရားရုံးတွင် တင်သွင်းခဲ့ပုံ မပေါ်။

တရားရုံးက ထိုသက်သေကို မစဉ်းစားဘဲ ချန်လှပ်သည်ဟု ဆိုလိုပုံရသည်။

ဒါဆိုရင် လူသတ်မှုဖြစ်ခဲ့သည့် ကလပ်၌ လုံခြုံရေးကင်မရာရှိ မရှိနှင့်၊ ရှိပါက မည်သည့်နေရာတွင် တပ်ထားသည်ကို သိရန် လိုပေသည်။

စိတ်ကို ဆုံးဖြတ်ချက်ချလိုက်၏။

ဒီည ထိုကလပ်ကို သွားကြည့်ရမည်။ သို့မှသာလျှင် ကလပ်၏ အနေအထားကို အသေးစိတ် သိရပေမည်။

ကလပ်ကို မိန်းကလေးတစ်ယောက်တည်းသွားရင် ကောင်းပါ့မလားဟု တွေးလိုက်မိသည်။ ဘယ်သူ့ခေါ်သွားရ ကောင်းမလဲ။

စဉ်းစားသော်လည်း ခေါ်ရမည့်သူ မတွေ့သောကြောင့် မိမိတစ်ယောက်တည်းသာသွားရန် ဆုံးဖြတ်လိုက်သည်။

အိတ်ထဲကို စာရွက် ပြန်ထည့်လိုက်ပြီး ဆက်သွယ်ရေးရုံးရှေ့က Taxi ငှားကာ ရုံးကို ဦးတည်လိုက်သည်။

သူမ ထွက်သွားပြီး မကြာမီတွင် ဆက်သွယ်ရေးရုံးရှေ့က လူတစ်ယောက်က ခါးကြားမှ ဖုန်းကိုထုတ်ကာ နံပါတ်အချို့ကို နှိပ်လိုက်၏။

"ဟယ်လို"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ထူးသံကြားလိုက်ရသောအခါ ထိုလူမှာ ရှိရှိကျိုးကျိုး ဖြစ်သွားပြီး-

"ဆရာ. . . အခုလေးတင် သူ ဆက်သွယ်ရေးရုံးက ပြန်ထွက်သွားပါတယ်"

"သူက အဲ့ဒီမှာ ဘာလုပ်တာလဲ"

"မသိဘူး ဆရာ"

မသိရကောင်းလားဆိုပြီး တစ်ဖက်က ပြန်ဆူနေသောကြောင့် ထိုလူမှာ ပြာပြာသလဲ ဖြစ်သွားသည်။

"မင်းတို့ အသုံးကို မကျဘူး၊ ဒီကောင်မ လုပ်တာတွေက ဟုတ်ကို မဟုတ်တော့ဘူး၊ ဒီတစ်ခါ သူ့ကိုပဲ တိုက်ရိုက်သတိပေးလိုက်တော့. . . ဘယ်သူမှ မသိစေနဲ့"

သူ့ဆရာက တိုက်ရိုက်သတိပေးလိုက်ဆိုသည့် စကားကို နားလည်လိုက်သည်။

"ဟုတ်. . . ဟုတ်ကဲ့ပါ"

တစ်ဖက်မှ ဖုန်းချသွားလေသည်။

ထိုလူလည်း ဖုန်းကို ပြာပြာသလဲလဲ ပြန်ထည့်လိုက်ပြီး ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကားပေါ်ကို တက်လိုက်သည်။

■

(၅၈)

ညသည် ပိုက်ဆံရှိတဲ့သူတွေအတွက် သာယာဖို့ကောင်းနေလေသည်။

ကားကောင်း ကားသန့်များက ကလပ်ထဲသို့ တစ်စီးပြီးတစ်စီး ဝင်နေကြသည်။ ပိုက်ဆံရှိ သားသမီးများ၊ အထက်တန်းလွှာများ၏ ည ပျော်မြူးရာ သီးသန့်နေရာလေးတစ်ခုဖြစ်သည်။

မူးယစ်သောက်စားထားကြပြီး ကားကို ထင်သလို မောင်းကာ ဘေးပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ဘဲ လုပ်ချင်ရာလုပ်နေကြသည့် နေရာတစ်ခုဆိုလည်း မမှားချေ။

ကောင်မလေးတချို့ကလည်း မြင်မကောင်းအောင် မူးနေကြသည်။ ခေတ်ဆန်ဆန် ဝတ်စားထားကြပြီး လောကကြီးကို ထီမထင်သည့် မျက်နှာများဖြင့် လျှောက်နေသောသူများကိုလည်း တွေ့ရသည်။

ထိုသို့ ပုံစံအမျိုးမျိုးကို ကလပ်ထဲဝင်ခါနီးတွင် ကလပ်ပေါက်ဝက လုံခြုံရေးများက စစ်ဆေးနေတာကို တွေ့ရသည်။

လက်နက်တစ်စုံတစ်ရာ ပါ၊ မပါ စစ်ဆေးနေခြင်း ဖြစ်သည်။ ခက်ခက်ခိုင်သည် ကလပ်ကို အဝေးမှ ခဏလှမ်းကြည့်နေပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



Taxi သမားကြီးကို ပိုက်ဆံရှင်းကာ ကလပ်အတွင်းသို့ လှမ်းဝင်လိုက်သည်။

အစောင့်များက သူ့ကို ကိရိယာဖြင့် တစ်ချက်စစ်ဆေးပြီး အထဲကို ဝင်ခွင့်ပြုလိုက်သည်။

ထိုစဉ်မှာပဲ ဝင်ပေါက်ဝရှိ လုံခြုံရေးကင်မရာတစ်ခုကို လှမ်းမြင်လိုက်ရသည်။

စိတ်ထဲမှာ တစ်ချက်မှတ်ထားလိုက်ပြီး ကလပ်ထဲသို့ လှမ်းဝင်လိုက်သည်။

ဆူညံမြူးကြွစွာ ထွက်ပေါ်လာသော တီးလုံးများနှင့်အတူ ကခုန်နေကြသော ယောကျ်ားကလေး၊ မိန်းကလေးများကို တွေ့ရလေသည်။

ကလပ်ကို သူများပြောတာသာကြားဖူးပြီး တစ်ခါမှ မရောက်ဖူးသောကြောင့် အထဲက ရှုတ်ယှက်ခတ်စွာ ပြုမူနေသော ပုံစံများကို အငေးသားနဲ့ ကြည့်နေမိလေသည်။

ကောင်လေးနှစ်ယောက်က သူ့ကို လှမ်းစလေသည်။ မူးနေပုံရသည်။ ကလပ်ထဲသို့ သေချာလိုက်ကြည့်သောအခါတွင် သိသာထင်ရှားသော လုံခြုံရေး ကင်မရာများကို မတွေ့ရချေ။

မသိမသာတပ်ထားသော လုံခြုံရေးကင်မရာများ ဘယ်ထားမည်ဆိုပါက သူမ သိမည်မဟုတ်ချေ။

အမှုပုံစံအရ ကောင်မလေး၏အလောင်းကို ကလပ်အတွင်း၌



တွေ့သည်မဟုတ်သောကြောင့် လုံခြုံရေးကင်မရာရှိပါကလည်း အကျိုးထူးမည် မဟုတ်ချေ။

ထို့ကြောင့် ဆူညံနေသော ကလပ်ထဲမှ ပြန်ထွက်ပြီး ကားပါကင်နားသို့ တစ်ချက်လျှောက်ကြည့်သည်။

ကားပါကင်သည် ကျယ်ဝန်းသောကြောင့် တစ်ခုခုဖြစ်မည်ဆိုရင်တောင် ကလပ်လုံခြုံရေး လှမ်းမြင်နိုင်မည့် အနေအထားတွင် မရှိချေ။ ကားပါကင်များတွင်လည်း လုံခြုံရေး ကင်မရာများ ရှိလိုရှိငြား ရှာကြည့်နေမိသည်။

ထိုစဉ် ကားအကောင်းစားတစ်စီးက ပါကင်တစ်ခုတွင် ရပ်လိုက်ပြီး အထဲက ယောကျ်ားလေး လေးယောက် ထွက်လာကာ သူမကို လှမ်းနောက်လေ၏။

သူမလည်း မသိချင်ယောင်ဆောင်နေပြီး ကားပါကင်၏ ထောင့်များပါမကျန် စေ့စေ့စပ်စပ် လိုက်ကြည့်နေမိသည်။

မည်သည့်နေရာမှ မတွေ့ရသောကြောင့် လုံခြုံရေးကင်မရာမှာ အဝင်ပေါက်ဝတွင်သာ ရှိသည်ဟု သိရလေသည်။

ဤသို့ဆိုလျှင် အောင်ကျော်ပြောသည့် လုံခြုံရေးကင်မရာမှာ ထိုကင်မရာကို ဆိုလိုပုံရသည်။

ထိုကင်မရာထဲက အသတ်ခံရသည့်နေ့ မှတ်တမ်းကို ဆိုလိုခြင်းဖြစ်ပုံရသည်ဟု ထင်မိသည်။ ကောင်မလေးသည် ကားပါကင်၏ တစ်နေရာတွင် အသတ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝင်ပေါက်က လုံခြုံရေးကင်မရာသည် လူဝင်၊ လူထွက် စစ်ဆေးခြင်းကိုသာ မှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

မည်သည့်အတွက်ကြောင့် ထိုကင်မရာထဲက အခွေကို ဆိုလိုတာလဲ။ ကားပါကင်မှာ ဟိုလျှောက်ဒီလျှောက်လုပ်ရင်း တွေးနေမိသည်။

လက်ကနာရီကို တစ်ချက်ကြည့်လိုက်ရာ (၁၂)နာရီကျော်နေပြီဖြစ်သည်။ အိမ်က အခုချိန်လောက်ဆိုရင် စိတ်ပူနေလောက်ပြီဟု စဉ်းစားရင်း ပြန်ရန်အတွက် ပြင်လိုက်ချိန်တွင်-

"ခွပ်"

မျက်နှာကို တစ်ခုခုဖြင့် ရိုက်မိသောကြောင့် မြေကြီးပေါ်သို့ ပစ်လဲကျသွားလေသည်။

တစ်ကိုယ်လုံးထူပူပြီး မျက်လုံးများလည်း ပြာဝေသွားလေသည်။

"ခက်ခက်ခိုင်ဆိုတာ မင်းလား"

ယောက်ျားကြီးတစ်ယောက်အသံ ကြားရပြီး ခေါင်းက မူးဝေနေသောကြောင့် ချက်ချင်းမော့မကြည့်နိုင်သေးဘဲ ဖြစ်နေလေသည်။

မျက်နှာပေါ်စီးကျလာသော အရာများကြောင့် သွေးတွေဟု ချက်ချင်းသိလိုက်သည်။

လူသုံးယောက်ကို တွေ့ရလေသည်။ တစ်ယောက်၏လက်တွင် တုတ်တစ်ချောင်းကိုင်ထားပြီး သူမကို ထိုတုတ်နှင့် ရိုက်လိုက်ပုံရသည်။



"ရှင်တို့က ဘယ်သူတွေလဲ"

တုတ်ကိုင်ထားသောသူက မြေကြီးပေါ် ဒုတ်တုတ်ထိုင်လိုက်ပြီး-

"မင်းက ကိုယ့်အလုပ်မှ ကိုယ်မလုပ်တာ"

အေးစက်စက်နိုင်သောအသံကြောင့် ထိတ်လန့်သွားလေသည်။

သူမလုပ်နေသော အလုပ်နဲ့ပတ်သက်ပြီး ခြိမ်းခြောက်နေတာလား။

ဒါမှမဟုတ် လူမှားပြီး-

အတွေးမဆုံးခင်မှာပင် သူမကို လက်ပြန်တစ်ချက် ရိုက်လိုက်သည်။

"ဖြောင်း"

"အင့်"

ခေါင်းပင်မထူနိုင်ဘဲ မြေကြီးပေါ် လဲကျသွားလေသည်။

"မဆိုင်တာ ဝင်မပါနဲ့၊ နောက်ဆို ဒီထက်နာမယ်"

ထိုသို့သတိပေးပြီး ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ ထိုနေရာမှ ထွက်သွားလေ၏။

ထိုနေရာသည် ကားပါကင်၏ အစွန်ဆုံးဖြစ်သောကြောင့် ယင်းအဖြစ်အပျက်ကို သတိထားမိလိုက်သူ တစ်ဦးမှ မရှိချေ။

ခဏကြာသောအခါမှ သူမ လဲကျနေသော နေရာနားတွင် ရပ်ထားသော ကားပိုင်ရှင်စုံတွဲတစ်တွဲက လှမ်းတွေ့ပြီး လုံခြုံရေးသို့ အကြောင်းကြားလိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

"တောက်"

ဆေးရုံမှာ ပတ်တီးအဖွေးသားနဲ့ သူမကိုကြည့်ရင်း ဆရာချစ်ဦးမောင်က ဒေါသတကြီး တောက်ခေါက်လိုက်ခြင်းဖြစ်သည်။

"ဒီကောင်တွေက ဘယ်သူတွေလဲ"

"အမှောင်ထဲမှာဆိုတော့ သမီးလည်း မမှတ်မိဘူး၊ ခုနက ရဲတွေလည်း မေးလို့ အဲဒီလိုပဲ ပြောလိုက်ရတယ်"

"မိန်းကလေးတစ်ယောက်ကို ဒီလောက်ထိ လုပ်သွားစရာလားကွာ၊ ဘာအငြိုးတွေ ရှိလို့လဲ"

ဆေးရုံသီးသန့်ခန်းထဲတွင် သူမနှင့် ဆရာချစ်ဦးမောင် နှစ်ဦးထဲသာ ရှိနေလေသည်။

အဖေနှင့် အမေက အောက်ထပ်တွင် စားစရာများ သွားဝယ်နေချိန်တွင် ဆရာချစ်ဦးမောင်က ရောက်လာခြင်းဖြစ်သည်။

"ဆရာ"



"အင်း. . . ပြော သမီး"

"သမီး ထင်တာ တစ်ခုရှိတယ်"

"ဘာများလဲ"

"သမီး အခုလိုဖြစ်တာ အောင်ကျော်ရဲ့အမှုကို ပြန်ဖော်ဖို့ လုပ်တာနဲ့ သက်ဆိုင်နေတယ် ထင်တယ် ဆရာ"

"ဟင်. . . ဟုတ်လား၊ ဘာဖြစ်လို့ အဲ့ဒီလို ထင်ရတာလဲ"

"သမီးကို ရိုက်တဲ့လူတွေက မင်းက ကိုယ့်အလုပ်မှ ကိုယ်မလုပ်တာတို့ မဆိုင်တာ ဝင်မပါနဲ့၊ နောက်တစ်ခါ ဒီထက်နာမယ်ဆိုပြီး ပြောသွားတယ်"

"တောက်. . . ဒီကောင်တွေ လုပ်ချင်တိုင်း လုပ်လို့ရမလားကွာ၊ တရားဥပဒေဆိုတာ ရှိသေးတယ်လေ"

ဆရာသည် ပြောရင်း ပြောရင်း ဒေါသထွက်လာပုံရသည်။ ထို့နောက် သူမဘက် လှည့်လိုက်ပြီး-

"သမီး"

"ရှင်"

"ဒီလို အန္တရာယ်ရှိတယ်ဆိုရင် ဒီအလုပ်ကို ဆက်မလုပ်ပါနဲ့တော့"

"မရဘူးဆရာ၊ သမီးဆက်လုပ်မယ်လို့ ဆုံးဖြတ်ပြီးသွားပြီ"

ဆရာသည် သူမကိုကြည့်ပြီး နည်းနည်းတွေဝေသွားပုံရသည်။ မဖြစ်မနေလုပ်မည်ဟု ဆုံးဖြတ်ထားသော သူမ၏စိတ်ကို နိုင်မှီ

www.burmeseclassic.com

www.burmeseclassic.com



ရှိလားမသိ သက်ပြင်းကို မသိမသာချလိုက်ပြီး-

"ဒါဆို သမီး အခုက နားဖို့ လိုသေးတယ်၊ ဒီတော့ သမီး ဆက်လုပ်နေတဲ့ အလုပ်ကို ဆရာဆက်လုပ်ပေးမယ်၊ ကဲ. . . အဲ့ဒါဆို ဘယ်လိုလဲ"

တကယ်တမ်း သူမအခြေအနေသည် နှစ်ပတ်သုံးပတ်ခန့် နားရမည့် အခြေအနေ ဖြစ်နေသေးသည်။

ယခု မိမိရထားသော အချက်အလက်များကိုလည်း အချည်းအနှီး မဖြစ်လိုပေ။

ထို့ကြောင့် ဆရာပြောသည့် အကြံဉာဏ်ကို လက်ခံလိုက်လေသည်။

"ကဲ. . . ဆရာ၊ ဘယ်ကနေ စလုပ်ရမလဲ၊ ပြီးတော့ သတ်သွားတဲ့သူ ဘယ်သူလဲဆိုတာ ခန့်မှန်းလို့ ရပြီလား"

"ဆက်သွယ်ရေးက သမီးသူငယ်ချင်းဆီက ခုနကပဲ ဖုန်းရတယ်"

"အင်း"

"သေသွားတဲ့ ကောင်မလေးရဲ့ နောက်ဆုံးဖုန်းအဝင်အထွက်စာရင်းမှာ ဖုန်းနံပါတ်တစ်ခုက အဲ့ဒီနေ့ အဝင်အထွက် ခေါ်ထားတာ သေဆုံးခါနီးထိတောင် ခေါ်ထားတာ တွေ့ရတယ်တဲ့"

"ဘယ်သူ့ဆီကို ခေါ်ထားတာလဲ"

ဆရာက စိတ်ဝင်တစားနဲ့ ပြန်မေးသောကြောင့် သူမလည်း ထိတ်ထိတ်လန့်လန့်နဲ့ ပြောပြလိုက်ရလေသည်။



"ပြည်ထောင်စုဝန်ကြီးတစ်ယောက်ရဲ့ သားကိုင်တဲ့ ဖုန်းနံပါတ်ကို ခေါ်ထားတာ၊ သူ့အဖေကလည်း အခုလက်ရှိ ဝန်ကြီးဖြစ်နေသေးတယ်"

"ဟင်"

ဆရာသည် အထိတ်တလန့်ဖြစ်သွားပြီး မျက်မှန်ကိုပင် ရုတ်တရက် ဆွဲချွတ်လိုက်လေသည်။

■

www.burmeseclassic.com

## (၆၀)

"ကောင်မလေးကိုင်တဲ့ဖုန်းက ကောင်မလေးနာမည်နဲ့ ဖုန်း မဟုတ်ဘူး၊ အဲ့ဒီ ဝန်ကြီးသား အဆက်အနွယ်နဲ့ ရထားတဲ့ဖုန်းပဲ၊ ပြီးတော့ အဲ့ဒီလူသတ်မှုဖြစ်ပြီး နောက်ပိုင်း ဖုန်းအဝင်အထွက်တွေ မရှိတော့ဘဲ ယခုလက်ရှိအချိန်ထိ ဖုန်း ပိတ်ထားတယ်ဆရာ"

ဆရာသည် စိတ်လှုပ်ရှားလွန်းသောကြောင့် ဆေးရုံခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။

သူမကို တစ်ချက်ကြည့်လိုက်၊ စဉ်းစားလိုက်နဲ့ ဖြစ်နေလေသည်။

"ဆရာ. . . သမီးတို့ ဖြစ်နိုင်ပါ့မလား ဆရာ"

"မလွယ်တော့ မလွယ်ဘူး၊ ဒီပုံစံအတိုင်းဆိုရင် သမီးကို လုပ်တာလည်း သူတို့ပဲဖြစ်မယ်၊ ပြီးတော့ ဒီအမှုကိုလည်း အစကနေ အဆုံးထိ သူတို့လက်၊ သူတို့ခြေ လုပ်ခဲ့ပုံရတယ်၊ နောက်ပြီး သူ့အဖေ က အခုလက်ရှိ ဝန်ကြီးဖြစ်နေသေးတယ်"

"ဒီမှိုကရေစီရပြီပဲဆရာ. . . သူတို့လုပ်ချင်တိုင်း လုပ်လို့မှ



မရတော့တာ"

သူမအမေးကြောင့် ဆရာ့မျက်နှာမှာ မသိမသာလေး ပြုံးသွား တာကို တွေ့လိုက်ရသည်။ ထို့နောက် သူမ ခုတင်ဘေးမှာ ပြန်ထိုင် လိုက်ပြီး-

"ဆရာတို့ အခုကိစ္စ လုပ်မယ်ဆိုရင် ဆရာတို့ဆီမှာ ခိုင်လုံတဲ့ အထောက်အထားတွေ ရှိမှရမယ်သမီး"

"သမီး စဉ်းစားထားတာတွေ ရှိတယ် ဆရာ"

"ဘာတွေများလဲ"

ဆရာသည် စိတ်ဝင်စားလွန်းသောကြောင့် သူထိုင်နေသော ခုံကို ရှေ့သို့ တိုးလိုက်လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၆၁)

"ပထမဆုံး ကောင်မလေးကိုင်ခဲ့တဲ့ ဖုန်းဟာ အဲ့ဒီဝန်ကြီးသား ပေးထားတဲ့ ဖုန်းဖြစ်တဲ့အတွက် သူတို့နှစ်ယောက် ဆက်စက်မှုကို သိနိုင်တယ်ဆရာ၊ ပြီးတော့ ဖုန်း Call List၊ မသေခင် နာရီပိုင်း အလိုထိ အဲ့ဒီဖုန်းနဲ့ အပြန်အလှန် အဆက်အသွယ် ရှိသေးတာပဲ"

"ဒါဆိုရင် သူတို့နှစ်ယောက်က ဆက်စပ်နေတယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ် ဆရာ၊ သာမန်ထက်ပိုပြီး နီးကပ်ရမယ်. . . ကောင်မလေးကလည်း သမီး စုံစမ်းရသလောက် မိကောင်းဖခင် သားသမီးတစ်ယောက်ပါ၊ ရှုတ်ရှုတ်ယှက်ယှက်တွေဖြစ်တဲ့ ကောင်မလေးတစ်ယောက်လည်း မဟုတ်ပါဘူး"

"ပြီးတော့. . ."

"ပြီးတော့ ကလပ်ရဲ့ အဝင်မှာရှိတဲ့ လုံခြုံရေးကင်မရာ မှတ်တမ်းအခွေကိုရရင် အဲ့ဒီနေ့က အဖြစ်အပျက်တစ်ခုကို ရလိမ့်




မယ်ထင်တယ်"

"သူတို့က အရင်ကတည်းက ဖျောက်ဖျက်ထားမယ် ဆိုရင် ရော"

"သူတို့တွေ အဲ့ဒါကို တွေးမိပုံ မရဘူး ဆရာ၊ ဘာကြောင့်လဲ ဆိုတော့ အဲ့ဒီကင်မရာနဲ့ လူသတ်မှုဖြစ်တဲ့နေရာနဲ့က သိပ်ဝေးတယ်၊ ဒါကြောင့် အရေးပါတယ်လို့ သူတို့ ထင်မိမှာ မဟုတ်ဘူး၊ အောင်ကျော် က ဘာဖြစ်လို့ အဲ့ဒီလုံခြုံရေး ကင်မရာကို ညွှန်ခဲ့လည်း မသိဘူး၊ အဲ့ဒီမှတ်တမ်းကို ရရင်တော့ တစ်ခုခု သိရမယ်ထင်တယ် ဆရာ"

"ဟုတ်ပြီ. . . အဲ့ဒါကို ဆရာလုပ်လိုက်မယ်"

ဆရာသည် သူ့ Note စာအုပ်လေးထုတ်ပြီး လိုက်မှတ်နေ လေ၏။

"ပြီးတော့ အောင်ကျော် စာအုပ်ထဲမှာ ကိုယ်ဝန်ကို တရားရုံးက လျစ်လျူရှုထားတယ်ဆိုတော့ သေဆုံးသွားတဲ့ ကောင်မလေးမှာ ကိုယ်ဝန်ရှိမယ် ထင်တယ်ဆရာ"

"ဟင်. . ."

ဆရာသည် မှတ်စုရေးနေရင်းတန်းလန်းနှင့် ငိုင်ကျသွားလေ သည်။

"ဒါဆို ကလေးမလေးက ကိုယ်ဝန်ရှိရက်တန်းလန်းနဲ့ သေသွား တာပေါ့"

"ဟုတ်တယ် ဆရာ၊ ဒီလိုပဲ တွေးလို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်တဲ့ ကောင်ကွာ"

"သမီးထင်တာကတော့ အဲ့ဒီကိုယ်ဝန်ကိစ္စကို တရားရုံးမှာ ဖျောက်ဖျက်ထားတယ်ဆိုကတည်းက သူနဲ့ရတဲ့ ကိုယ်ဝန်ဖြစ်ဖို့ များတယ်"

"အင်း. . . ဟုတ်တယ်"

"အကယ်၍ တရားရုံးက ကိုယ်ဝန်ရှိတယ်လို့သိရင် အောင်ကျော်ရဲ့ DNA နဲ့ တိုက်စစ်ပြီး ဟုတ်မဟုတ် စစ်ဆေးမှာပဲ၊ ဒါပေမယ့် အမှုမှာ ကိုယ်ဝန်ဆိုတာ မပါဘူး၊ ဒါဆိုရင် ဆေးစစ်တဲ့ ဆရာဝန်ကို သူတို့တွေကပဲ လာဘ်ထိုးထားတာဖြစ်ရင်ဖြစ်၊ မဟုတ်ရင် တစ်ခုခုနဲ့ တားဆီးခဲ့တာ ဖြစ်မယ်ထင်တယ်"

"ခန့်မှန်းရမယ်ဆိုရင် ကောင်မလေးမှာ ဝန်ကြီးသားရဲ့ ကိုယ်ဝန်ရှိသွားလို့ ကတောက်ကဆဖြစ်ရင်း စိတ်မထိန်းနိုင်ဘဲ သတ်မိသွားတာ ထင်တယ်"

"ဒီလိုပဲ ဖြစ်မယ်ဆရာ"

"ဒါဆိုရင် အဲ့ဒီဆေးစစ်ခဲ့တဲ့ ဆရာဝန်ကို ရှာရမှာပေါ့"

"မလွယ်ဘူး ဆရာ၊ ဆယ်နှစ်ကျော်ပြီ၊ ပြီးတော့ အဲ့ဒီလို ရှာနေစဉ်မှာ ဆရာလည်း သမီးလိုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

သူမ စကားက မှန်နေသောကြောင့် ဆရာလည်း ငြိမ်နေလိုက်သည်။

"ဒါဆို ဘယ်လိုလုပ်မလဲ"



"ဖြစ်နိုင်ရင် အလောင်းကို ပြန်ဖော်ပြီး ဆေးပြန်စစ်မှရမယ်ထင်တယ်ဆရာ၊ ဒါမှ ဝန်ကြီးသားရဲ့ DNA နဲ့ တိုက်စစ်လို့ရမှာ"

"အကယ်၍ မဟုတ်ခဲ့ရင်ရော"

"သူတကယ်လုပ်ခဲ့တယ်ဆိုရင် ဘယ်အရာမှ ပြေးမလွတ်ပါဘူး ဆရာ"

ဆရာသည် သူမစကားကို ထောက်ခံသည့်အနေဖြင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

နောက်နှစ်ပတ်ခန့်ကြာသောအခါတွင် ဂျာနယ်တစ်စောင်၏ မျက်နှာဖုံး၌ပါလာသော သတင်းတစ်ခုကြောင့် လူအများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

လွန်ခဲ့သော (၁၀)နှစ်ခန့်က ဖြစ်ပွားခဲ့သော လူသတ်မှု တစ်ခုတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော ပြည်ထောင်စု ဝန်ကြီး၏သား ပါဝင်ပတ်သက်နေသည့် အထောက်အထားများ တွေ့ရှိခြင်း

----- ရက်၊ ---------လ၊ --------- ခုနှစ်။

လွန်ခဲ့သော (၁၀)နှစ်ခန့်က နိုက်ကလပ်တစ်ခုတွင် အသတ်ခံရသော ကောင်မလေးတစ်ဦး၏အမှုတွင် လက်ရှိ တာဝန် ထမ်းဆောင်နေသော ပြည်ထောင်စုဝန်ကြီးတစ်ဦး၏သား ပါဝင်ပတ်သက်နေသည့် အထောက်အထားများကို တွေ့ရှိခဲ့ရပါသည်။

အမှုကို ပြန်လည်ဖော်ပြရလျှင် လွန်ခဲ့သည့် (၁၀)နှစ်ခန့်က နိုက်ကလပ်တစ်ခုတွင် အမျိုးသမီးတစ်ဦး ဓားဒဏ်ရာဖြင့် လဲကျ သေဆုံးနေသည်ဟု သတင်းရသောကြောင့် စစ်ဆေးရာတွင် နိုက်ကလပ်၏ အိမ်သာထဲတွင် သွေးစွန်း ဓားတစ်လက်နှင့် သွေး စွန်းအကျႌတို့ကို တွေ့ရှိရသောကြောင့် ထိုဓားပေါ်ရှိ သွေးအား

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးရာတွင် ကောင်မလေး၏ သွေးအမျိုးအစားနှင့် တူညီပြီး လက်ဗွေရာမှာ နိုက်ကလပ်ရှိ လုံခြုံရေးတစ်ဦးဖြစ်သူ အောင်ကျော်၏ လက်ဗွေရာဖြစ်သောကြောင့် အောင်ကျော်အား ထောင်ဒဏ် ( )နှစ် ချမှတ်ခဲ့ပါသည်။

အောင်ကျော်မှာ အဆိုပါပြစ်ဒဏ် ကျခံနေစဉ်တွင် ထောင်ထဲ၌ ဆုံးပါးသွားခဲ့ပါသည်။

သို့သော် မမျှော်လင့်ပဲ သူထားခဲ့သည့် စာအုပ်တစ်အုပ်အတွင်းမှ သက်သေများကို စစ်ဆေးတိုက်ဆိုင်ကြည့်ရာတွင် အောင်ကျော်မှာ တကယ်သတ်သူ မဟုတ်ဘဲ အခြားသူတစ်ဦးက သူသတ်တယ်ဟုထင်အောင် ဖန်တီးထားဖြင်းဖြစ်ကြောင်း သက်သေများအရ သိရပါသည်။

စစ်ဆေးချက်များအရ သတ်သူမှာ ခေါင်းစဉ်တွင် ဖော်ပြထားသည့် ဝန်ကြီးတစ်ဦး၏သားပင် ဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါအမှုကို ပြန်လည်စစ်ဆေးနိုင်ရန်အတွက် တရားရုံးသို့ ဦးတိုက်လျှောက်ထားသွားမည်ဟုလည်း သိရပါသည်။



(၆၂)

"ကလင်. . . ကလင်"

"တီ. . . တီ. . . တီ"

တစ်ရုံးလုံး ဖုန်းသံများနှင့် ဆူညံနေလေတော့သည်။ မနက်က ထွက်ရှိသော ဂျာနယ်မျက်နှာဖုံးပါ သတင်းနှင့်ပတ်သက်၍ ဖုန်းဆက် မေးမြန်းကြခြင်း ဖြစ်သည်။

ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကောင်မလေးက ဘယ်သူလဲ စသည်ဖြင့် မေးမြန်းကြခြင်း ဖြစ်သည်။

Reception မှာ ထိုင်နေသော ကောင်မလေးကပဲ ဒိုင်ခံ ဖြေနေရလေသည်။

"ဆရာ. . . ဆရာနဲ့ ဖုန်းပြောချင်လို့တဲ့"

"ဘယ်သူလဲ"

"အရာရှိတစ်ယောက်လို့ ပြောတာပဲ ဆရာ"

"မအားသေးဘူး ပြောလိုက်ကွာ"

သတင်းထောက်ကောင်လေးက ခေါင်းကုတ်ပြီး ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ကဆိုသည့် ဖုန်းတွေလာလိမ့်မည်ဟု သူ ခန့်မှန်းပြီး ဖြစ်သည်။ မိမိဟန်းဖုန်းကိုလည်း စက်ပိတ်ထားလိုက်၏။ ဒီနေ့တော့ အိမ်ပြန်ပြီး နားလိုက်မှ ကောင်းမည်။

နှစ်ပတ်ဆက်တိုက် မအိပ်မနေ အလုပ်လုပ်ခဲ့ရသောကြောင့် အိမ်ပြန်ပြီး အနားယူရပေမည်။

ထို့ကြောင့် ရုံးတွင်တွေ့ရန် ချိန်းထားသော ရှေ့နေကိုလည်း မိမိအိမ်သို့ လာခဲ့ပေးပါရန် ပြောင်းချိန်းလိုက်သည်။

အိတ်ကိုယူကာ ရုံးခန်းထဲကထွက်ပြီး Reception ရှေ့ ခဏ ရပ်လိုက်၏။

"အရေးကြီးရင် ဆရာ့အိမ်ဖုန်းပဲ ဆက်ပါ၊ ဘယ်သူလာလာ ဆရာ ဘယ်သွားလဲ၊ မသိဘူးလို့ပြော. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ဆရာ"

ထိုသို့မှာပြီးပြီးချင်း အိမ်ကို Taxi ငှားကာ ပြန်ခဲ့လိုက်သည်။ အိမ်ရောက်ချင်းချင်း သူ့ Reception က ကောင်မလေးက ဖုန်း ဆက်သည်။

သူ့ကို လူသုံးယောက်က လာရှာတယ်တဲ့။ အဆက်အသွယ်ရရင် ဆက်သွယ်ပေးဖို့ ဖုန်းနံပါတ်နဲ့ လိပ်စာ ပြောသွားတယ် ဆရာတဲ့။

ဖုန်းနံပါတ်နဲ့ လိပ်စာကို မေးလိုက်တော့ ပြည်ထောင်စု ဝန်ကြီးဌာနတစ်ခု၏လိပ်စာ ဖြစ်နေလေသည်။

■

(၆၃)

"တောက်"

ဂျာနယ်ကို စားပွဲပေါ် ပစ်ချလိုက်သောကြောင့် ဘေးနားမှာ ရပ်ကြည့်နေသော သူများမှာ ကြောက်ရွံ့ပြီး ခေါင်းတွေငုံ့ထားကြ သည်။

"ဒီလောက် ဆုံးမထားတဲ့ကြားက လုပ်ဖြစ်အောင် လုပ်ကြသေး တယ်၊ သူတို့က ဘာတွေမို့လို့လဲ"

ဒေါသတကြီး အော်ဟစ်ပြောဆိုနေသောကြောင့် ဘယ်သူကမှ ဝင်ရောက်မပြောရဲကြချေ။

"သူတို့အဆင့်နဲ့များ ငါ့ကို လာလုပ်နေသေးတယ်၊ အဲ့ဒီ ကောင်မရော၊ အဲ့ဒီဂျာနယ်ရော သေပြီသာမှတ်"

အနီးမှာ ရပ်နေသော သူ့တပည့်များကို တစ်ချက်ကြည့်လိုက် ပြန်သည်။

"မင်းတို့ကလည်း အသုံးမကျဘူး၊ မှတ်လောက်သားလောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ဆုံးမခဲ့ရမှာ"

"ဆုံး. . . ဆုံးမခဲ့ပါတယ် ဆရာ"

"ဘာ. . . ဆုံးမခဲ့တာလဲ၊ အခု မကြောက်တဲ့အပြင် ငါ့ကိုတောင် စိန်ခေါ်နေပြီ"

ဂျာနယ်ထဲတွင် ပြည်ထောင်စုဝန်ကြီး တစ်ဦး၏သားလို့သာ ဖော်ပြထားသော်လည်း ဒီအမှုမှာ သူနဲ့သက်ဆိုင်ကြောင်း သိသဖြင့် ဒီလောက်အထိ ဒေါသပေါက်ကွဲနေခြင်း ဖြစ်သည်။

"သက်သေတွေ ရပြီတဲ့၊ ရေးထားလိုက်တာများ၊ သင်းတို့က ဘာသက်သေတွေ ရထားလို့လဲ"

သူ့တပည့်များကို မေးလိုက်သော်လည်း တစ်ယောက်မှ မဖြေနိုင်ကြချေ။ ဂျာနယ်ထဲမှာ အသေးစိတ် မဖော်ပြထားသော်လည်း သူတို့ဘက်က မိမိတို့ မသိလိုက်သော သက်သေများကို တွေ့လိုက်ရ၍သာ အခုလို ရဲရဲတင်းတင်း ရေးနိုင်ခြင်းဖြစ်ပေမည်။

ဒေါသထွက်လိုက်တာ။ တွေးရင်းတွေးရင်း ကြိတ်မနိုင် ခဲမရ ဖြစ်နေမိသည်။ (၁၀)နှစ်. . .။ (၁၀)နှစ်တောင် ကြာခဲ့တဲ့ ကိစ္စ တစ်ခုက မိမိကို ဒီလောက်အထိ ဒေါသထွက်အောင် လုပ်လိမ့်မည် ဟုလည်း ထင်မထားခဲ့ပေ။

ဘာမှမဟုတ်တဲ့ ကောင်တစ်ကောင် ထောင်ကျသွားတာကိုပဲ အရေးတကြီး ပြန်ဖော်နေရသေးသည်။

ထောင်ကျတဲ့သူကလည်း သေသွားပြီ။ သူ့ဆွေမျိုးတွေလည်း



တစ်ယောက်မှ မရှိတော့တဲ့ သေလူတစ်ယောက်ရဲ့ အမှုကို သင်းတို့က ဘာဖြစ်လို့ ပြန်ဖော်ချင်ရတာလဲ။

ငွေလိုချင်လို့လား။ ဒါမှမဟုတ် ဘာလိုချင်လို့လဲ။ ငွေလိုချင်တယ်ဆိုပါက ဒီလိုမရေးခင် လာပြီး ငွေတောင်းမှာပေါ့။

အခုတော့ ထိုသို့မဟုတ်. . .။

ဒါဆို သူတို့က ငွေလိုချင်လို့ မဟုတ်ဘူးပေါ့။

ဒါဆို အခုတစ်လော ကြားကြားနေတဲ့ အမှန်တရားအတွက် လား။

သူတို့က ဘယ်လောက်တောင် ကြီးကျယ်နေလို့ အမှန်တရား အမှန်တရားနဲ့ တတွတ်တွတ် ရွတ်ချင်ရတာလဲ။

ကောင်းပြီ. . .။ သူကလည်း သူတို့အမှန်တရားနဲ့ သူတို့ဆိုရင် ငါကရော ငါ့အမှန်တရားနဲ့ ငါဖြစ်အောင် လုပ်ရပေမည်။

စားပွဲပေါ်ရှိ ဖုန်းကို ကောက်ယူလိုက်သည်။ ဂဏန်းအချို့ကို ခပ်မြန်မြန် နှိပ်လိုက်၏။

"ဟယ်လို"

"အဖေ. . . သားပါ"

■

www.burmeseclassic.com

www.burmeseclassic.com

(၆၄)

"ခင်ဗျားအမှုက မလွယ်ဘူးနော် ကိုချစ်ဦးမောင်"

ရွှေနေက သူ့ကို ထိုသို့ပြောသောကြောင့် သူကလည်း ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်တယ်. . . ဒါပေမယ့် နိုင်ငံက ပြောင်းလဲနေပြီပဲဗျာ"

ရွှေနေက တစ်ချက်ပြုံးလိုက်သည်။

"မပြောင်းလဲသေးတဲ့ ကိစ္စတွေထဲမှာ ခင်ဗျားကိစ္စရော ပါမယ်ဆိုရင်ရော ဘယ်လိုလုပ်မလဲ"

သက်ပြင်းငွေ့ငွေ့လေးချလိုက်သည်။

"ကြိုးစားကြည့်ရမှာပေါ့ဗျာ. . . အပြောင်းအလဲက တကယ်ဖြစ်နေ၊ မဖြစ်နေဆိုတာ ကြုံဖူး၊ သိဖူး၊ တွေ့ဖူးမှပဲ ဟုတ်၊ မဟုတ် သိရမှာပေါ့"

"အင်းလေ. . . ခင်ဗျားပြောတာလည်း မှန်ပါတယ်၊ ကျုပ်





လည်း တတ်နိုင်သလောက် ကူညီပါမယ်။ ကဲ. . . ဒါဆို အမှုအကြောင်းလေး ပြန်ပြောရအောင်"

"အင်း"

သူက စားပွဲပေါ်တင်ထားသော Remote ကိုယူပြီး တီဗီကို လှမ်းဖွင့်လိုက်သည်။

တီဗီဖန်သားပြင်ပေါ်တွင် ပုံရိပ်လေးများ ပေါ်လာလေ၏။

"တရားခံ အောင်ကျော်ဟာ ကောင်မလေး သေဆုံးချိန် ပတ်လည် (၁)နာရီဟုဆိုတဲ့ အချိန်အတောအတွင်းမှာ ကလပ်ရဲ့ ဂိတ်ပေါက်ဝမှာ လုံခြုံရေးစစ်ဆေးနေတယ်ဆိုတာ ဒီအခွေနဲ့ သက်သေပြလို့ရတယ်"

"ဟုတ်ပြီ. . . ဒါက အားကိုးရတဲ့ သက်သေတစ်ခု ဖြစ်လာနိုင်တယ်။ နောက်တစ်ခုက. . ."

ဟုဆိုပြီး ရွှေနေက သူ့ဖိုင်ကို တစ်ချက်ကြည့်လိုက်သည်။

"အမှုထဲမှာ သတ်တဲ့ဓားပေါ်မှာ သူ့လက်ဗွေရာ တွေ့တယ်ဆိုတာကရော ဘယ်လို သက်သေပြမလဲ"

သူက Remote ကိုယူပြီး အခွေကို ရှေ့နည်းနည်း ပြန်ရစ်လိုက်သည်။ ထို့နောက် တစ်နေရာအရောက်တွင် ရပ်လိုက်၏။

"ဒီမှာတွေ့လား. . . အောင်ကျော်က လူတစ်ယောက် ဓားပါလာလို့ သူ့ဆီက ဓားယူသိမ်းနေတာ"

"အင်း. . . တွေ့တယ်"

"ပြီးတော့ ဓားပါလာတဲ့လူကို သေချာကြည့်ပြီး"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး Zoom ဆွဲပြလိုက်သည်။

"ဟင်. . . ဒါ ဝန်ကြီးရဲ့သားပဲ"

"ဟုတ်တယ်. . . ဝန်ကြီးရဲ့သားက ကလပ်ထဲကို ဓားယူလာတဲ့အတွက် အပေါက်ဝမှာ အောင်ကျော်က သိမ်းလိုက်တာ၊ ဒါကြောင့် ဓားပေါ်မှာ အောင်ကျော် လက်ဗွေရာတွေ ပါနေတာ"

"ဟာ သိပ်ကောင်းတဲ့ လှျောက်လဲချက်ဗျာ"

ရွှေနေက သဘောကျပြီး ရင်းကျနေသည်။

"ယူဆလို့ရတာက ဝန်ကြီးသားဟာ သူ့ကားထဲမှာပါတဲ့ ဓားနောက်တစ်ချောင်းနဲ့ ကောင်မလေးကို သတ်လိုက်ပုံရတယ်"

"အင်း"

"ပြီးတော့မှ အောင်ကျော် သိမ်းထားတဲ့ ဓားပေါ်ကို သွေးတွေရှိအောင်လုပ်ပြီး သူသတ်တယ်ထင်အောင် လုပ်တာပဲ"

"သွေးစွန်းနေတဲ့ အင်္ကျီကရောဗျ"

"ကျုပ် ကလပ်ကိုရောက်တော့ ယောကျ်ားလေး အိမ်သာထဲမှာ လုံခြုံရေးတွေရဲ့ အဝတ်အစားတွေ လှမ်းထားတာ တွေ့တယ်၊ ဒါကြောင့် လုံခြုံရေး အဝတ်တစ်ခုကိုယူပြီး တရားရုံးမှာ အောင်ကျော် အင်္ကျီပါလို့ သက်သေထွက်လည်း ရတာပဲ"

"ဒီလိုလုပ်ဖို့ဆိုတာ ကလပ်ပိုင်ရှင်လည်း ပါမှရမှာဗျ"

"သူတို့က အာဏာရှင်တွေလေဗျာ၊ ဘာမဆို လုပ်လို့ရတာပဲ"

"အင်း. . . ဟုတ်တယ်ဗျ၊ လွန်ခဲ့တဲ့ ဆယ်နှစ်၊ လွန်ခဲ့တဲ့



ဆယ်နှစ်. . . နေပါဦး၊ နောက်ပြီး ခင်ဗျားက အလောင်းပြန်ဖော်ပြီး DNA စစ်ချင်တယ်လို့ ပြောထားတယ် မှတ်လား"

"ဟုတ်တယ်၊ အမှုပိုသေချာအောင်လို့ပါ"

ရွှေနေက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကျွန်တော်တို့ ဒီအမှုကို ပြန်ဖွင့်ရအောင် လုပ်ဖို့ဆိုရင် တရားသူကြီး သဘောတူမှ ရမှာဗျ"

"ဒီတော့. . . "

"သူ့ကို ဒီသက်သေတွေ ပြပြီး အမှုပြန်ဖွင့်ပေးအောင် အရင်လုပ်ရမှာ"

"ဒါကတော့ ခင်ဗျား သဘောပါပဲ၊ ကျုပ်လည်း နားမလည်ဘူး"

ဤတွင် ချစ်ဦးမောင်မှာ အရေးကြီးတာကို သတိရသွားပြီး-

"နေဦးဗျ. . . ခင်ဗျားကို အရေးကြီးတာ ပြရဦးမယ်"

"ဘာများလဲ"

အခွေကို နည်းနည်းပြန်ရစ်လိုက်သည်။ တစ်နေရာအရောက်တွင် ရပ်လိုက်သည်။

စုံတွဲတစ်တွဲ ကလပ်အပေါက်ဝမှ ပြန်ထွက်နေပုံဖြစ်သည်။

"ဝန်ကြီးသားက ဝင်လာတုန်းက ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ဖြစ်ပြီး ပြန်ထွက်သွားတော့ ကောင်မလေးတစ်ယောက်နဲ့ ပြန်ထွက်သွားတယ်၊ အချိန်ကလည်း လူသတ်မှုမဖြစ်ခင် နာရီဝက်အလိုကဗျ"

www.burmeseclassic.com

www.burmeseclassic.com



"တောင်မလေးက ဘယ်သူလဲဗျ"

"အသတ်ခံရတဲ့ မေဟာန်ဆိုတဲ့ ကောင်မလေးလေ"

"ဟင်"

■

ဒီတစ်ခါ

သင်းတို့ ခပ်ကြီးကြီးတွေ

ဘယ်ပြေးလွတ်မလဲ

www.burmeseclassic.com

www.burmeseclassic.com

(၆၅)

တရားသူကြီး ဦးကျော်စွာသည် မိမိအလုပ်စားပွဲပေါ်တွင် ရှိနေသော သက်သေများနှင့် အမှုသွားလာမှုများကို ရေးထားသည့် အစီအရင်ခံစာကို တစ်ချက်ကြည့်လိုက်သည်။

အမှုမှာ ပြီးခဲ့သည့်တစ်ပတ်က ဂျာနယ်တစ်စောင်တွင်ပါသော ပြည်ထောင်စုဝန်ကြီးတစ်ဦးသားကို လူသတ်မှုဖြင့် စွပ်စွဲထားသည့် အမှု ဖြစ်သည်။

ထိုအမှုကို အမှုပြန်လည်ဖွင့်ရေးအတွက် သက်သေများနှင့် အတူ လာရောက်တင်ပြထားခြင်း ဖြစ်သည်။

စစ်ဆေးချက်အရ အမှုပြန်လည်ဖွင့်ဖို့ တောင်းဆိုထားသော သူများ၏ သက်သေများမှာ ခိုင်လုံလှသည်။

ထို့ဖြင့် စွပ်စွဲထားချက်များမှာလည်း မှန်ကန်လုနီးပါး ရှိနေသည်။ သို့သော် ဖြစ်နေတာက သာမန်အမှုမဟုတ်ဘဲ လွန်ခဲ့သည့် (၁၀)နှစ်က ဖြစ်သည့် အမှုဖြစ်သည့်အပြင် ပြည်ထောင်စုဝန်ကြီး

တစ်ဦး၏ သားတစ်ဦးလည်း ဖြစ်နေသည်။

ဦးကျော်စွာမှာ ထိုင်ခုံမှထပြီး အနီးရှိ စားပွဲပေါ်က ရေကရား အိုးထဲရှိ ရေများကို ဖန်ခွက်ထဲငှဲ့ပြီး တစ်ကျိုက်မော့သောက်လိုက် သည်။

ဖန်ခွက်ကို ပြန်ချထားလိုက်ရင်း ဘေးနားက မိသားစုဓာတ်ပုံ ကို တစ်ချက်ကြည့်မိသည်။

သူ့သား ဗိုလ်သင်တန်းကျောင်းဆင်းတုန်းက ရိုက်ထားသည့် ဓာတ်ပုံဖြစ်သည်။

လွန်ခဲ့သည့် ရှစ်နှစ်ခန့်က ရိုက်ထားသော်လည်း မနေ့တစ်နေ့ က ရိုက်ထားသည့်အလား ဆေးသားများမှာ သစ်လွင်နေသည်။

“ဟင်း”

သက်ပြင်းချပြီး အလုပ်စားပွဲမှာ ဝင်ထိုင်ရပြန်သည်။ အခြား မည်သည့်အမှုမှ မစဉ်းစားနိုင်ဘဲ မိမိရှေ့တွင် ရောက်နေသောအမှု ကိုသာ မည်သို့မည်ပုံ ဆုံးဖြတ်ရမှန်းမသိ၍ စိတ်အိုက်နေလေသည်။

အမှန်တရား. . .။ ထိုအမှန်တရားသည် ပင်စင်ယူခါနီးပြီဖြစ်သော မိမိဘဝကို ထိခိုက်သွားစေနိုင်သလား။

“ဒေါက်. . . ဒေါက်”

“အေး. . . ဝင်ခဲ့”

အခန်းရှေ့ရှိ သူ့စာရေးမလေးက ခေါင်းကလေးပြူပြီး ဝင် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... ဖုန်းလာနေတယ်"

"ဘယ်သူတဲ့လဲ"

".......ဝန်ကြီးတဲ့ ဆရာ"

"ဟေ... အေး၊ လွှဲပေးလိုက်"

သူ ခန့်မှန်းထားသည့်အတိုင်းပင် သူ့ဆီကို ဖုန်းလာနေပြီ ဖြစ်သည်။

"ဟယ်လို"

"........."

"ဟုတ်ကဲ့"

"........."

"ဟုတ်ကဲ့ပါ"

"........"

"ကျွန်တော့်ဆီ ရောက်နေပါပြီ"

".........."

"ဟုတ်ကဲ့"

"..........."

"ဟုတ်ကဲ့"

".........."

".........."

"..........."



ခဏကြာသောအခါတွင် တစ်ဖက်မှ ဖုန်းချသွားသော်လည်း ဦးကျော်စွာမှာ အတော်ကြာသည်အထိ ဖုန်းကိုင်ထားနေမိသည်။

ဘယ်လိုလုပ်ရမလဲ။

အမှန်တရားဘက်ကို လိုက်မလား။

ဘဝနေဝင်ချိန်ကို ကောင်းကောင်း ဖြတ်သန်းမလား။

စိတ်ရှုတ်ထွေးစွာနဲ့ ဖုန်းကို ပြန်ချလိုက်သည်။ ဒီမိုကရေစီနိုင်ငံ ဖြစ်နေပြီဖြစ်သောကြောင့် တစ်ခုခု ဘက်လိုက်ခဲ့ပါက သူ့ကို ဝိုင်းအော်ကြမလား။

ဒါကိုလည်း တွေးပူကြောက်နေရသည်။

"တီ... တီ... တီ"

သူ့ရဲ့လက်ကိုင်ဖုန်း မြည်လာခြင်းဖြစ်သည်။

စိတ်ညစ်ညစ်နဲ့ပဲ ဖုန်းကို ကောက်ကိုင်လိုက်ရသည်။

"အဖေ... သားပါ"

"အာ... သားကြီး ဘယ်က ဆက်နေတာလဲ"

"တပ်ထဲက ဆက်နေတာ... အဖေ့ကို ပြောစရာ ရှိလို့"

"ဘာများလဲ"

"သား ရာထူးတိုးပြီး နယ်ပြောင်းရမယ်... အဲ့ဒါ အဖေ ဝမ်းသာအောင်လို့ သားပြောပြတာ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၆၆)

တရားရုံးထဲတွင် တိုးတိုးတိုးတိုးအသံများဖြင့် ဆူညံနေလေသည်။ ယနေ့သည် ------------ တရားရုံးတွင် ----------ဂျာနယ်၏ အမှုပြန်ဖွင့်ရန် လျှောက်ထားချက်အား ကြားနာမည် ဖြစ်သည်။

တရားခွင်တွင် လာနားထောင်မည့်သူများ၊ ရှေ့နေများ၊ အမည်မသိ ပုဂ္ဂိုလ်များနှင့်အတူ တရားရုံးစာရေးမ၏ လက်နှိပ်စက် ရိုက်သံတစ်ဂျောက်ဂျောက်ကိုလည်း ကြားနေရလေသည်။

ရှေ့ဘက်တွင်တော့ ဆရာချစ်ဦးမောင်၊ ခက်ခက်ခိုင်နှင့် သူတို့၏ရှေ့နေ ဦးသာမောင်တို့ ထိုင်နေကြ၏။

သူတို့၏ မျက်နှာပေါ်တွင်တော့ စိတ်လှုပ်ရှားနေသည့် အရိပ်အရောင်များက အထင်းသား ပေါ်နေလေသည်။

တစ်ချက်၊ တစ်ချက် တရားရုံးက လူများကိုလည်း လှည့်လှည့်ကြည့်မိသည်။

"ဆရာ. . . သူတို့ဆီကလူတွေ ဒီထဲမှာ ရောက်နေလား မသိ



ဘူးနော်"

ခက်ခက်ခိုင်က သူ့ဆရာကို တိုးတိုးလေး ကပ်ပြောလိုက်သည်။

"ရောက်နေမှာပေ့ါ၊ မရောက်ဘဲနေမလား၊ အမှုပြန်ဖွင့်လို့ ဆင့်ခေါ်ရင် သူတို့ဆရာကိုယ်တိုင် လာရမှာပေ့ါ"

"သမီးတောင် စိတ်လှုပ်ရှားနေတယ်"

"မပူပါနဲ့၊ အဆင်ပြေသွားမှာပါ"

ဆရာက အားပေးစကားဆိုသည်။

ခဏအကြာတွင် တရားရုံးစာရေး၏ တရားသူကြီး ရောက်လာပြီးဖြစ်ကြောင်း အော်ဟစ်သံကို ကြားရသည်။

အားလုံး မတ်တတ်ရပ်ပြီး တရားသူကြီးကို နှုတ်ဆက်ရသည်။ တရားသူကြီးမှာ အေးဆေးတည်ငြိမ်စွာနှင့် စင်မြင့်ခုံပေါ်တွင် ဝင်ထိုင်လိုက်၏။

ထို့နောက် မျက်မှန်ကိုတပ်ကာ အသင့်ယူဆောင်လာသော အိတ်ကို ဖွင့်ဖောက်လိုက်၏။

ပရိသတ်ဘက် တစ်ချက်ကြည့်လိုက်ပြီးနောက်-

"-------- တိုင်းဒေသကြီး၊ ------ မြို့နယ်၊ -------- တလပ်တွင် လွန်ခဲ့သည့် (၁၀)နှစ်ခန့်က ဖြစ်ပွားသော အမှုကို သက်သေအထောက်အထားသစ်များဖြင့် အမှု ပြန်လည်ဖွင့်လှစ်ရန် လျှောက်ထားခဲ့သည့်ကိစ္စဖြစ်သည်။

ထိုအမှုကို ပြန်လည်ဖွင့်လှစ်ရန်အတွက် သက်ဆိုင်ရာ ရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com



တ တင်ပြထားသည့် အမှုသွားအမှုလာနှင့် သက်သေများကို စိစစ် ရာတွင် အောက်ပါအတိုင်း ကွဲလွဲချက်ရှိသည်ကို စစ်ဆေး တွေ့ရှိရ ပါသည်။

(၁) တင်ပြထားသော အခွေတွင် ပြည်ထောင်စု ဝန်ကြီးသားဟု စွပ်စွဲထားသည့် ပုံရိပ်မပါခြင်း။

"ဟင်. . ."

ချစ်ဦးမောင်က ရုတ်တရက် ထပြောမည်ပြုသည့်အခါတွင် ရွှေနေက သူ့ပခုံးကို အတင်းဖိထားလိုက်၏။

"ငြိမ်ငြိမ်နေလိုက်တာ အကောင်းဆုံးဖြစ်မှာပါ"

"ဘာဖြစ်လို့လဲဗျ၊ ကျွန်တော်တို့ ပေးတုန်းက ပါနေတာပဲလေ"

"ခင်ဗျား အခု အပြောင်းအလဲကို မြင်ပြီမှတ်လား"

သူ၏လက်များ တဆတ်ဆတ် တုန်နေလေသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး၏သား ရွှေနေက သူ၏ အမှုသည်သည် ယင်းနေ့ညက လူကြီးတစ်ဦး ၏သား မင်္ဂလာဆောင်တွင် ရှိနေသည်ဟု သက်သေ ပြနိုင်ခြင်း၊ လိုအပ်ပါက ထိုလူကြီးပါ သက်သေ ခံနိုင်ခြင်း။

ခက်ခက်ခိုင်က အိခနဲ ငိုချလိုက်လေသည်။



(၂) တရားခံ အောင်ကျော်သည် ထိုနေ့က ဓားကို သိမ်းလိုက်သည် ဆိုသည့် မြင်ကွင်း မပါဝင်ခြင်း။

"ဒါ တမင်သက်သက် ဖျက်ပစ်တာဗျ၊ သက်သေဖျောက်ဖျက် တာ"

ရွှေနေက သူ့ကို အတင်းတားနေလေသည်။

"စိတ်လျှော့ပါ ကိုချစ်ဦးမောင်၊ စိတ်မလျှော့ရင် ခင်ဗျား အပေါ်ပါ အမှုပြန်ပတ်လာနိုင်တယ်"

"ပတ်ပတ်ဗျာ"

ကျယ်ကျယ်ပြော၍လို့မရ၍ တိုးတိုးတိတ်တိတ် ဒေါသဖြစ်နေ ရလေသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

တရားသူကြီး ဘာတွေ ပြောနေမှန်း မသိတော့။ မိမိတို့ ထင် ထားသည်နှင့်ကွဲအောင် ပြုလုပ်နေသော ဖတ်ကြားချက်များကို ကြား သည်း မကြားချင်တော့။ သူမ မျက်ဝန်းက မျက်ရည်များကို

www.burmeseclassic.com

www.burmeseclassic.com



သုတ်ဝစ်လိုက်သည်။

"ဆံရာ"

တိုးတိုးလေး ခေါ်လိုက်သည်။

"ဘာလဲ"

"သမီးတို့ဆီမှာ ကော်ပီတစ်ခုရှိနေသေးတာပဲ၊ အခြား တရားရုံးမှာ ကြိုးစားကြည့်ရင်ရော"

**သို့ဖြစ်ပါ၍ အမှုပြန်ဖွင့်ရန် တင်ပြခဲ့သော ကိစ္စကို တရားရုံး မှ ပလပ်လိုက်သည်။ ထို့ပြင် တရားရုံး၏ ထင်မြင်မှုမပါဘဲ တစ်ဖက်သတ် ရေးသားခဲ့သော စွပ်စွဲမှုကြောင့် ပြန်ထောင်စုဝန်ကြီးသား --------- ဘက်မှနေ၍ တရားပြန်စွဲလိုက စွဲနိုင်သည်။**

တရားသူကြီးသည် စာရွက်ကို ပြန်ခေါက်လိုက်၏။ တရားရုံးအတွင်း တစ်ယောက်တစ်မျိုး ထင်မြင်ရာ ပြောနေကြသော ဆူညံသံများသည် ပို၍ ကျယ်လောင်လာလေ၏။

"ပြန်လည်တရားစွဲဆိုမည်ဆိုပါက တစ်ပတ်အတွင်း ရုံးတော်ကို လျှောက်ထားစေ"

"ဒုန်း"

တရားသူကြီးမှာ ပြန်ထွက်ရန် မတ်တတ်ရပ်လိုက်သောကြောင့်



ချစ်ဦးမောင်နှင့် ခက်ခက်ခိုင်မှာလည်း မရပ်ချင်ဘဲ ရပ်လိုက်ရသည်။

တရားသူကြီး ပြန်ထွက်သွားပြီး ခဏအကြာတွင် သူတို့ကို စူးစူးစိုက်စိုက်ကြည့်နေသော လူသုံးယောက်ကို တွေ့လိုက်ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

တစ်လခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

# (၆၇)

ခနိမိုး၊ ထရံကာနှင့် ဝါးလုံးတစ်ချောင်း ထောက်ထားသော အိမ်လေးတစ်လုံးရှေ့တွင် အမျိုးသမီးတစ်ဦး မတ်တတ်ရပ်နေလေ၏။

ထိုအိမ်ရှေ့ရှိ သရက်ပင်မှာလည်း သရက်သီးများ သီးနေပြီဖြစ်သည်။ ရပ်နေသော ကောင်မလေး၏ မျက်ဝန်းမှာလည်း မျက်ရည်များ စိုနေလေ၏။ သူမ၏ နှုတ်ခမ်းက တတွတ်တွတ် ရွတ်နေသံကိုလည်း သရက်ပင်မှလွဲ၍ မည်သူမျှ မကြားနိုင်ချေ။

သမီးကို ခွင့်လွှတ်ပါ။ အမှန်တရားစစ်စစ်တစ်ခုဖြစ်လာဖို့အတွက် အချိန်အခါကောင်း မဟုတ်သေးတာကြောင့် သမီးလက်ထဲမှာရှိတဲ့ အဘွားသားရဲ့ အမှန်တရားတွေကို သမီး သိမ်းထားလိုက်ပါ့မယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်၊ တကယ်လို့ အားလုံးဟာ စစ်စစ်မှန်မှန် ပြောင်းလဲလာတဲ့တစ်နေ့ သမီး အဲ့ဒီအရာတွေကို အသုံးပြုမှာပါ အဘွား။

အခုတော့ အဘွားအတွက် သမီး ဘာမှ မလုပ်နိုင်တဲ့အတွက်



သမီးကို ခွင့်လွှတ်ဖို့ လာတောင်းပန်တာပါ။

အဘွားတို့သားအမိအတွက်လည်း မနက်ဖြန်ကျရင် အလှူ အတန်းလုပ်ဖို့ ရှိပါတယ်။

အဘွားတို့ မိသားစု လာခဲ့ဖို့လည်း သမီးဖိတ်ပါတယ်။ အဘွားမှာ သူတို့လို အင်အားမရှိပေမယ့် အဘွားတတ်နိုင်သလောက် လုပ်ပေးခဲ့ပြီးဖြစ်တဲ့အတွက် အဘွားသားလည်း ကျေနပ်မှာပါ။

အဘွားတို့မိသားစုလည်း နောင်ဘဝမှာ လူပြန်ဖြစ်ခဲ့မယ်ဆိုရင်လည်း အမှန်တရားကို ပြောပြလို့ရတဲ့ တိုင်းပြည်မှာ လူဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

တကယ်တော့ သမီးကို အဘွား အိပ်မက်ပေးတဲ့အချိန်က စောနေပါသေးတယ်။

အားလုံးက ဒီအပြောင်းအလဲတွေဟာ အိပ်မက်လို့ ထင်နေပြီး တစ်ချိန်ချိန်မှာ နိုးထလာမှာကို ကြောက်နေရတဲ့ အချိန်မှာ အဘွားက သမီးကို တကယ့်အိပ်မက် လာပေးခဲ့တာပါ။

ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ တကယ့်အပြောင်းအလဲတွေ ဖြစ်ပေါ်ပါစေလို့ သမီး ဆုတောင်းနေပါတယ်။

အဲ့ဒီအခါကျမှသာ သမီးအိပ်မက်ထဲကို တစ်ခေါက်လာခဲ့ပါဦး အဘွား။

အဘွားတို့မိသားစု ကောင်းရာသုဂတိလားပါစေ. . .။

■

www.burmeseclassic.com

www.burmeseclassic.com


နောက်သုံးလခန့်ကြာသောအခါတွင်
ဂျာနယ်တစ်စောင်၌ တစ်ဖက်ပါ
သတင်းတစ်ပုဒ် ပါလာလေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုဝန်ကြီးတစ်ဦး၏သား ယာဉ်တိုက်မှုဖြစ်ကာ ပွဲချင်းပြီးသေဆုံး



လေးစားစွာဖြင့်

လူနေ



၁။ သခင်ပညာဒါနကို ခေါက်သိမ်းထားပြီး မစ္စတာရှစ်နှင့် ကိုအုန်းတို့သည် ပညာရေးဝန်ကြီး အစရှိသော ပညာပိုင်း အရာရှိတို့နှင့် ဈေးဆစ်သောဝါဒ၊ လျှပ်ပေါ်သောလျှာတို့ဖြင့် ပေးသမျှ ကတိကို ယုံကြည်သောဝါဒ (ဝါ) ခယဝယဝါဒသို့ ကူးပြောင်းသွားခြင်းဖြင့် သပိတ်ကို လှန်ပစ်လိုက်ကြလေသည်။

သိန်းဖေမြင့်

သပိတ်မှောက်ကျောင်းသားဝတ္ထုမှ

၂။ Trying to be too friendly or polite:

မျက်နှာချိုသွေးလွန်းသည်။ ခယဝယ လုပ်သည်။ ကညသည်။

www.planet.com.mm / dictionary

၃။ ကျွန်စိတ်

လူတွေ့တိုင်း ဆရာခေါ်တဲ့အကျင့်ဖြစ်နေသူနဲ့ ပတ်သက်တာတာ

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်ပါ။ ဆေးရုံက ဒရဝမ်ကိုတောင် ဆရာခေါ်တဲ့အကျင့် ဖြစ်နေသူဟာ ဘယ်သူတွေ့တွေ့ ဆရာခေါ်လိုက်မှာပဲ။ ကြာရင် လူတိုင်းဟာ ကြောက်ရမယ့်လူ ‘ခယဝယ’လုပ်ရမယ့်လူလို့ချည်း ထင်မှတ်ပြီး အလိုလိုနေရင်း ‘သိမ်ငယ်စိတ်’ (inferiorty Complex) တွေ ဝင်လာတတ်ပါတယ်။ သိပ်ငယ်စိတ်ဝင်လာတာနဲ့တစ်ပြိုင်နက် ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စတွေပါ အလိုလိုကျဆင်းသွားလေ့ ရှိပါတယ်။ ကျွန်စိတ်ဆိုတာ သိမ်ငယ်စိတ်က ပေါက်ဖွားလာတာ ဖြစ်ပါတယ်။

(ဆရာလူထုစိန်ဝင်းရဲ့ ‘လူကိုလူလို လေးစားခြင်းဟာ ယဉ်ကျေးမှု’ဟူသည့် ဆောင်းပါးမှ ကောက်နုတ်ချက်။)

BURMESE CLASSIC .com

www.burmeseclassic.com